မန္တနာ။ ယဉ္စေတံ ဣတိ စိတိ စာတိ ယဉ္စ _ တေ ဣဒါနိ
မမ ပဟာရဏောကာသံ ပရိယေသန်။ ဣဒံ ဝုတ္တံ ဟောတိ__
တာတ — ကုမာရ ယာ___ သော တဝ အတ္တနော ဥပဋ္ဌာကေဟိ
သဒ္ဓိ ဥယျာနေ စ ဂါမေ စ နိကဏ္ဌိကာ— မန္တနာ၊ ယဉ္စေတံ
ဣဒါနိ မမ မာရဏတ္ထာယ ဣတိ — စိတိ စ ကုရဏာ၊
တေမ္မွ — သဗ္ဗ မယာ ဉာတန္တိ။

ကုမာရော "ဇာနာတိ မေ ဝေရိဘာဝံ ပိတာ"တိ
တတော ပလာယိတွာ ဥပဋ္ဌာကာနံ အာရောစေသိ။ တေ
သတ္တဋ္ဌ — ဒဝသေ အတိက္ကမိတွာ "ကုမာရ နု တေ ပိတာ၊
ဝေရိဘာဝံ ဇာနာတိ၊ တက္ကမတ္ထေန တုံ ဧဝံသညီ အဟောသိ၊
မာရေဟိ နံ ခိပ္ပံ ဝဒိသု။ သော ကေဒိဝသံ ခဂ္ဂံ ဂဟေတွာ
သောပါနမတ္ထကေ ဂဇ္ဇဒ္ဓိရေ အဋ္ဌာသိ။ ရာဇာ သောပါနမတ္ထကေ
ဌိတောတိ တတိယံ — ဂါထမာဟ__

ဒါဂဂါ။ ဓမ္မေန ကိရ ဇာတသ္သ၊ ပိတာ ပုတ္တသ္သ မက္ခဒ္ဓော။
ဒဟရသ္သေဝ သန္တသ္သ၊ ဒန္ဓေဟိ ဖလမစ္ဆိဒါ"တိ။

http://www.dhammadownload.com

တတ္ထ ဓမ္မေနာတိ သဘာဝေန။ ပိတာ ပုတ္တဿ မဏ္ဍနော တိ ပိတာ မဏ္ဍနော ပုတ္တဿ မဏ္ဍနပေါတကဿ။ ဣဒံ ဝုတ္တံ ဟောတိ — ယထာ အရညေ ဇာတော မဏ္ဍနော အတ္တနော ယူထပရိဟရဏံ အာသင်္ကန္တော တရုဏဿ မဏ္ဍနပေါတကဿ ဒန္တေဟိ ဖလံ ဆိန္ဒိတွာ ပုရိသဘာဝံ နာသေတိ၊ တထာ တဝ အတိရဇ္ဇကာမဿ ဖလာနိ ဥပ္ပါဋာပေတွာ ပုရိသဘာဝံ နာသေဿာမီတိ။

ကုမာရော "ဂစ္ဆာပေတုကာမော မံ ပိတာ"တိ ဘီတော ပလာယိတွာ "ပိတရာမို့ သန္တဇ္ဇိတော"တိ ဥပဋ္ဌာကာနံ အာရောစေသိ။ တေ အမုမာသမတ္တေ ဝိတိဝတ္တေ "ကုမာရ သစေ ရာဇာ ဇာနေယျ၊ ဧတ္တကံ — ကာလံ နာဓိဝါသေယျ၊ တက္ကမတ္တေန တယာ ကထိတံ၊ မာရေဟိ နံ"တိ ဩဝဒိသု။ သော ကေဒိဝသံ ခဂ္ဂံ ဂဟေတွာ ဥပရိပါသာဒေ သိရိသယနံ ပဝိသိတွာ "အာဂစ္ဆန္တမေဝ နံ မာရေဿာမီ"တိ ဟေဋ္ဌာပသ္သုကေ နိသီဒိ။ ရာဇာ ဘုတ္တသာယမာသော ပရိဇနံ ဥယ္ယောဇေတွာ "နိပဇ္ဇိဿာမီ"တိ သိရိဂဗ္ဘံ ပဝိသန္တော ဥမ္မာရေ ဌတွာ စတုတ္ထံ — ဂါထမာဟ —

http://www.dhammadownload.com

၁၅၂။ ယမေတံ – ပရိသပ္ပသိ၊ အဇကာဇောဝ သာသပေ။

ယောပါယံ ဟေဋ္ဌတော သေတိ၊ ဧတမ္ဖိ ဝိဒိတံ မယာ တိ။

တတ္ထ ပရိသပ္ပသီတိ ဘယေန ကမ္ပတော စိတော စ သပ္ပသိ။ သာသပေတိ သာသပဝဏ္ဏော။ ယောပါယန္တိ ယောပိ အယံ။ ကမ္ဗံ ဝုတ္တံ ဟောတိ – ယမ္ဖိ ဧတံ တံ သာသပဝဏ္ဏံ ပဝိဋ္ဌကာဇာဇဋ္ဌကော – ဝိယ ဘယေန ကမ္ပတော စိတော စ သဉ္ဉသပ္ပသိ၊ ပဌမံ ဝိသံ ဂဟေတ္ဝာ အာဂတောသိ၊ ဒုတိယံ ခဠေန ပဟရိတုကာမော ဟုတ္ဝာ အာဂတောသိ၊ တတိယံ ခဂ္ဂံ အာဒါယ သောပါနမတ္ထကေ အဋ္ဌာသိ။ ကဒါနိ မံ "မာရေသာမိ တိ ဟေဋ္ဌာသယနေ နိပန္နောသိ၊ သဗ္ဗမေတံ ဇာနာမိ၊ နံ တံ ကဒါနိ ဝိဿဇ္ဇေမိ၊ ဂဟေတ္ဝာ ရာဇာဏံ ကာရာပေဿာမီတိ။ ဧဝံ တဿ အဇာနန္တဿေဝ သာ – သာ – ဂါထာ တံ – တ – အတ္ထံ ဒီပေတိ။

ကုမာရော ဉာတောမှိ ပိတရာ၊ ကဒါနိ မံ နာဿေသိ တိ တိ ဘယပ္ပတ္တော ဟေဋ္ဌာသယနာ နိက္ခမိတ္ဝာ ခဂ္ဂံ ရညော ပါဒမူလေ ဆဍ္ဍေတ္ဝာ ခမာဟိ မေ ဒေဝါ တိ ပါဒမူလေ ဥရေန နိပတိ။ ရာဇာ "နံ မယ္ဟံ ကောစိ ကမ္ပ

http://www.dhammadownload.com

ဇာနာတိတိ တွံ စိန္တေသိ၊ တိ တံ တဇ္ဇေတွာ သဒ္ဒလိကဗန္ဓနေန
ဗန္ဓာပေတွာ ဗန္ဓနာဂါရေ ပဝေသာပေတွာ အာရက္ခံ ဌပေသိ။
တဒါ ရာဇာ ဗောဓိသတ္တဿ ဂုဏေ သလ္လက္ခေသိ။ သော
အပရဘာဂေ ကာလမကာသိ၊ တဿ သရီရကိစ္စံ ကတွာ
ကုမာရံ ဗန္ဓနာဂါရာ နီဟရိတွာ ရဇ္ဇေ ပတိဋ္ဌာပေသုံ။

သတ္ထာ ဣမံ — ဓမ္မဒေသနံ အာဟရိတွာ ဇာတကံ
သမောဓာနေသိ "တဒါ တဏ္ဍုလကုမာရီ ဒိသာပါမောက္ခာ
အာစရိယော အဟမေဝ အဟောသိ"န္တိ။

ထုသဇာတကဝဏ္ဏနာ အဋ္ဌမာ။

. . . . . .

၉-ဗာဝေရုဇာတကဝဏ္ဏနာ (၃၃၉)

အဒဿနေန မောရဿာတိ — ဣဒံ သတ္ထာ ဇေတဝနေ
ဝိဟရန္တော ဟတလာဘသက္ကာရေ တိတ္ထိယေ အာရဗ္ဘ ကထေသိ။
တိတ္ထိယာ ဟိ အနုပ္ပန္နေ ဗုဒ္ဓေ လာဘိနော အဟေသုံ၊ ဥပ္ပန္နေ
ပန ဗုဒ္ဓေ ဟတလာဘသက္ကာရာ သူရိယုဂ္ဂမနေ ခဇ္ဇောပနကာ-
ဝိယ ဇာတာ။ တေသဲ တံ-ပဝတ္တိ အာရဗ္ဘ ဘိက္ခူ ဓမ္မသဘာယံ
ကထံ သမုဋ္ဌာပေသုံ။ သတ္ထာ အာဂန္တွာ ကာယ နုတ္ထ ဘိက္ခဝေ

http://www.dhammadownload.com

တေရဟိ ကထာယ သန္နိသိန္နာ တိဿ ပုစ္ဆိတ္ထ ကုမာယ –နာမာ တိဿ
ဝုတ္တေ န ဘိက္ခဝေ ကုဒါနေဝ၊ ပုဗ္ဗေပိ ယာဝ ဂုဏာဝန္တာ
န – ဥပ္ပဇ္ဇန္တိ၊ တာဝ နိဂ္ဂဏှာ လာဘဂ္ဂယသဂ္ဂပ္ပတ္တာ အဟေသုံ၊
ဂုဏာဝန္တေသု ပန ဥပ္ပန္နေသု နိဂ္ဂဏှာ ဟတလာဘသက္ကာရာ
ဇာတာ တိ ဝတ္တာ အတိတံ အာဟရိ။

အတီတေ ဗာရာဏသိယံ ဗြဟ္မဒတ္တေ ရဇ္ဇံ ကာရေန္တေ
ဗောဓိသတ္တော မောရယောနိယံ နိဗ္ဗတ္တိတွာ ဝုဒ္ဓိမန္ဝာယ
သောဘဂ္ဂပ္ပတ္တော အရညေ ဝိစရိ။ တဒါ ကေစိ ဝါဏိဇာ
ဒဿာကာက ဂယောတွာ နာဝါယ ဗာဝေရုရဋ္ဌံ အဂမံသု။
တသ္မိံ ကိရ –ကာလေ ဗာဝေရုရဋ္ဌေ သကုဏာ – နာမ နတ္ထိ။
အာဂတာဂတာ ရဋ္ဌဝါသိနော တံ ပဋ္ဌရေ နိသိန္နံ ဒိသွာ
ပဿထိမဿ ဆဝိဝဏ္ဏံ ဂလပရိယောသာနံ မုခတုဏ္ဍကံ
မဏိဂုဋ္ဌသဒိသာနိ အက္ခီနိ တိဏ္ဏံ ကာကမေဝ ပဿိတွာ တေ–
ဝါဏိဇကေ အာဟံသု “ဏ္ဟံ အယျာ သကုဏော အမှာကံ
ဒေထ၊ အမှာကံ ဏ္ဟမိနာ အတ္ထော၊ တုမ္ဟေ အတ္တနော ရဋ္ဌေ
အညံ လဘိဿထာ တိ။ တေန–ဟိ မူလေန ဂဏှထာ တိ။
“ကဟာပဏေန နော ဒေထာ တိ။ “န ဒေမာ တိ။ အနုပုဗ္ဗေန
ဝဍ္ဎိတွာ “သတေန ဒေထာ တိ ဝုတ္တေ “အမှာကံ သေ

http://www.dhammadownload.com

ပဟူပကာရော၊ တုမ္ဟေဟိ သဒ္ဓိ မေတ္တံ ဟောတူ တိ
ကဟာပဏသတံ ဂဟေတ္ဝာ အဒံသု။ တေ တံ နေတ္ဝာ
သုဝဏ္ဏပဋ္ဋရေ ပက္ခိပိတ္ဝာ နာနပ္ပကာရေန မဿမံသေန စေဝ
ဖလာဖလေန စ ပဋိဇဂ္ဂိသု။ အညေသံ သကုဏာနံ
အဝိဒူရေနာပိ ဂန္တုံ ဒဿေတ္ဝာ အသဒ္ဓမ္မေဟိ သမန္နာဂတော
ကာကော လာဘဂ္ဂယသဂ္ဂပ္ပတ္တော အဟောသိ။

ပုနဝါရေ တေ ဝါကဏ္ဏာ ဧကံ မောရရာဇာနံ ဂဟေတ္ဝာ
ယထာ အစ္ဆရသဒ္ဒေန ဝဿတိ၊ ပါဏိပ္ပဟာရဿ ဒေန္တေန နစ္စတိ၊
ဧဝံ သိက္ခာပေတ္ဝာ ဟဝေရုဏဿ အဂမံသု။ သော မဟာဇနေ
သန္နိပတိတေ နာဝါယ ဓုရေ ဌတ္ဝာ ပက္ခေ ဝိဓုနိတ္ဝာ မဓုရဿရံ
နိစ္ဆာရေတ္ဝာ နစ္စိ။ မနုဿာ တံ ဒိသ္ဝာ သောမနဿဇာတာ
“ဧတံ အယျာ သောဘဂ္ဂပ္ပတ္တံ သုသိက္ခိတံ သကုဏရာဇာနံ
အမှာကံ ဒေထာ တိ အာဟံသု။ အမ္ဟေဟိ ပဋမံ ကာကော
အာနီတော၊ တံ ဂဏှထ္ထ၊ ဣဒါနိ ဧကံ မောရရာဇာနံ အာနယိမှာ၊
တေမှိ ယာစထ၊ တုမှာကံ ရဇ္ဇေ သကုဏာ—နာမ ဂဟေတ္ဝာ
အာဂစ္ဆန္တု နာ သက္ကာတိ။ ဟောတု အယျာ အတ္ထနော ရဇ္ဇေ
အညံ လဘိဿထ၊ ဣမံ နော ဒေထာ တိ မုလ္လံ ဝဍ္ဎေတ္ဝာ
သဟဿေန ဂဏှိသု။ အထ နံ သတ္ထရတိနဝစိတ္တေ ပဋ္ဋရေ

http://www.dhammadownload.com

ဌပေတွာ မစ္ဆမံသဖလာဖလေဟိ စေဝ မခုလာဇသင်္ကရုပါနကာဒီဟိ
စ ပဋိဇဂ္ဂိသု၊ မယူရရာဇာ လာဘဂ္ဂယသဂ္ဂပ္ပတ္တော ဇာတော၊
တဿာဂတကာလတော ပဋ္ဌာယ ကာကဿ လာဘသက္ကာရော
ပရိဟာယိ၊ ကောစိ နံ ဩလောကေတုမ္ပိ န- ဣစ္ဆိ။ ကာကော
ခါဒနီယဘောဇနီယံ အလဘမာနော "ကာကာ"တိ ဝဿေန္တော
ဂန္ဒာ ဥဇ္ဇာရဘူမိယံ ဩတရိတွာ ဂေါစရံ ဂဏှိ။

သဇ္ဇာ ဒွေ ဝတ္ထူနိ ယဒေတွာ သမ္ဗုဒ္ဓေါ ဟုတွာ ဣမာ-
ဂါထာ အဘာသိ—

၁၅၃။ အဒဿနေန မောရဿ၊ သဝိနော မဇ္ဈဘာဂိနော။
ကာကံ တတ္ထ အပုဇေသုံ၊ မံသေန စ ဖလေန စ။

၁၅၄။ ယဒါ စ သရသမ္ဗန္ဓော၊ မောရော ဟာဝေရုမာဂမာ။
အထ လာဘော စ သက္ကာရော၊ ဝါယသဿ အဟာယထ။

၁၅၅။ ယာဝ နုပ္ပဇ္ဇတိ ပုဒ္ဓေါ၊ ဓမ္မရာဇာ ပဘင်္ကရော။
တာဝ အညေ အပုဇေသုံ၊ ပုတ္ထု သမဏဗြာဟ္မဏေ။

http://www.dhammadownload.com

၁၅၆။ ယဒါ - စ သရသမ္မုန္နော၊ ပုဒ္ဓေါ ဓမ္မံ အဒေသယိ။
အထိ လာဘော စ သက္ကာရော၊
တိတ္ထိယာနံ အဟာယထာ"တိ။

တတ္ထ သိခီနောတိ သိခါယ သမန္နာဂတသ။ မဠုဘာထိနောတိ မဓုရသရသ။ အပ္ပဇေသုန္တိ အပ္ပဇယိသု။ မံသေန စ ဖလေန စာတိ နာနပ္ပကာရေန မံသေန ဖလာဖလေန စ။ ဟာဝေရုမာဂဓမာတိ ဟာဝေရုရဋ္ဌ အာဂတော။ "ဘာဝေရု"တိပိ ပါဠိ၊ အဟာယထာတိ ပရိဟီနော။ ဓမ္မရာဇာတိ နဝဟိ လောကုတ္တရဓမ္မေဟိ ပရိသ ရဉ္ဇေတိ မဓုရာဇာ။ ပဘင်္ကရောတိ သတ္ထာလောကဩကာသလောကသခီရလောကေသု အာလောကသ ကတတ္တာ ပဘင်္ကရော။ သရသမ္မုန္နောတိ ဒြဟ္မသရေန သမန္နာဂတော။ ဓမ္မံ အဒေသယိတိ စတုသစ္စဓမ္မ ပကာသေသိတိ။

(ဂါထာ)

ကိတ္တိ ကုမာ စတသော ဂါထာ ဘာသိတ္ထာ ဇာတက် သမောဓာနေသိ "တဒါ ကာကော နဂဏ္ဍော - နာဠုပုတ္တော အဟောသိ၊ မောရရာဇာ ပန အဟမေဝ အဟောသိ"န္တိ။

ဟာဝေရုဇာတကဝဏ္ဏနာ နဝမာ။

. . . . . .

http://www.dhammadownload.com

၁၀- ဝိသယှဇာတကဝဏ္ဏနာ (၃၄၀)

အဒါသိ ဒါနာနီတိ - ဣဒံ သတ္ထာ သာဝတ္ထိယံ ဇေတဝနေ ဝိဟရန္တော အနာထပိဏ္ဍိကသေဋ္ဌိံ အာရဗ္ဘ ကထေသိ။ ဝတ္ထု ဟေဋ္ဌာ ခဒိရင်္ဂါရဇာတကေ ဝိတ္ထာရိတမေဝ။ ဣဒံ ပန သတ္ထာ အနာထပိဏ္ဍိကံ အာမန္တေတွာ "ပါရာဇိကပဋ္ဌာနာဒီသု ဝါ အညတရသ္မိံ ဒါနံ မာ ဒဒါသိ တိ အာကာသေ ဌတွာ ဝါရေန္တေန သက္ကာ - ဒေဝါနမိန္ဒံ ပဋိဗာဟိတုံ ဒါနံ အဒံသုယေဝါ တိ ဝတ္ဝာ တေန ယာစိတော အတီတံ အာဟရိ။

အတီတေ ဗာရာဏသိယံ ပြဟ္မဒတ္တေ ရဇ္ဇံ ကာရေန္တေ ဗောဓိသတ္တော အသီတိကောဋိဝိဘဝေါ ဝိသယ္ဟော - နာမ သေဋ္ဌိ ဟုတွာ ပဉ္စဟိ သီလေဟိ သမန္နာဂတော ဒါနဗ္ဗာသယော ဒါနာဘိရတော အဟောသိ။ သော စတူသု နဂရဒ္ဝါရေသု နဂရမဇ္ဈေ အတ္တနော ယာနဒ္ဝါရေတိဿံ ဆဋ္ဌေ ဒွာရေ သာလာယော ကာရေတွာ ဒါနံ ပဝတ္တေသိ၊ ဒိဝသေ - ဒိဝသေ ဆ - သတသဟဿာနိ ဝိဿဇ္ဇေတိ။ ဗောဓိသတ္တဿ စ ဝန်ဗုကယာစကာနဉ္စ ဧကသဒိသမေဝ ဘတ္တံ ဟောတိ။ တဿ ဇမ္ဗုဒီပ ဥန္နဂိလံ ကတွာ ဒါနံ ဒဒတော ဒါနာနုဘာဝေန သက္ကဿ ဘဝနံ ကမ္ပိ၊ သက္ကဿ - ဒေဝရညော ပဏ္ဍုကမ္ဗလသိလာသနံ

http://www.dhammadownload.com

ပုဏ္ဏာကာရံ ဒဿေသိ။ သတ္ထာ "ကော နု ခေါ မံ ဌာနာ
စာဝေတုကာမော တိဿ ဥပဓိရေန္တော မဟာသေဋ္ဌိ ဒိသွာ "အယံ –
ဝိသယော အတိဝိယ ပတ္ထရိတွာ သကလဇမ္ဗုဒီပံ ဥန္နဒိလံ
ကရောန္တော ဒါနံ ဒေတိ၊ ဣမိနာ – ဒါနေန မံ စာဝေတွာ သယ
သတ္ထာ ဘဝိဿတိ – မညေ၊ ဓနံမယာ နာသေတွာ ဧတံ
ဒလိဒ္ဒံ ကတွာ ယထာ ဒါနံ န_ဒေတိ၊ တထာ ကရိဿာမိ တံ
စိန္တေတွာ သတ္ထု ဓနံဓညံ တေလမဓုဖာဏိတသက္ကရာဒိနံ
အန္တမသော ဒါသကမ္မကရပေါရိသမ္မိ အန္တရဓာပေသိ။

တဒါ ဒါနဗျာဝဋာ အာဂန္တွာ "သာမိ ဒါနဋ္ဌ ပစ္ဆိန္နံ၊
ဌပိတဌပိတဌာနေ နဋ္ဌံ ပဿာမာတိ အာရောစယိသု။
"ကိတော ပရိဗ္ဗယံ ဟရထ၊ မာ ဒါနံ ပစ္ဆိန္နထာ တိ ဘရိယံ
ပက္ကောသာပေတွာ "ဘဒ္ဒေ ဒါနံ ပဝတ္တာပေဟာ တိ အာဟ။
သာ သကလဂေဟံ ဝိစိနန္တီ အမုမာသကမတ္တမ္ပိ အဒိသွာ
"အယျ အမှာကံ နိဝတ္ထဝတ္ထံ ဌပေတွာ အညံ ကိဉ္စိ
နတ္ထိ၊ သကလဂေဟံ တုစ္ဆံ ဇာတံ အာဟ။ သတ္ထာ ရတနဂေဟဿ
ဒ္ဝါရံ ဝိဝရာပေတွာ နဋ္ဌံ အဒ္ဒသ၊ သေဋ္ဌိဉ္စ ဘရိယဉ္စ

http://www.dhammadownload.com

ပစ္ဆိန္ဒိတုံ၊ သကလန်ဝေသနံ ဝိစိန်တာ ကိဠ ဥပဓာရေဟိ တိ
အာဟ။ တသ္မိ ခဏေ ဧကော တိဏဟာရကော အသိတဗ္ဗ
ကာဇဉ္စ တိဏဗန္ဓနရဇ္ဇုဉ္စ ဒွါရန္တရေ ဆဍ္ဍေတွာ ပလာယိ။
သေဋ္ဌဘရိယာ တံ ဒသွာ သာမိ ကုဒ္ဓံ ဌပေတွာ အညံ
နံ ပသာမီ တိ အာဟရိတွာ အဒါသိ။ မဟာသတ္တော ဘဇ္ဇေ
မယာ တွံ ကဏ္ဌက—ကာလံ တိဏ-နာမ နံ-လာယိတပုဗ္ဗံ၊ အဇ္ဇ
ပန တိဏံ လာယိတွာ အာဟရိတွာ ဝိက္ကိဏိတွာ ယထာနုစ္ဆဝိကံ
ဒါနံ ဒဿာမီ တိ ဒါနုပစ္ဆေဒဘယေန အသိတဗ္ဗေဝ ကာဇဉ္စ
ရဇ္ဇုဉ္စ ဂဟေတွာ နဂရာ နိက္ခမိတွာ တိဏဝတ္ထိံ ဂန္ဒွာ တိဏံ
လာယိတွာ "ဧကော အမ္ဘက ဘဝိဿတိ၊ ဧကေန ဒါနံ
ဒဿာမိ တိ ဒွေ တိဏကလာပေ ဗန္ဓိတွာ ကာဇေ လဂ္ဂေတွာ
အာဒါယ ဂန္ဒွာ နဂရဒ္ဒါရေ ဝိက္ကိဏိတွာ မာသကေ ဂဟေတွာ
ဧကံ ကောဋ္ဌာသံ ယာစကာနံ အဒါသိ။ ယာစကာ ဗဟူ၊
တေသံ "မယျှမ္မေ ဒေဟိ၊ မယျှမ္မေ ဒေဟိ တိ ဝဒန္တာနံ ဣတရမ္မေ
ကောဋ္ဌာသံ ဒတွာ တံ—ဒိဝသံ သဒ္ဓိံ ဘရိယာယ အနာဟာရော

http://www.dhammadownload.com

သူရိယာတပေန ပဟဋ္ဌမ်တ္တေ အက္ခိန် ဘမိသု။ သော သတ်
ရှေးဦးစွာထွက်ပေါ်လာသော နေမင်းသည် ပြာသိုလဆန်း ၁၅ ရက်နေ့ မွန်းတည့်ချိန်တွင်
ပစ္ဆုပဋ္ဌာပေတုံ အသက္ကောန္တော တိဏာ အဝတ္ထရိတ္တာ ပတိ။
အနောက်ဘက်သို့ ဆင်းသက်ရန် မတတ်နိုင်သဖြင့် မြက်ကို ခင်းကျင်း၍ လဲလျောင်း
သက္ကော တသ် ကရိယဲ ဥပဓာရယ်မာနော ဝိစရတိ။ သော
သော်ကြာမူ ဝင်းသည် ထိုဖိနပ်များကို ဆောင်ယူရာ၌ စုံမက်လျှက် မှုခင်းကြံစည်ရာ၌
တခ်ဏာညေဝ အာဂန္တွာ အာကာသေ ဌတွာ ပဌမ်—ဂါထမာဟ—

၁၅၇။ "အဒါသိ ဒါနာန် ပုရေ ဝိသယ်၊ (တွေ့-သည်)
ဒဒတော စ တေ ခယ်ဓမ္မော အဟောသိ။

ဣဒါနိ ကမ်းလန်း ဘက်ရောက်၍ ဆုံးရှုံးခြင်းသဘောသည် ငါ့ အားဖြစ်၏။
ကွတော ပရံ စေ—နု - ဒဒေယျ ဒါန်၊

တံဒ္ဒေယျံ တေ သဲ့ယမန္တသ ဘောဂါ"တိ။

တသ္ထော— အမ္ဘော— ဝိသယ့ တုံ့ ကွတော ပုဗ္ဗေ တဝ
ဒေယော မနေ ဝိဇ္ဇမာနေ သကလဇမ္ဗုဒီပ ဥန္နဒ်လဲ ကရိတ္တာ
ဒါနာန် အဒါသိ။ တသ— စ— တေ ဧဝံ ဒဒတော ဘောဂါန်
ခယဓမ္မော — ခယသဘာဝေါ အဟောသိ၊ သဗ္ဗ သာပတေယျံ
ခိဏာ၊ ကွတော ပရံ စေပိ တုံ့ ဒါန် နု - ဒဒေယျ၊ ကသစိ
ကဗ္ဗိ နု ဒဒေယျာသိ၊ တဝ သဲ့ယမန္တသ အဒဒန္တသ ဘောဂါ
တဝေဝ တိဋ္ဌေယျုံ။ ကွတော ပဋ္ဌာယ နု — ဒဿာမိ တိ တွံ
မယ့် ပဋိညံ ဒေဟိ၊ အဟံ တေ ဘောဂေ ဒဿေသ္သာမီတိ။

မဟာသတ္တော တသ္သ ဝစနံ သုတွာ "ကောသ တွံ ဘဏ်

http://www.dhammadownload.com

အာဟ။ သက္ကောဟမသ္မိ တိ။ ဗောဓိသတ္တော သက္ကော – နာမ
သယံ ဒါနံ ဒတ္တွာ သီလံ သမာဒိယိတ္တာ ဥပေါသထကမ္မံ
ကတ္တာ သတ္တ ဝတ္ထူပဒါနိ ပူရေတ္တာ သက္ကတ္တံ ပတ္တော၊ တံ – ပန
အတ္တနော ကြ္ကသရိယကာရဏံ ဒါနံ ဝါရေသိ၊ အနရိယ ဝတ
ကရောသိ တိ ဝတ္တာ တိသော ဂါထာ အဘာသိ –

၁၅၈။ အနရိယမ္ဟရိယေန သဟသေနေတ္တ၊

သုဒုဋ္ဌတေနာပိ အကိစ္စမာဟု။

မာ ဝေါ ဓနံ တံ အဟု ဒေဝရာဇ၊
ယံ – ဘောဂဟေတု ဝဓဟေမု သဒ္ဓံ။

၁၅၉။ (ယေန္တိ) ဓကော – ရထော ယာတိ၊

ယာတိ (တေန္တုပရော – ရထော။
ပေါရာဏော နိဟတံ ဝတ္တံ၊
ဝတ္တတညေဝ (ဟတ္ထိ – ပဒါနိ သဒ္ဓိသဝ။

၁၆၀။ ယဒိ – ဟေဿတိ ဒဿာမ၊ အသန္တေ ကိ – ဒဒါမသေ။

ဇေဝံဘူတာပိ ဒဿာမ၊ မာ ဒါနံ ပမဒမ္ဟသေ တိ။

http://www.dhammadownload.com

သူရိယာတပေန ပဟဋ္ဌမတ္တေ အက္ခိနိ ဘမိသု။ သော သတိ
ပစ္စုပဋ္ဌာပေတုံ အသက္ကောန္တော တိဏ အဝတ္ထရိတွာ ပတိ။
သက္ကော တဿ ကရိယံ ဥပဓာရယမာနော ဝိစရတိ။ သော
တဒ်ဏာညေဝ အာဂန္ဒ္ဓာ အာကာသေ ဌတွာ ပဌမံ—ဂါထမာဟ—

၁၅၇။ "အဒါသိ ဒါနာနိ ပုရေ ဝိသယ္ဟော (ကွ-သဒ္ဒ)
ဒဒတော စ တေ ခယမဂ္ဂေါ အဟောသိ။

ဣဒါနိ ကိသ္မာ ဒါနာနိ ပုရေ ဝိသယ္ဟော ဒါနံ အဒါသိ၊ ဒဒတော စ တေ ခယမဂ္ဂေါ အဟောသိ၊ ဣဒါနိ ကိသ္မာ ဒါနာနိ ပုရေ ဝိသယ္ဟော ဒါနံ အဒါသိ၊ ဒဒတော စ တေ ခယမဂ္ဂေါ အဟောသိ။

တဿတ္ထော— အဇ္ဇော—ဝိသယ္ဟ တုံ ဣတော ပုဗ္ဗေ တဝ
ဂေဟေ ဓနေ ဝိဇ္ဇမာနေ သကလဇမ္ဗုဒီပ ဥန္နဒိလံ ကရိတွာ
ဒါနာနိ အဒါသိ။ တဿ—စ—တေ ဧဝံ ဒဒတော ဘောဂါနံ
ခယဓမ္မော—ခယသဘာဝေါ အဟောသိ၊ သတ္ထ သာပတေယ္ယံ
ခီဏံ၊ ဣတော ပဋိ စေပိ တုံ ဒါနံ နဒေယ္ယံ၊ ကဿစိ
ကိဉ္စိ နဒေယ္ယာသိ၊ တဝ သဒ္ဓါသမ္ပဒါ အဒဒန္တဿ ဘောဂါ
တထေဝ တိဋ္ဌေယ္ယုံ။ ဣတော ပဋ္ဌာယ နဒဿာမိ တိ တုံ
မယ္ဟံ ပဋိညံ ဒေဟိ၊ အဟံ တေ ဘောဂေ ဒဿေသ္သာမီတိ။

မဟာသတ္တော တဿ ဝစနံ သုတွာ ကောသ တုံ ဆိ

http://www.dhammadownload.com

အာဟ။ သက္ကောဟမသ္မိ"တိ။ ဟေဓိသတ္ထော သက္ကော – နာမ
သယံ ဒါနံ ဒတ္တာ သီလံ သမာဒိယတ္တာ ဥပေါသထကမ္မံ
ကတ္တာ သတ္တ ဝတ္တပဒါနိ ပူရေတ္တာ သက္ကတ္တံ ပတ္ထေတ္တာ၊ တံ – ပန
အတ္ထနော ဣဿရိယကာရဏံ ဒါနံ ဝါရေသိ၊ အနရိယ ဝတ
ကရောသိ တိ ဝတ္တာ တိသော ဂါထာ အဘာသိ –

၁၅၈။ အနရိယမ္ဟရိယေန သဟဿနေတ္တ၊

သုဒုဋ္ဌတောပိ အကိစ္စမာဟု။

မာ ဝေါ ဓနံ – တံ အဟု ဒေဝရာဇ၊

ယံ – ဘောဂဟေတု ဝိဇဟေမု သဒ္ဓံ။

၁၅၉။ (မဏ္ဍူကီ) ယေန ဧကော – ရထော ယာတိ၊

ယာတိ (တေန်ပုရော – ရထော။

ပေါရာဏော နိဟိတံ ဝတ္တံ၊

ဝတ္တတညော ဟမ္ဘော – ဗဟုသဝေါ။

၁၆၀။ ယဒိ – ဟေဿတိ ဒဿာမ၊ အသန္တေ ကိ – ဒဒါမသေ။

ဝေဘူတာပိ ဒဿာမ၊ မာ ဒါနံ ပမဒမ္ဘသေ တိ။

http://www.dhammadownload.com

တတ္ထ အနရိယန္တိ လာမကာ – ပါပကမ္မံ။ အရိယေနာတိ
ပရိသုဒ္ဓါစာရေန – အရိယေန။ သုဒ္ဓဂ္ဂတေနာပီတိ သုဒ္ဓလဒ္ဓေနာပိ။
အကိစ္စမာဟူတိ အကတ္တဗ္ဗန္တိ ဝုဒ္ဓါဒယော အရိယာ ဝဒန္တိ၊
တွံ ပန မံ အနရိယံ မဂ္ဂံ အာရောစေသိတိ – အဓိပ္ပါယော။
ဝေါတိ နိပါတမတ္တံ။ ယံ ဘောဂဟေတူတိ ယသ္မာ – ဓနသ
ပရိဘုဉ္ဇနဟေတု မယံ ဒါနသဒ္ဓံ ဝိဇဟေမု – ပရိစ္စဇေယျာမ၊
တံ – ဓနမေဝ မာ – အဟု၊ န နော တေန – ဓနေန
အတ္ထောတိ ဒဿေတိ။

ရထောတိ ယဂ်ဘ္ဘ ယာနံ။ ဣဒံ ဝုတ္တံ ဟောတိ –
ယေန – မဂ္ဂေန ဧကော ရထော ယာတိ၊ အညော ရထော
ရထဿ ဂတမဂ္ဂေါ ဧသော တိဿ တေနေဝ – မဂ္ဂေန ယာတိ။
ပေါရာဏံ နိဟိတံ ဝတ္ထန္တိ ယံ မယာ ပုဗ္ဗေ နိဟတံ ဝတ္ထံ၊
တံ မယိ ဓရန္တေ ဝတ္တတုယော, မာ – တိဋ္ဌတူတိ – အတ္ထော။
ဧဝံဘူတာတိ ဧဝံ တိဏဟာရကာဘူတာပိ မယိ ယာဝ ဇီဝါမိ၊
တာဝ ဒဿာမယော။ ကိကာရဏာ ကောဓာ မာ ဒါနံ ပမဒမုသော တိ။
အဒဒန္တော ဟိ ဒါနံ ပမဇ္ဇတိ – နာမ နသရတိ နသ္သလက္ခေတိ၊
အဟံ – ပန ဇီဝမာနော ဒါနံ ပမုဿိတုံ နာ ဣစ္ဆာမိ၊ တသ္မာ
ဒါနံ ဒဿာမိယေဝါတိ ဒီပေတိ။

http://www.dhammadownload.com

သက္ကော တံ ပဋိဗာဟိတုံ အသက္ကောန္တော ကိမတ္ထာယ
ဒါနံ ဒဒါသိ တိ ပုစ္ဆိ။ တေဓိသတ္တော နေဂ္ဂမော သက္ကတ္တံ
ပြဟ္ဟတ္တံ ပတ္ထယမာနော၊ သဗ္ဗညုတံ ပတ္ထေန္တော ဓမ္မပဒေသု
ဒဒါမိ တိ အာဟ။ သက္ကော တဿ ဝစနံ သုတ္ဝာ တုဋ္ဌော
ဟတ္ထေန ပိဋ္ဌိ ပရိမဇ္ဇိ။ တေဓိသတ္တဿ တခ်ဏညေဝ
ပရိမဇ္ဇိတမတ္တဿေဝ သကလသရီရံ ပရိပူရိ။ သက္ကာနုဘာဝေန
စဿ သတ္တော ဝိဘဝပရိဏ္ဍေဒေါ ပဋိပါကတိကော၀ အဟောသိ။
သက္ကော မဟာသေဋ္ဌိ တုံ့ သဒ္ဓိံ ကတေ ပဋာယ ဒိဝသေ-ဒိဝသေ
ဒွါဒသ-သတသဟဿာနိ ဝိဿဇ္ဇေန္တော ဒါနံ ဒဒါတိ တိ တဿ
ဂေဟေ အပရိမာဏ ဓနံ ကတွာ တံ ဥယျောဇေတွာ
သကဋ္ဌာနမေဝ ဂတော။

သတ္ထာ ဣမံ — ဓမ္မဒေသနံ အာဟရိတွာ ဇာတကံ
သမောဓာနေသိ "တဒါ သေဋ္ဌိဘရိယာ ရာဟုလမာတာ
အဟောသိ၊ ဝိဿယော-ပန - သေဋ္ဌိ အဟမေဝ အဟောသိ"န္တိ။

ဝိဿယ္ဟဇာတကံ ဝဏ္ဏနာ ဒသမာ။

ကောကိလဝဂ္ဂေါ စတုတ္ထော။

. . . . . .

http://www.dhammadownload.com

တိကနိပါတ်

၁-အဗ္ဘန္တရဝဂ်

၁-အဗ္ဘန္တရဇာတ်အကျဉ်းချုပ် (၂၈၁)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် လေနာရောဂါကြောင့် မကျန်းမမာဖြစ်နေသော ဗိမ္ဘာဒေဝီထေရ်ရီမသည် ရှင်သာရိပုတ္တရာ ဆွမ်းခံရာမှ ရရှိခဲ့သော သရက်သီးဖျော်ရည်ကို သောက်ရသဖြင့် ရောဂါငြိမ်းအေးမှုကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ပြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် စျာန်ရ, ရသေ့ဖြစ်၍ တပည့်ရသေ့များနှင့်အတူ ချဉ်ဆားမှီဝဲရန် ဗာရာဏသီသို့ ထွက်လာကာ မင်းဥယျာဉ်တွင် နေလေ၏။ ရသေ့တို့၏ သီလတန်ခိုးကြောင့် သိကြားမင်း၏နေရာသည် တုန်လှုပ်လာသဖြင့် သိကြားမင်းသည် ရသေ့များအား နှိပ်စက်ရန် သန်းခေါင်ယံ၌ မိဖုရားကြီးအား 'အဗ္ဘန္တရ သရက်သီးကို စားရလျှင် စကြဝတေးမင်းဖြစ်မည့် သားရတနာကို ရလိမ့်မည်'ဟု ပြောဆိုလေသည်။

မိဖုရားကြီးက အကြောင်းစုံ လျှောက်တင်လျှင် မင်းကြီးသည် အမတ်များအား ဥယျာဉ်၌ သရက်သီး ရှာဖွေစေရာ သိကြားမင်းသည် တန်ခိုးဖြင့် ကွယ်ထားလိုက်၍ တစ်လုံးမျှ ရှာမတွေ့ချေ။ မင်းမှူထမ်းများက ဥယျာဉ်ထဲရှိ ရသေ့များ ခူးဆွတ်စားသောက်ခြင်းကြောင့်ဟု လျှောက်သဖြင့် မင်းကြီးသည် ရသေ့များအား နှင်ထုတ်ခိုင်းလိုက်၏။ ဤသို့ဖြင့် သိကြားမင်း၏အလိုဆန္ဒ ပြည့်ဝသွားပြီး မိဖုရားကြီး၏ ချင်ခြင်းအာသာမှာ မပြေပျောက်နိုင် ဖြစ်နေ၏။

အဗ္ဘန္တရသရက်ပင်သည် ဟိမဝန္တာ ရွှေဂူထဲ၌ ရှိကြောင်း သိရသောအခါ မင်းကြီးသည် ကျေးလိမ္မာကို သရက်သီးရှာဖွေရန် ဟိမဝန္တာသို့ စေလွှတ်လိုက်၏။ ကျေးလိမ္မာသည် ဟိမဝန္တာ ပထမတောင်ကြားမှစ၍ အဆင့်ဆင့် မေးမြန်းသွားရာ သတ္တမမြောက်တောင်ကြား၌နေသော ကျေးများနှင့်တွေ့မှ အဗ္ဘန္တရသရက်ပင်သည် ဝေဿဝဏ်နတ်မင်း၏ အသုံးအဆောင်ဖြစ်၍ သံကွန်ရက် ခုနစ်ထပ်ဖြင့် ဖုံးအုပ်ထားပြီး ကုမ္ဘဏ္ဍရက္ခိုသ်တို့ စောင့်ရှောက်ကြပါသည်'ဟုပြောပြကြ၏။

http://www.dhammadownload.com

ကျေးလိမ္မာသည် သရက်ပင်ရှိရာသို့ရောက်လျှင် သန်းခေါင်ယံ၌ တိတ်တဆိတ် ဝင်ရောက်ရာ သံကွန်ရက်ကို ထိခိုက်မိ၍ ရက္ခိုသ်တို့၏ဖမ်းဆီးခြင်းကို ခံလိုက်ရ၏။ ကျေးလိမ္မာက 'သင်တို့လည်း အမှူထမ်းဖြစ်၍ ငါလည်း အမှူထမ်းဖြစ်၏။ မိဘနှင့် အရှင်သခင်အတွက် အသက်စွန့်သူသည် သေလွန်ပြီးနောက် နတ်ပြည်၌ ဖြစ်ရလိမ့်မည်'ဟု ပြောဆို၏။ ရက္ခိုသ်တို့သည် ကျေးသား၏စကားကို သဘောကျသဖြင့် ပြန်လွှတ်ပေးရာ ကျေးသားက 'မိမိလာခဲ့ရသည်ကို အချည်းနှီး မဖြစ်စေရန် သရက်သီးတစ်လုံးမျှ ပေးကြပါ'ဟု တောင်းပန်၏။

ထိုအခါ ရက္ခိုသ်တို့က 'ဝေဿဝဏ်နတ်မင်း၏ဆရာ ဇောတိရသရသေ့ထံသို့ နေ့စဉ် သရက်သီးလေးလုံး ပို့လျှုနေကျဖြစ်၍ ရသေ့ထံမှ တောင်းခံပါလော့'ဟု ပြောကြ၏။ ကျေးသားသည် ရသေ့ထံ၌ အကျိုးအကြောင်း ပြောဆိုတောင်းခံရာ ရသေ့ကြီးသည် သရက်သီးလေးလုံးအနက် နှစ်လုံးကို မိမိစား၍ တစ်လုံးကို ကျေးသားအား ကျွေး၏။ တစ်လုံးကို မိဖုရားကြီးအတွက် ပေးလိုက်ရာ မိဖုရားကြီးသည် ထိုသရက်သီးကို စားရသဖြင့် ချင်ခြင်းအာသာ ပြေငြိမ်းခဲ့လေသည်။

ဇာတ်ပေါင်းသော် မိဖုရားကြီးသည် ရာဟုလာမယ်တော်၊ ကျေးသားသည် အရှင်အာနန္ဒာ၊ ဇောတိရသရသေ့သည် အရှင်သာရိပုတ္တရာ၊ ဥယျာဉ်ထဲ၌ ရှိနေခဲ့သော ရသေ့သည် ဗုဒ္ဓဖြစ်လာသည်။

သင်ခန်းစာ

အမှူထမ်းကောင်းသည် မိမိအား ပေးအပ်သည့် တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်၏။ မည်မျှပင် ခက်ခဲသော အမှုကိစ္စကိုမဆို မိမိအား တာဝန်ပေးပါက စူးစမ်းမေးမြန်း၍ နည်းလမ်းရှာဖွေကာ မကြောက်မရွံ့ အသက်စွန့်၍ ဆောင်ရွက်ရမည်သာဖြစ်၏။ အရာရာကို ပြောဆို၊ ပြုမူကြံစည်သောအခါ မပေါ့မလျော့ဘဲ ပညာဉာဏ်ကို ရှေ့ထားကာ ကြီးစွာသော လုံ့လဝီရိယတို့ဖြင့် ဆောင်ရွက်မှသာ အလိုရှိရာကို ရနိုင်၏။ မိဘနှင့် အရှင်သခင်အတွက် အသက်စွန့်သူသည် ဘေးမတွေ့နိုင်။ တိရစ္ဆာန်သော်မှ တာဝန်ဝတ္တရား ကျေပွန်လျှင် လူမှာ ဆိုဖွယ်ရာ မရှိ။ စသော သင်ခန်းစာများ ရရှိပါသည်။

http://www.dhammadownload.com

၂-သေယျဇာတ်အကျဉ်းချုပ် (၂၈၂)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် မနာလိုသူတို့၏ ကုန်းချောစကားကြောင့် အချုပ်အနှောင်ခံရသော အမတ်တစ်ဦးသည် အချိန်ကို အချည်းနှီး မဖြစ်စေဘဲ သခီရတရားတို့ကို ဝိပဿနာတင် ဆင်ခြင်သုံးသပ်သဖြင့် သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်သွားရာ ကောသလမင်းကြီးက အဖြစ်မှန်ကိုသိ၍ အချုပ်ထောင်မှ လွတ်ပြီး ရှေးကထက် နှစ်ဆတိုး၍ ထိုအမတ်အား ချီးမြှောက်သော အကြောင်းနှင့်စပ်၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ထိုမင်းသည် မင်းကျင့်တရား ဆယ်ပါးနှင့် ပြည့်စုံ၍ ဒါနမှု၊ သီလမှုတို့၌ မွေ့လျော်၏။ တစ်နေ့တွင် နန်းတွင်း၌ အမတ်တစ်ဦး၏ ပြစ်မှားကျူးလွန်သည့် အမှုကို သိရလျှင် ထိုအမတ်ကို နန်းတွင်းမှ နှင်ထုတ်လိုက်ရာ ထိုအမတ်သည် ပြည်နီးချင်းမင်းတစ်ပါးထံ သွားရောက်၍ ခစားလေသည်။

အမတ်၏ ကုန်းချောမှုကြောင့် ပြည်နီးချင်း ခိုးသူမင်းသည် ဗာရာဏသီကို သိမ်းယူရန် စစ်အင်အား အပြည့်အစုံဖြင့် ချီတက်လာရာ ဗာရာဏသီမင်း၏ အမတ်ခုနစ်ရာတို့သည် ရန်သူမင်း၏တပ်ဖွဲ့အား နယ်စပ်ကို မဖြတ်ကျော်မီ ဖျက်ဆီးခွင့်ပြုရန် တောင်းဆိုကြသော်လည်း မင်းကြီးက ခွင့်မပြုချေ။ ရန်သူမင်းသည် မြို့တွင်းသို့ ဝင်ရောက်လာပြီး မင်းနှင့်တကွ အမတ်ခုနစ်ရာတို့ကို ဖမ်း၍ သံခြေကျင်းခတ်ကာ နှောင်အိမ်ထဲ သွင်းထားလိုက်၏။ မင်းကြီးသည် ရန်သူမင်းအပေါ် အမျက်မထားဘဲ နှောင်အိမ်ထဲ၌ နေရင်းက မေတ္တာစျာန်ကိုဖြစ်စေ၍ ရန်သူမင်းကို မေတ္တာပွား၏။ ယင်းမေတ္တာ၏အာနုဘော်ကြောင့် မီးရှူးတိုင်ဖြင့် အရှိုအမြှုက်ခံရဘိသကဲ့သို့ ရန်သူမင်း၏ ကိုယ်မှာ ပူပြင်းလာ၏။ ထိုသို့ဖြစ်ပေါ်လာရခြင်း၏ အကြောင်းကို အမတ်တို့အားမေးရာ သီလရှိသောမင်းကို ပြစ်မှား၍ဖြစ်ကြောင်း လျှောက်ထားကြသည်။

ရန်သူမင်းသည် ဗာရာဏသီမင်းထံ သွား၍ ကန်တော့တောင်းပန်ကာ ထီးနန်းနှင့်တကွ ပြည်ကိုလည်း ပြန်၍အပ်နှံ၏။ ထို့နောက် 'ဗာရာဏသီပြည်၏

http://www.dhammadownload.com

ကာကွယ်ရေး ကိစ္စမှန်သမျှကို ကျွန်ုပ် တာဝန်ယူပါသည်' ဟု လျှောက်ထားခဲ့ပြီး လျှင် မိမိနိုင်ငံသို့ ပြန်သွားလေသည်။

ဇာတ်ပေါင်းသော် ရန်သူမင်းသည် အရှင်အာနန္ဒာ၊ ဘရာဏာသီမင်း သည် ဗုဒ္ဓဖြစ်လာသည်။

သင်ခန်းစာ

ဖြောင့်မတ်တည်ကြည်သော စိတ်ဓာတ်မရှိသူတို့၏ ကုန်းချောစကားကို ဘယ်သောအခါမှ လက်ခံယုံကြည်လိုက်နာခြင်း မပြုပါနှင့်။ သီလရှိသူ သူတော် ကောင်းကို ပြစ်မှားမိပါက ဆင်းရဲတွေ့ရတတ်၏။ ရန်သူကိုပင် မေတ္တာဖြင့် အောင် မြင်နိုင်၍ ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်သင့်ပါ စသော သင်ခန်းစာများ ရရှိပါသည်။

၃-ဝမုကီသူကရဇာတ်အကျဉ်းချုပ် (၂၈၃)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ကောသလ မင်းနှင့် အဇာတသတ်မင်းတို့သည် ဝေဒေဟီ မိဖုရားအား အပိုင်စားပေးခဲ့သော ကာသိရွာကိုအကြောင်းပြု၍ စစ်ခင်းကြရာ အဇာတသတ်မင်းကို စစ်အောင်နိုင် စေသည့် စစ်ရေးစစ်ရာနည်းဗျူဟာကို ကောသလမင်းအား ပေးနေသော ဓနုဂ္ဂဟ တိဿမထေရ်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဘရာဏာသီပြည်၌ ပြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်း သည် တောတစ်ခုခွင် ရုက္ခစိုးနတ် ဖြစ်၏။ တစ်နေ့တွင် လက်သမားတစ်ယောက် သည် တောထဲ၌ သစ်ကောင်းများ ရှာဖွေနေစဉ် တွင်းထဲ၌ ကျနေသော ဝက်တစ် ကောင်ကို တွေ့လိုက်ရသဖြင့် ထိုဝက်ငယ်ကိုယူ၍ 'ဝမုကီသူကရ'ဟူသော အမည် ဖြင့် အိမ်၌ မွေးထားလိုက်၏။ ယင်းဝက်ငယ်သည် ကြီးပြင်းလာချိန်၌ ကိုယ်လုံး ကိုယ်ထည် ကြီးမား၍ လိမ္မာခြင်းလည်း ရှိ၏။ သခင်ဖြစ်သူအားလည်း အမှီးမျိုး ကူညီသည်။

http://www.dhammadownload.com

ထို့ကြောင့် သခင်သည် သူမရှိချိန်၌ အခြားသူများ သတ်စားမည် စိုးရိမ်၍ တောထဲသို့ ပြန်လွှတ်ပေးလိုက်၏။ ဝမုကီသူကရသည် တောင်ချောက်ကြား တစ်ခုသို့ ရောက်သွားရာ ဝက်အုပ်စုတစ်စုနှင့် တွေ့ဆုံ၏။ ထိုနေရာသည် အစားအစားများ ပေါကြွယ်သော်လည်း ကျားဆိုး၏ရန်ကြောင့် အစာကောင်းစွာ ရှာမစားရဲသဖြင့် ဝက်များမှာ ပိန်ခဲ့ကြနေကြရ၏။ ဝမုကီသူကရက 'သင်တို့ အားလုံးသည် ငါ့အမိန့်ကို နာခံကြမည်ဆိုလျှင် ထိုကျားရန်ကို ငါရှင်းပေးမည်' ဟုပြောဆိုရာ ဝက်များက နာခံကြမည်ဖြစ်ကြောင်း ကတိပြုကြသည်။

ဝမုကီသူကရသည် ရန်ကိုအောင်နိုင်သော မြေအနေအထားကို ရွေးချယ်ကာ ဝက်ငယ်ကလေးများနှင့် ဝက်အိုကြီးများကို အလယ်၌နေစေ၏။ ၎င်းတို့ကို ဝိုင်းရံ၍ ဝက်မများ၊ ဝက်မများကို ဝိုင်းရံ၍ ဝက်ပျိုများ၊ ၎င်းတို့၏ အပြင်ဘက်၌ အစွယ်ရှည်သော ဝက်များ၊ ထိုဝက်များကို ဝိုင်းပတ်၍ စစ်ထိုးနိုင်စွမ်းရှိသော ဝက်များ၊ ဤသို့ အသီးသီး နေရာချထားပေးသည်။ ရှေ့ဘက်မှ တွင်းဝန်းတစ်ခုနှင့် နောက်ဘက်မှ အဝကျဉ်း၍ အောက်မှာကျယ်သော ဆောင်းသဏ္ဌာန် တွင်းတစ်ခုကို တူးစေပြီး ထိုတွင်းနှစ်ခုတို့၏အလယ်၌ သူက နေရာယူထားလိုက်သည်။

နံနက်မိုးလင်းချိန်၌ ကျားသည် ဝက်များ မျက်နှာမူနေရာဘက်မှ တောင်ထိပ်ပေါ်သို့ ရောက်လာကာ ဝက်များကို လှမ်း၍ကြည့်ရာ 'ယနေ့၌ကား ဝက်များကို ကွပ်ကဲသော ဝက်တစ်ကောင် ရှိနေပုံရ၏။ ထိုဝက်များထဲသို့သွားသော် အောင်ပွဲရမည် မထင်'ဟု တွေးမိကာ ထိုနေရာမှ ပြန်လှည့်သွားလေသည်။

ထိုအခါ ကျားကိုမှီ၍ အသားများစားနေသော ရသေ့စဉ်းလဲတစ်ပါးသည် လက်ချည်းသက်သက် ပြန်လာသော ကျားကိုမြင်၍ မြှောက်ထိုးပင့်ကော်ပြုပေးလိုက်ရာ ကျားသည် ရဲစိတ်ဝင်လာပြီး ဝက်များ ရှိရာသို့ ပြန်လာခဲ့၏။ ဝက်များနေရာသို့ ရောက်သည်ဆိုလျှင်ပင် ကျားသည် ဝမုကီသူကရအပေါ်သို့ ခုန်အုပ်လိုက်ရာ ဝမုကီသူကရသည် ရုတ်ခနဲ ရှေ့က တွင်းထဲသို့ ဆင်းလိုက်၏။ အရှိန်ကို မထိန်းနိုင်တော့သော ကျားသည် နောက်ဘက်မှ ဆောင်းသဏ္ဌာန် မျက်နှာဝရှိသည့် တွင်းထဲသို့ ကျွမ်းပြန်၍ကျသွားလေ၏။ ဝက်သည် တွင်းမှထွက်ပြီး ကျား

http://www.dhammadownload.com

၏ ပေါင်ကြားကို အစွယ်ဖြင့် ထိုးသတ်လိုက်၏။ ထို့နောက် ဝက်များက ရသေ့စဉ်းလဲထံသို့ အုပ်စုလိုက် ချီတက်သွားကြပြီး တိုက်ခိုက်ချေမှုန်း ပစ်လိုက်ကြ၏။ ထိုအခါ ရုက္ခစိုးနတ်က လူမိုက်တို့၏ သွားရာလမ်းသည် မရှုမလှ သေခြင်းသာ အဆုံးရှိသည်ဟု ဆိုလေသည်။

ထို့နောက် ဝက်များသည် ဝမုကီသူကရကို ရေသဖန်းတုံးပေါ်၌ နေစေပြီး ရသေ့စဉ်းလဲ၏ ခရုသင်းဖြင့် ရေကိုဆောင်၍ အဘိသိက် သွန်းကြ၏။ ဝက်ပျိုမတစ်ကောင်နှင့်စုံဖက်၍ ဝက်မင်းအဖြစ် တင်မြှောက်ကြလေ၏။ ထိုအချိန်မှစ၍ ယနေ့တိုင် လူမင်းများသည် ရေသဖန်းသား ပျဉ်ပေါ်၌နေလျက် ခရုသင်းသုံးခုတို့ဖြင့် အဘိသိက်သွန်းသော ဓလေ့ကို လိုက်နာကျင့်သုံးခဲ့ကြလေသည်။

ဇာတ်ပေါင်းသော် ဝမုကီသူကရဝက်သည် ဓနုဂ္ဂဟတိဿမထေရ်၊ ရုက္ခစိုးသည် ဗုဒ္ဓဖြစ်လာသည်။

သင်ခန်းစာ

နည်းဗျူဟာ ကျွမ်းကျင်လျှင် အားနည်းသူက အားကြီးသော ရန်သူကို အောင်မြင်နိုင်၏။ ရဲရင့်၍ ပညာရှိသူသည် အမျှားချမ်းသာရေး, ဘေးအန္တရာယ်ကင်းရှင်းရေးကို ဆောင်ရွက်ပေးနိုင်သဖြင့် ပညာရှိသူ၏လမ်းညွှန်မှုကို လိုက်နာသင့်၏။ လူမိုက်တို့၏ သွားရာလမ်းသည် မရှုမလှ သေခြင်းသည်သာ အဆုံးရှိ၏။ လူမိုက်ကို ရှောင်ကြဉ်၍ ပညာရှိသူတော်ကောင်းကိုသာ ပေါင်းဖော်သင့်သည်။ စသော သင်ခန်းစာများကို ရရှိပါသည်။

၄-သီရိဇာတ်အကျဉ်းချုပ် (၂၈၄)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ကျက်သရေ(သီရိ)ကို ရလိုသဖြင့် အဆင့်ဆင့် တောင်းခံယူသော်လည်း သူနှင့်မထိုက်၍ ကျက်သရေကို မရသော ပုဏ္ဏားကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်း

http://www.dhammadownload.com

သည် အဘိညာဉ်ရ ရသေ့ဖြစ်၍ ဟိမဝန္တာ၌ နေ၏။ တစ်နေ့တွင် ချဉ်ဆားမှီဝဲရန် ဗာရာဏသီသို့ ရောက်လာရာ ဆင်ဆရာသည် ရသေ့ကို ကြည်ညိုသဖြင့် မင်း ဥယျာဉ်၌ နေရာချထားပေးကာ ပစ္စည်းလေးပါးတို့ဖြင့် လှူဒါန်းထားသည်။

ထိုအခါ ထင်းခွေယောက်ျားတစ်ယောက်သည် တောထဲသို့ ထင်းခွေသွား ရာ အချိန်မီ ပြန်မရောက်နိုင်သဖြင့် မြို့ပြင်ဘက်ရှိ နတ်ကွန်း၌ ညအိပ်လိုက်ရ၏။ နတ်ကွန်းအနီး သစ်ပင်ကြီး၌ လူများလွှတ်ထားခဲ့သော ကြက်များရှိရာ ထိုည မိုး သောက်ယံတွင် ကြက်နှစ်ကောင် ခိုက်ရန်ဖြစ်ပွားကြ၏။ အောက်အကိုင်းမှကြက် က 'ငါသည် သာမညကြက် မဟုတ်၊ ငါ၏အသားကို မီးကျီး၌ ကင်စားသူအား အသပြာတစ်ထောင် ရစေနိုင်စွမ်းရှိသည်' ဟု ဆို၏။ အထက်မှ ကြက်ကလည်း 'ဤမျှ စွမ်းရုံကလေးနှင့် သင်မာန မတက်လင့်၊ ငါ၏ ကြီးမြတ်သော အသားကို စားရသူသည် မင်းအဖြစ်ကို ရမည်။ အပြင်သားကို စားရသူသည် ယောက်ျားဖြစ် လျှင် သေနာပတိရာထူးကို ရမည်။ မိန်းမဖြစ်လျှင် မိဖုရားအရာကို ရမည်။ အရိုး အသားကို စားရသူသည် လူပုဂ္ဂိုလ်ဖြစ်လျှင် ဘဏ္ဍာစိုးရာထူးကို ရ၍ ရဟန်းဖြစ် လျှင် မင်းဆရာ ဖြစ်မည်'ဟု တုံ့ပြန်ခြင်းပြု၏။ ထိုစကားများကို ကြားလိုက်ရသော ထင်းခွေယောက်ျားသည် အထက်မှကြက်ကို ဖမ်း၍ သတ်ယူသွားလေသည်။

ထင်းခွေယောက်ျားသည် ရေခိုးပြီးမှ ဇနီးမောင်နှံ နှစ်ယောက်အတူ စား သောက်ကြရန် ကြက်သားဟင်းနှင့်တကွ ထမင်းတောင်းကိုယူ၍ ဂင်္ဂါမြစ်သို့လာ ခဲ့ကြ၏။ ကမ်းခြေတစ်နေရာတွင် ထမင်းတောင်းကို ချထားခဲ့ပြီး နှစ်ဦးအတူ ရေ ခိုးနေကြစဉ် ရုတ်တရက် လေပြင်းတိုက်ခတ်လိုက်သဖြင့် မြစ်ရေသည် လှိုင်းတက် ကာ ပြန်အကျတွင် ထမင်းတောင်းသည် မြစ်ရေနှင့်အတူ မျောပါသွား၏။ ထမင်း ကို အောက်ဘက်ရေဆိပ်၌ ဆင်များကို ရေခိုးနေသော ဆင်ဆရာက ဆယ်ယူ ရရှိသွား၏။ ဆင်ဆရာသည် ထိုထမင်းတောင်းကို အိမ်သို့ ပို့ခိုင်းပြီး 'ငါမရောက် မီ မဖွင့်နှင့်' ဟူ၍လည်း ဇနီးသည်ထံ အမှာစကား ပါးလိုက်သည်။

ထိုအချိန်၌ ဆင်ဆရာ၏ ဆရာဖြစ်သော ဒိဗ္ဗစက္ခုရ ရှင်ရသေ့သည် ထို အကြောင်းအလုံးစုံကို မြင်သိရသဖြင့် အိမ်သို့ ကြွပြီးလျှင် ဆင်ဆရာ ပြန်ရောက်

http://www.dhammadownload.com

လာချိန်ကို စောင့်နေလိုက်၏။ ဆင်ဆရာ ပြန်ရောက်လာသောအခါ ရှင်ရသေ့အား ထိုထမင်းတောင်းကိုပင် ဆက်ကပ်စေပြီး ရသေ့သည် ကြက်သားဟင်းထဲမှ ကြီးမြတ်သောအသား(ကြက်အသည်းအမြစ်)များကို ဆင်ဆရာအားငင်း၊ အပြင်သားကို ဆင်ဆရာ၏ဇနီးအားငင်း စားစေ၏။ အရိုးအသားကိုမူ မိမိစား၍ 'သင်သည် ယနေ့မှစ၍ သုံးရက်မြောက်နေ့၌ မင်းဖြစ်လတ္တံ့၊ မမေ့မလျော့ သတိဝိရိယနှင့်နေ'ဟု မှာ၍သွားသည်။

သုံးရက်မြောက်နေ့၌ ပြည်နီးခြင်း မင်းတစ်ပါးသည် ဗာရာဏသီသို့ လာရောက်တိုက်ခိုက်ရာ ဆင်ဆရာအား မင်းအသွင်ဖြင့် ဆင်စီး၍ စစ်ထိုးစေသည်။ ဗာရာဏသီမင်းကမူ မထင်ရှားသည့်အသွင်ဖြင့် စစ်သားများကို စီမံကွပ်ကဲနေ၏။ ထိုစဉ် မြားတစ်စင်းသည် မင်းကို လာရောက်ထိမှန်သဖြင့် ထိုအဖြစ်ကိုသိသော ဆင်ဆရာသည် ရှေ့တန်းမှ ရွှမ်းရွှမ်းခွါခွါ တိုက်ခိုက်သူများအား အသပြာဆုတော်ငွေ ခြီးမြှင့်မည်'ဟု ကြေငြာလိုက်၏။ ထိုအခါ စစ်သားများသည် တအားဖိ၍ တိုက်ကြရာ ထိုဓာတွင်ပင် ရန်သူမင်း ကျဆုံး၍ အောင်ပွဲရခဲ့လေသည်။

စစ်ပွဲပြီးချိန်၌ အမတ်များသည် ဆင်ဆရာကိုပင် မင်းအဖြစ် တင်မြှောက်လိုက်ကြပြီး သူဇနီးကိုလည်း မိဖုရားကြီးအရာကို ပေးလိုက်ကြ၏။ ဘုရားလောင်းရသေ့ကား မင်းဆရာ ဖြစ်လာလေသည်။

ဇာတ်ပေါင်းသော် မင်းသည် အာနန္ဒာ၊ မင်းဆရာသည် ဗုဒ္ဓဖြစ်လာသည်။

သင်ခန်းစာ

ကျက်သရေသည် ကုသိုလ်က်၏ ဖွံ့ဖြိုးမှု ဖြစ်၏။ ကျက်သရေကို မည်သူကမျှ ခိုးယူ၍ မရနိုင်၊ မိမိကိုယ်တိုင် ကောင်းမှုကုသိုလ် ပြုလုပ်မှသာလျှင် ကျက်သရေကို ရနိုင်၏။ ဤဇာတ်တော်၌ တန်ခိုးရှိစေနိုင်သော အရာကို ရထားပါလျက်နှင့် ရသူက ဘုန်းကံမရှိ မထိုက်တန်သဖြင့် ထိုအရာသည် ထိုက်တန်ရာ အခြားသူထံသို့ ရောက်သွားရ၏။ ဘုန်းကံရှိသူမှသာ ဘုန်းကံရှိသော အရာကို ရနိုင်သည်။ စသော သင်ခန်းစာများ ရရှိပါသည်။

http://www.dhammadownload.com

၅-မဏိသူကရဇာတ်အကျဉ်းချုပ် (၂၈၅)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် လာဘ်လာဘ ဆုတ်ယုတ်လာသော တိတ္ထိများ၏ စေခိုင်းချက်အရ သုန္ဒရီပရိဗိုဇ်မသည် ညနေချမ်းသို့ရောက်လျှင် ဇေတဝန်ကျောင်းတော်ဆီသို့ သွား၏။ ကျောင်းတော်မှ ပြန်လာသူတို့က မေးလျှင် ရဟန်းဂေါတမနှင့်အတူ အိပ်ရန်ဟုပြော၏။ ကျောင်းတော်အနီးမှ ပရိဗိုဇ်ကျောင်းတစ်ခုမှာ သွားအိပ်ပြီးလျှင် နံနက်စောစောတွင် ဇေတဝန်ကျောင်းတော်ဆီမှ ထွက်လာဟန်ပြု၏။ ကျောင်းတော်သို့ လာသူများနှင့်ဆုံလျှင် ရဟန်းဂေါတမနှင့်အတူ အိပ်၍ ပြန်လာခဲ့သည်ဟုပြော၏။ ဤသို့နှစ်ရက်သုံးရက် ကြာလျှင် သုန္ဒရီပျောက်ဆုံးသွားရာ တိတ္ထိများက ကျောင်းတော်ဘေးမှာ ရှာလိုကြောင်း ကောသလမင်းထံ ခွင့်တောင်းကြ၏။ မင်းကြီးက ရှာခွင့်ပြုလိုက်သဖြင့် ဇေတဝန်ကျောင်း တံတိုင်းဘေးရှိ ပန်းမိုက်များကို လှန်၍ ရှာကြသော် သုန္ဒရီ၏အလောင်းကို တွေ့ကြရ၏။ တိတ္ထိတို့သည် သုန္ဒရီ၏အလောင်းကို ညောင်စောင်းမှာတင်၍ 'ရဟန်းဂေါတမ၏အမှုကို ရှုကြကုန်လော့၊ ရဟန်းဂေါတမ၏အမှုကို ဖုံးကွယ်ရန် ရဟန်းများက သုန္ဒရီကို သတ်ကြသည်'ဟု သာဝတ္ထိမြို့တော်မှာ ကြွေးကြော်ကြသည်။ ထိုအမှုနှင့်ပတ်သက်၍ ဘုရားရှင်သည် ဆိတ်ဆိတ်နေတော်မူ၏။ သို့ရာတွင် အရက်မူး၍ ရန်ဖြစ်ကြသူများမှတစ်ဆင့် တိတ္ထိများက ငွေပေး၍ အသတ်ခိုင်းကြောင်း ပေါ်ပေါက်သွားလေ၏။ ထိုအကြောင်းနှင့် စပ်၍ မြတ်စွာဘုရားက 'ရဟန်းတို့၊ တိတ္ထိတို့သည် ရှေးအခါက ဇောတိရသ ပတ္တမြားကို ညစ်နွမ်းအောင် ပြုသော်လည်း အချည်းနှီး ဖြစ်ခဲ့ကြရဖူးသည်'ဟု မိန့်တော်မူကာ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် ရွာငယ်တစ်ရွာတွင် ပုဏ္ဏားမျိုးနွယ်၌ဖြစ်၍ အရွယ်ရောက်ချိန်တွင် ရသေ့ပြုကာ ဟိမဝန္တာ၌ နေ၏။ သူ့ကျောင်းအနီး၌ ပတ္တမြားဂူတစ်ခု ရှိရာ ဝက်အုပ်စုတစ်စုသည် ထိုဂူထဲ၌ လာရောက်နေထိုင်ကြ၏။ ခြင်္သေ့ကြီးတစ်ကောင်သည် ထိုဂူအနီး၌ ပုံမှန်ပင် လာရောက်ကျက်စားလေ့ရှိရာ သူရောက်လာတိုင်း သူအရိပ်

http://www.dhammadownload.com

သည် ပတ္တမြားဂူ၌ လာထင်သဖြင့် ဝက်များသည် အထိတ်တလန့် ဖြစ်ကြရ၏။ ထို့ကြောင့် ကြည်လင်သော ပတ္တမြားရောင်အား ညစ်နွမ်းသွားစေရန် ဝက်များသည် ညွှန်၌လူး၍ ပတ္တမြားဂူကို ကိုယ်ဖြင့်ပွတ်တိုက်ကြ၏။ သို့ရာတွင် ပတ္တမြားဂူသည် ဝက်မွေးများဖြင့် ပွတ်တိုက်ခြင်းခံရလေ ပို၍ကြည်လင်ပြောင်လက်ခြင်း ရှိလာလေ ဖြစ်နေသည်။

သို့ဖြစ်၍ ဝက်များသည် အနီးရှိ ရသေ့ကျောင်းသို့ သွားရောက်ကြကာ ပတ္တမြားကို ညစ်နွမ်းသွားအောင် ပြုနိုင်မည့်နည်းကို မေးမြန်းကြသည်။ ထိုအခါ ရသေ့က 'ပတ္တမြားကောင်း၏ အရောင်ကို ပယ်ဖျောက်ခြင်းငှာ မစွမ်းနိုင်၊ သင်တို့သာလျှင် ဤနေရာမှ အခြားနေရာသို့ ပြောင်းရွှေ့နေကြ' ဟု ပြောဆိုလိုက်၍ ဝက်များသည် အခြားနေရာသို့ ပြောင်းရွှေ့သွားခဲ့ကြလေသည်။

ဇာတ်ပေါင်းသော် ရသေ့သည် ဗုဒ္ဓဖြစ်လာသည်။

သင်ခန်းစာ

ဤလောက၌ လူအများစုသည် မိမိထက် အရာရာသာလွန်သော သူတို့အပေါ်၌ မောဟပွား၍ မနာလို မရှုစိမ့်ဖြစ်ကာ ဖျက်လိုဖျက်ဆီး ပြုလိုကြ၏။ လူမိုက်သည် ပညာရှိအား ဝန်တိုမနာလိုစိတ်ဖြင့် မကောင်းမှုပြု၏။ ထိုသို့ပြုလေတိုင်း ပညာရှိသည် မည်သို့မျှ မတုံ့ပြန်ဘဲ သည်းခံ၏။ ထိုအခါ ပတ္တမြားဂူကို ရှဉ့်နှင့် ပွတ်သော်လည်း အရောင်မမှိန်ဘဲ ပို၍ကြည်လင် ပြောင်လက်လာသကဲ့သို့ ပညာရှိ၏ ဂုဏ်သတင်းသည်လည်း ပို၍ပင် ကျော်ကြားလာ၏။ ပတ္တမြားမှန်ကန်ခဲ့မနစ်ချေ။ စသော သင်ခန်းစာများ ရရှိပါသည်။

၆-သာလူကဇာတ်အကျဉ်းချုပ်(၂၈၆)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် အပျိုကြီး ဖြားယောင်း၍ သာသနာတော်၌ ငြိုးငွေ့သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

http://www.dhammadownload.com

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် နွားမျိုး၌ဖြစ်၍ မဟာလောဟိတ မည်၏။ ညီငယ်နွားကား စူဠလောဟိတ မည်၏။ သူတို့၏သခင်အိမ်၌ စေ့စပ်ထားသော သမီးပျိုတစ်ယောက်လည်းရှိ၏။ 'သာလူက'ဟု အမည်ပေးထားသော ဝက်တစ်ကောင်လည်း ရှိသေးရာ ထိုဝက်အား ယာဂုထမင်းဖြင့် ကျွေးကြသည်ကို စူဠလောဟိတက မကျေနပ်ချေ။

ထိုအခါ မဟာလောဟိတက ' ညီထွေး၊ သာလူက၏ အစားအစာကို မနှစ်သက်လင့်၊ သူသည် သေရမည့် အစာကို စားနေရ၏။ မိန်းမပျို လက်ထပ်သည့်နေ့၌ ဟင်းလျာပြုလုပ်ရန် ရည်ရွယ်၍ မွေးထားခြင်းဖြစ်သည်'ဟု ပြောပြ၏။ ရက်များမကြာမီ လက်ထပ်ပွဲကျင်းပသောအခါ သာလူကကိုသတ်၍ ဟင်းလျာအဖြစ် ချက်ပြုတ်ကြ၏။ ထိုအခါမှ စူဠလောဟိတသည် ' နောင်တော် ငါသည် သာလူက အစာ၏ အကျိုးကိုမြင်ရပြီး ထိုအစာကို စားရခြင်းထက် ငါတို့၏ မြက်ကောက်ရိုးတို့ကို စားနေရခြင်းက အရာထောင်မက မြတ်၏။ အသက်ရှည်ခြင်းလည်းဖြစ်၏' ဟု နောင်တော် မဟာလောဟိတကို ပြောလေသည်။

ဇာတ်ပေါင်းသော် သာလူကဝက်သည် အပျိုကြီး ဖြားယောင်းခြင်း ခံရသော ရဟန်း၊ ရှေ့ကမိန်းမပျိုသည် အပျိုကြီး၊ စူဠလောဟိတသည် ရှင်အာနန္ဒာ၊ မဟာလောဟိတသည် ဘုဒ္ဓဖြစ်လာသည်။

သင်ခန်းစာ

ပညာဖြင့် ဆင်ခြင်၍ သင့်တင့်လျောက်ပတ်စွာ စားသောက်နေထိုင်ခြင်းသည် ကျန်းမာ အသက်ရှည်ကြောင်း ဖြစ်၏။ အစားအစာ၌ မတပ်မက်ဘဲ မိမိနှင့် သင့်လျော်သော အစာကိုသာ စားသုံးသင့်ပါသည်။ ပညာမဲ့သူသည် ဘေးကို မမြင်၊ အစာကိုသာ မြင်သဖြင့် အစာကြောင့်ပင် အသက်ဆုံးရှုံးရ၏။ ပညာရှိတို့၏ ဆုံးမစကားကို လေးစားလိုက်နာမှသာ ဘေးကင်းနိုင်မည်။ စသော သင်ခန်းစာများ ရရှိပါသည်။

http://www.dhammadownload.com

၇-လာဘဂရဟဇာတ်အကျဉ်းချုပ် (၂၈၇)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် လာဘ်လာဘပေါများစေရန် ကျင့်သုံးရမည့် နည်းလမ်းကို ဟောကြားပေးပါရန် တောင်းပန်လာသော အရှင်သာရိပုတ္တရာနှင့် အတူနေ တပည့်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် ဒိသာပါမောက္ခဆရာကြီး ဖြစ်လေ၏။ တစ်နေ့တွင် တပည့်လူငယ် ငါးရာထဲမှ ကိုယ်ကျင့်သီလနှင့် ပြည့်စုံသော တပည့်တစ်ယောက်သည် ဆရာကြီးအနီးသို့ ချဉ်းကပ်ကာ လာဘ်ပေါများစေရန် လိုက်နာကျင့်သုံးရမည့် အကျင့်တရားကို မေးလျှောက်သည်။

ထိုအခါ ဆရာကြီးက ၁။ အရှက်အကြောက်မရှိခြင်း၊ ၂။ ကုန်းတိုက်တတ်ခြင်း၊ ၃။ ကချေသည်တို့ကဲ့သို့ အမူအရာပြုတတ်ခြင်း၊ ၄။ ရောက်တတ်ရာရာကို ပြောဆိုတတ်ခြင်း ဟူသော အင်္ဂါလေးပါးတို့ကို ဟောကြားလိုက်၏။ တပည့်သည် ထိုအကျင့်ကို ပြစ်တင်ကဲ့ရဲ့စကားဆို၍ ထသွားပြီးနောက် မကြာမီ ရသေ့ပြု၍ တောထွက်လေသည်။

ဇာတ်ပေါင်းသော် တပည့်လုလင်သည် လာဘ်ပေါများကြောင်း ဖြစ်သော အကျင့်ကို ကဲ့ရဲ့သောရဟန်း၊ ဒိသာပါမောက္ခသည် ဗုဒ္ဓဖြစ်လာသည်။

သင်ခန်းစာ

လာဘ်ရကြောင်း အကျင့်နှင့် နိဗ္ဗာန်ရကြောင်း အကျင့်တို့သည် တစ်မျိုးတစ်ခြား တစ်ပါးစီသာဖြစ်၏။ လာဘ်ပေါများစေရန် အရှက်အကြောက်မရှိခြင်း၊ ကုန်းတိုက်တတ်ခြင်း၊ ကချေသည်တို့ကဲ့သို့ အမူအရာပြုတတ်ခြင်း၊ ရောက်တတ်ရာရာကို ပြောဆိုတတ်ခြင်းဟူသော အင်္ဂါလေးပါးတို့ကို ပြုကျင့်ရ၏။ လာဘ်ပေါအောင် လုပ်ရသည်မှာ ရှက်စရာဖြစ်၍ လာဘ်လာဘသည် မကောင်းမှုနှင့်လည်း မကင်းနိုင်ပေ။ စသော သင်ခန်းစာများ ရရှိပါသည်။

http://www.dhammadownload.com

၈-မစ္ဆုဒ္ဒါနဇာတ်အကျဉ်းချုပ် (၂၈၈)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် သာဝတ္ထိမြို့တော်မှ မရိုးဖြောင့်သော ကုန်သည်တစ်ယောက်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် သူကြွယ်မျိုး၌ဖြစ်၍ အဖကွယ်လွန်သွားပြီးခြင်း၌ သူသည် ညီဖြစ်သူနှင့်အတူ ပေါင်းစပ်၍ ကုန်ရောင်းကုန်ဝယ် ပြုလုပ်၏။ တစ်နေ့တွင် သူတို့ညီအစ်ကိုသည် ကုန်ရောင်းထွက်ခဲ့ရာမှ လှေဖြင့်ပြန်လာခဲ့ကြရာ လှေကို မြစ်ဆိပ်တစ်ခု၌ ဆိုက်ကပ်၍ ထမင်းစားကြ၏။ အစ်ကိုသည် စားကြွင်းများကို မြစ်ထဲမှ ငါးများအား ကျွေးပြီးနောက် ယင်းကုသိုလ်၏အဖို့ဘာဂကို မြစ်စောင့်နတ်အား ပေးဝေ၏။ မြစ်စောင့်နတ်သည် ထိုကောင်းမှုကို သာဓုခေါ်ရသဖြင့် နတ်စည်းစိမ်များ တိုးပွားခဲ့ရ၏။

အစ်ကိုသည် ထမင်းစားပြီးနောက် သောင်ပြင်ပေါ်တွင် ခဏတစ်ဖြုတ် မှေးစက်နေစဉ် ညီသည် ကုန်ရောင်း၍ရလာခဲ့သော အသပြာငွေ တစ်ထောင်ကို သူတစ်ဦးတည်းသာ ပိုင်ဆိုင်လို၍ ကျောက်စရစ်ခဲများကို ငွေထုပ်နှင့် သဏ္ဌာန်တူထုပ်စည်းထားလိုက်၏။ လှေပြန်ထွက်၍ မြစ်လယ်သို့ ရောက်သောအခါ ကျောက်စရစ်ထုပ်အမှတ်ဖြင့် ငွေထုပ်ကို မြစ်ရေထဲသို့ ချပစ်လိုက်၏။ နှုတ်ကလည်း 'ဟော အစ်ကို၊ ငွေထုပ်ကြီး ကျသွားပြီ၊ ဘယ်လိုလုပ်ပါမည်နည်း'ဟုဆိုရာ အစ်ကိုက ခပ်အေးအေးပင် 'ပူမနေပါနဲ့'ဟုသာဆို၏။ ထိုအခြင်းအရာကို မြင်နေရသော မြစ်စောင့်နတ်သည် ကျေးဇူးရှင်၏ ထိုငွေထုတ်ကို ငါးကြီးတစ်ကောင်အား မျိုထားစေ၍ အမြဲစောင့်ကြပ်နေလေသည်။

တစ်နေ့တွင် တံငါတို့၏ပိုက်ကွန်၌ ငါးကြီးတစ်ကောင်မိလာရာ ထိုငါးကြီးကို တစ်ထောင်ခုနစ်ပဲ တန်ဖိုးဖြတ်၍ ရောင်းရာတွင် ဝယ်သူမရှိပေ။ နောက်ဆုံးတွင် အစ်ကိုကုန်သည်၏အိမ်၌ ခုနစ်ပဲတည်းဖြင့် လာရောင်း၍ ဝယ်ထားလိုက်သည်။ ကုန်သည်၏ဇနီးသည် ငါးကိုချက်ရန် ဝမ်းကိုခွဲလိုက်ရာ အသပြာငွေထုပ်သည် ငါးဝမ်းထဲမှ ထွက်လာလေသည်။

http://www.dhammadownload.com

ဇာတ်ပေါင်းသော် ညီသူကြွယ်သည် စဉ်းလဲသော ကုန်သည်၊ အစ်ကို သည် ဗုဒ္ဓဖြစ်လာသည်။

သင်ခန်းစာ

ရသမျှနှင့်ရောင့်ရဲနိုင်ခြင်းသည် ချမ်းသာခြင်းဖြစ်၏။ လောဘကြီးသူသည် ရသမျှနှင့် ရောင့်ရဲကျေနပ်မှုမရှိဘဲ သူတစ်ပါး၏ပစ္စည်းဥစ္စာကိုပါ အကောက်ကြဲ၍ ရယူချင်ကြ၏။ ပစ္စည်းဥစ္စာနှင့် ပတ်သက်လာလျှင် တစ်အူတုံဆင်း ညီအစ်ကို အရင်းအချာသည်ပင် မယုံကြည်ရပေ။ သူတစ်ပါးအပေါ်၌ အကောက်ကြဲလျှင် ကိုယ်သာ ဆိုးကျိုးခံရတတ်၏။ သူတော်ကောင်းကို နတ်များ ကူညီစောင့်ရှောက်ကြသဖြင့် မိမိ၏ဥစ္စာရင်းမှန်လျှင် ပြန်ရမည်သာ ဖြစ်၏။ စသော သင်ခန်းစာများ ရရှိပါသည်။

၉-နာနာဆန္ဒဇာတ်အကျဉ်းချုပ် (၂၈၉)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဘုရားရှင်၏ ပထမ ဗောဓိဝါတော် နှစ်ဆယ်ပြည့်ခဲ့ချိန်တွင် အရှင်အာနန္ဒာသည် ဘုရားရှင်၏ အမြဲတမ်း အလုပ်အကျွေး ရာထူးကို ရလေ၏။ ပယ်လည်း လေးတန်၊ ပန်လည်း လေးခု ဆုရှစ်ခုကိုလည်း တောင်းယူရရှိ၏။ ဤအကြောင်းနှင့်စပ်၍ ဤအတိတ် ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် ထိုမင်းကြီး၏ သားတော်ဖြစ်၍ အမည်မှာလည်း ဗြဟ္မဒတ်ပင်ဖြစ်၏။ အဖကွယ်လွန်၍ သူမင်းဖြစ်လာသော် ဆင်းရဲသားအသွင်ဖြင့် မြို့တွင်းသို့ စုံစမ်းလျက် လှည့်လည်၏။ သူသည် လမ်းပေါ်တစ်နေရာ၌ ခိုးမှုကျူးလွန်ပြီးခါစ သူခိုးတစ်စုနှင့် တွေ့ဆုံရာ သူခိုးများသည် ရုပ်ဖျက်ထားသော မင်းကြီးကို ဖမ်းဆီးကြကာ အပေါ်ရုံပုဆိုးကို ချွတ်ယူကြပြီး သေရည်းအိုး ထမ်းခိုင်း၍ ခေါ်သွားကြသည်။

ထိုအချိန်၌ ရာထူးမှ ချထားခြင်းခံရသော ပုရောဟိတ်အမတ်တစ်ဦးသည် လမ်းပေါ်သို့ထွက်၍ နက္ခတ်ကိုကြည့်ပြီး ပုဏ္ဏားမအား 'ရှင်မ၊ ငါတို့ မင်းသည်

http://www.dhammadownload.com

ရန်သူလက်သို့ ကျရောက်နေသည်'ဟုပြောလိုက်စဉ် အနီးမှဖြတ်သွားသော မင်းသည် ထိုစကားကို ကြားခဲ့ရ၏။ လူဆိုးများကို တောင်းပန်၍ပြန်လွှတ်လာသော အခါ၌လည်း မင်းကြီးသည် ထိုလမ်းမှပင် ပြန်လာခဲ့ရာ ပုရောဟိတ် နက္ခတ်တွက်ကြည့်ချိန်နှင့်ပင် တိုက်ဆိုင်နေပြန်၏။ ဤအခါမှာမူ 'ရှင်မ၊ ငါတို့ မင်းသည် ရန်သူလက်မှ လွတ်မြောက်သွားပြီ' ဟူသော အသံကို ကြားခဲ့ရပြန်၏။ မင်းကြီးသည် ထိုအိမ်တည်ရှိရာကို မှတ်သားခဲ့ပြီးနောက် နန်းတွင်းသို့ ပြန်လာသည်။

နံနက်မိုးလင်းချိန်၌ မင်းကြီးသည် ပုဏ္ဏားများအားခေါ်၍ လွန်ခဲ့သောညက နက္ခတ်ကောင်း, မကောင်း၊ အန္တရာယ်ရှိခဲ့သည်, မရှိခဲ့သည်များကို မေးတော်မူလေ၏။ ပုဏ္ဏားများက 'နက္ခတ် ကောင်းခဲ့ပါသည်။ အန္တရာယ်လည်း မရှိခဲ့ပါ' ဟု လျှောက်တင်ကြ၏။ ထိုအခါ မင်းကြီးသည် ပုရောဟိတ် အမတ်ဟောင်းကို ခေါ်ယူ၍မေးရာ 'လွန်ခဲ့သော ညက နက္ခတ်မကောင်းခဲ့ပါ။ မင်းကြီးသည် ရန်သူလက်သို့ကျရောက်ခဲ့ရပါသည်။ မကြာမီပင် ပြန်လွှတ်လာခဲ့ပါသည်ဟု လျှောက်တင်လိုက်၏။ မင်းကြီးသည် အခြားပုဏ္ဏားများအား နန်းတော်မှ နှင်ထုတ်လိုက်ကာ ပုရောဟိတ်အမတ်ဟောင်းကိုမူ ရယူလိုသည့်ဆုကို တောင်းစေပြီး တောင်းသမျှကိုလည်းပေးကာ မူလရာထူး၌ပင် ပြန်၍ခန့်ထားလိုက်လေသည်။

ဇာတ်ပေါင်းသော် ပုရောဟိတ်ပုဏ္ဏားသည် အရှင်အာနန္ဒာ၊ မင်းကြီးသည် ဗုဒ္ဓဖြစ်လာသည်။

သင်ခန်းစာ

အချိန်အခါမဲ့ သွားလာလျှင် လူဆိုးလူမိုက်တို့၏ အနှိုင်ကျင့် နှိပ်စက်ခြင်းခံရတတ်၏။ နက္ခတ်ပညာကို တတ်ကျွမ်းသောသူသည် နက္ခတ်တာရာကိုကြည့်၍ တိုင်းပြည်အကြီးအကဲ၏ ကောင်းကျိုးဆိုးကျိုးကို သိနိုင်သည်။ အတတ်ပညာကား အသုံးချတတ်လျှင် မြတ်၏။ အလုပ်တာဝန်ကို လေးစားလျှင် အလုပ်ကပြန်လည် ကျေးဇူးပြု၏။ အမှုထမ်းတို့မည်သည် မိမိအရှင်သခင် အကြီးအကဲ၏ အရေးကိစ္စများကို အသိပညာနှင့် ဆင်ခြင်၍ မမေ့မလျော့ မပေါ့ဆဘဲ ကျေပွန်စွာ ဆောင်ရွက်သင့်ပါသည်။ စသော သင်ခန်းစာများ ရရှိပါသည်။

http://www.dhammadownload.com

၁၀-သီလဝိမံသဇာတ်အကျဉ်းချုပ်(၂၉၀)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် သီလကို စုံစမ်းလိုသော ပညာရှိ ပုဏ္ဏားတစ်ယောက်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ပြဟ္မဒတ်မင်း မင်းပြုစဉ် ဘုရားလောင်းသည် ထိုမင်း၏ ပုရောဟိတ်ပုဏ္ဏား ဖြစ်၏။ ထိုပုဏ္ဏားသည် ကိုယ်ကျင့်သီလ ကောင်းမွန်၍ ဗေဒင်သုံးပုံကိုလည်း တတ်မြောက်သူဖြစ်သဖြင့် မင်းသည် သူ့ကို အလွန်ကြည်ညိုလေးစား၏။ တစ်နေ့၌ ပုဏ္ဏားကြီးက မင်းသည် သူ့အား ပို၍လေးစားခြင်းအကြောင်းကို သိလို၍ စုံစမ်းကြည့်မည်ဟု ကြံစည်ကာ နန်းတွင်းမှ အပြန်တွင် ရွှေပန်းထိမ်သည်၏ ပျဉ်ချပ်ပေါ်မှ ငွေအသပြာတစ်ကျပ်ကို တိတ်တဆိတ် ယူလာခဲ့၏။ ပုဏ္ဏားသည် နောက်နေ့တွင် အသပြာနှစ်ကျပ်၊ တတိယနေ့တွင်မူ အသပြာ လက်တစ်ဆုပ်ကို ကောက်ယူလေတော့သည်။

ထိုအခါ ပန်းထိမ်တော်ဝန်သည် ပုဏ္ဏားကြီးအား သူခိုးအဖြစ် ဖမ်းဆီး၍ မင်းထံသို့ ခေါ်ဆောင်လာခဲ့ရာ လမ်းခရီးတွင် အလမ္ဘယ်ဆရာတစ်စုနှင့် တွေ့၏။ ပုဏ္ဏားက သူတို့အား 'အမောင်တို့ ဤမြွေကိုမကစားလင့်၊ ဤမြွေသည် သင်တို့ကို ကိုက်လျှင် သင်တို့သည် အသက်ကုန်ခြင်းသို့ ရောက်ကြရလေမည်'ဟု ဆို၏။ အလမ္ဘယ်ဆရာတို့က 'ပုဏ္ဏား၊ ဤမြွေသည် ငါ့ကိုမကိုက်၊ သီလရှိ၏။ လူတို့တွင် သီလရှိသောသူဖြစ်ပါမူ ဆိုဖွယ်မရှိချေ။ ဤလောက၌ သီလသည်သာလျှင် မြတ်၏။ သီလထက် မြတ်သောတရားသည် မရှိ' ဟု ပြန်၍ပြောပြကြ၏။

မင်းကြီးထံသို့ရောက်လျှင် မင်းကြီးက ပုဏ္ဏားကြီးအား အဘယ်ကြောင့် ဤသို့သော အမှုကို ပြုရသနည်း'ဟု မေးတော်မူရာ ပုဏ္ဏာကြီးက ' ဥစ္စာ၊ အမျိုးအနွယ်နှင့် သီလတို့တွင် မည်သည့်အရာက မြင့်မြတ်သည်ကို သိလို၍ စုံစမ်းခြင်းသာ ဖြစ်ပါသည်။ ဤလောကတွင် သီလသည်သာ အမြတ်ဆုံးဖြစ်ပါသည်' ဟု တင်လျှောက်လိုက်လေ၏။ ထို့နောက် သူသည် မင်းထံတွင် ခွင့်တောင်း၍ ရသေ့ရဟန်းပြုပြီးလျှင် ဟိမဝန္တာသို့ ဝင်သွားလေသည်။

http://www.dhammadownload.com

ဇာတ်ပေါင်းသော် ဗာရာဏသီမင်းသည် အရှင်အာနန္ဒာ၊ မင်း၏ပရိသတ်သည် ဗုဒ္ဓ၏ပရိသတ်၊ ပုရောဟိတ်ပုဏ္ဏားသည် ဗုဒ္ဓဖြစ်လာသည်။

သင်ခန်းစာ

လောကဌ် လူတို့သည် ဇာတ်အမျိုးအနွယ် ပညာဂုဏ်စသည်တို့နှင့် ပြည့်စုံသောသူတို့ကို နှစ်သက်မြတ်နိုးကြသည်ထက် အကျင့်သီလနှင့်ပြည့်စုံသောသူကိုသာ ပို၍ နှစ်သက်မြတ်နိုး အလေးထားကြ၏။ အတတ်ပညာ ရှိသော်လည်း အကျင့်သီလမရှိလျှင် အချည်းအနှီးသာ၊ လောကဌ် ကိုယ်နှုတ်စိတ်တို့ကို စောင့်ထိန်းမှု ကိုယ်ကျင့်သီလသာ အမြတ်ဆုံးဖြစ်၍ ကိုယ်ကျင့်သီလကို လုံခြုံအောင် စောင့်ထိန်းသင့်၏၊ စသော သင်ခန်းစာများ ရရှိပါသည်။

၅-ကုမ္ဘဝဂ်

၁-သုရာယဥဇာတ်အကျဉ်းချုပ်(၂၉၁)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ကုဋေ့ လေးဆယ်မျှသော မိဘအမွေကို သုံးဖြုန်းပစ်သော အနာထပိဏ်သူဌေးကြီး၏ တူကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် မြေမြုပ်ဥစ္စာ ကုဋေ့လေးဆယ် ကြွယ်ဝသော သူဌေးကြီး ဖြစ်၍ သားတစ်ယောက် ရှိ၏။ သား လူလားမြောက်ချိန်၌ သူဌေးကြီးကွယ်လွန်၍ သိကြားမင်း ဖြစ်လေ၏။ ထိုအခါ သားဖြစ်သူသည် လမ်းပေါ်တွင် မဏ္ဍာပ်ဆောက်ကာ အပေါင်းအသင်းများနှင့်အတူ သောက်စားပွဲကြီး ကျင်းပ၏။ ကျွမ်းထိုးပြသူ၊ အပြေးပြိုင်သူ၊ သီဆိုကခုန်သူတို့ကို ငွေအသပြာတစ်ထောင်စီ ဆုအဖြစ် ချီးမြှင့်၏။ ထိုမျှသာမက အပျော်အပါးကြူးခြင်း၊ အရက်သောက်ကြူးခြင်း၊ သားစားကြူးခြင်းတည်းဟူသော အကြောင်းများကြောင့် ကုဋေ့လေးဆယ်သော ဥစ္စာများသည် မကြာမီ ကုန်ခန်းသွား၍ သူဌေးသားဘဝမှ သူတောင်းစားဘဝသို့ ကျရောက်ရလေသည်။

http://www.dhammadownload.com

ဘဝခြားခဲ့သော်လည်း သံယောဇဉ် နွယ်နေရသေးသော သိကြားမင်းသည် သားဖြစ်သူကို ကယ်မလိုသဖြင့် အလိုရှိသမျှတို့ကို ထုတ်ပေးနိုင်စွမ်းရှိသော 'ကွန္ဓာသယ' အိုးတစ်လုံး လာရောက်ပေးအပ်၏။ မကွဲအောင် စောင့်ရှောက်ရန် မှာထားခဲ့ပြီးနောက် နတ်ပြည်သို့ ပြန်လာခဲ့၏။ သားဖြစ်သူသည် ထိုအိုးကို ရလာခါမှ အရက်ကိုသာ အချိန်မရွေး သောက်တော့၏။ တစ်နေ့တွင် အရက်မူးယစ်၍ ထိုအိုးကို အပေါ်သို့ ပစ်မြှောက်လျက် အောက်မှ ဆီးဖမ်းကစားရာ အိုးသည် လက်ထဲသို့ ရောက်မလာဘဲ မြေပြင်၌ ကျ၍ကွဲသွား၏။ ထိုအခါမှစ၍ သူသည် ပြန်၍ မွဲတေသွား၏။ သူတောင်းစားဘဝနှင့် အသက်မွေးရင်း သူတစ်ပါးတို့၏ တိုက်နံရံကိုမှီ၍ သေဆုံးခဲ့ရလေသည်။

ဇာတ်ပေါင်းသော် ယခင်ကသူဌေးသားသည် ယခု အနာထပိဏ်သူဌေး၏တူ၊ သိကြားမင်းသည် ဗုဒ္ဓဖြစ်လာသည်။

သင်ခန်းစာ

သောက်စားမူးယစ်ခြင်း, အပျော်အပါးကြူးခြင်း, လောင်းကစားခြင်းတို့သည်ကား စည်းစိမ်ဥစ္စာ ပျက်စီးကြောင်းတို့ဖြစ်၏။ စည်းစိမ်ဥစ္စာများစွာ ရရှိထားသော်လည်း တရားမရှိဘဲ သုံးဖြုန်းပစ်လျှင် တစ်ခဏချင်းပင် ကုန်ခန်းသွားနိုင်၏။ မကောင်းသော ဝါသနာစရိုက်ရှိသူ လူမိုက်တို့သည် သိကြားမင်းကိုယ်တိုင်လာ၍ လိုတရအိုးကို ပေးသော်လည်း အကျိုးမရှိ၊ ကယ်ဆယ်၍ မရခေ့၊ ဆင်ခြင်ဉာဏ်ကင်းမဲ့သဖြင့် လိုတရအိုးကိုပင် ဖျက်ဆီးပစ်တတ်၏။ လူမိုက်နှင့်ငွေ အတူမနေနိုင်ပေ။ စသော သင်ခန်းစာများ ရရှိပါသည်။

၂-သုပတ္တဇာတ်အကျဉ်းချုပ်(၂၉၂)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် လေနာရောဂါကြောင့် မကျန်းမမာဖြစ်နေသော ဗိမ္ဗာဒေဝီထေရ်ရီမသည် ရှင်သာရိပုတ္တရာ ဆွမ်းခံရာမှ ရရှိခဲ့သော ငါးကြင်းသားနှင့် ထောပတ်များ ရောနှောထားသော သလေးဆွမ်းသစ်ကို စားသုံးရသဖြင့် ရောဂါငြိမ်းအေးမှုကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

http://www.dhammadownload.com

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် သုပတ္တကျီးမင်းဖြစ်၍ အခွေအရံ ရှစ်သောင်းနှင့်တကွ ဗာရာဏသီပြည်ကို မှီ၍နေလေ၏။ သူ၏မိဖုရားမှာ 'သုဖဿာ' ဖြစ်၍ စစ်သူကြီးက 'သုမုခ' ဖြစ်၏။ တစ်နေ့တွင် ကျီးမင်းသည် ကျီးမိဖုရားနှင့်အတူ အစာရှာထွက်လာရာ မင်းကြီး၏ စားဖိုဆောင်ပေါ်မှဖြတ်၍ ပျံသန်းကြစဉ် ကျီးမိဖုရားသည် မင်းကြီးအတွက် ချက်ပြုတ်နေသော ငါး၊ အမဲဟင်း အနှံ့များကို ရှုရှိုက်မိ၏။ နှစ်ရက်မြောက်သောနေ့၌ ကျီးမင်းက အစာရှာထွက်ရန် ခေါ်သောအခါ 'ကျွန်မ မလိုက်ပါ၊ ဗာရာဏသီမင်း၏ ဘောဇဉ်များကို စားလိုသည့် ချင်ခြင်းအာသာ' ရှိနေပါသည်။ မစားရလျှင် အသက်ခန္ဓာ ဆုံးရဖွယ် ရှိပါသည်ဟု ပြောဆိုသည်။

ထိုအကြောင်းကို သုမုခ ကျီးစစ်သူကြီး ကြားသိသောအခါ 'ကျီးမင်းနှင့် မိဖုရားတို့အား နှစ်သိမ့်စကားပြောဆိုပြီး ကျီးတို့ကိုခေါ်ယူ၍ မင်းကြီးစားဖိုဆောင်ရှိရာသို့ ပျံထွက်လာ၏။ စားဖိုဆောင်အနီး၌ ကျီးတို့ကို ဟိုတစ်စု ဒီတစ်စု နေရာခွဲ၍ အစောင့်အရှောက်ထားကာ မိမိမူကား ကျီးသူရဲကောင်းရှစ်ကောင်နှင့်အတူ စားဖိုဆောင်၏ခေါင်မိုးပေါ်တွင် နားနေ၏။ စားတော်ကဲသည် မင်းကြီး ဘောဇဉ်စုံကို ထမ်းပိုးဖြင့်ထမ်းကာ စားဖိုဆောင်ထဲမှ ထွက်လာ၍ မင်းရင်ပြင်သို့ရောက်လျှင်ပင် သုမုခသည် ကျီးများအား အချက်ပေး၍ ပျံဆင်းလိုက်ကာ စားတော်ကဲ၏ ရင်ဘတ်၌ လက်သည်းဖြင့်ကုတ်၍ နှာခေါင်းဖျားကို နှုတ်သီးဖြင့် ဖမ်းကိုက်ပြီး မျက်နှာကိုလည်း အတောင်နှစ်ဖက်တို့ဖြင့် အုပ်ထားလိုက်သည်။

ထိုအဖြစ်အပျက်ကို လှမ်းမြင်လိုက်သော မင်းကြီးသည် စားတော်ကဲအား ဘောဇဉ်များကို စွန့်၍ ကျီးကိုသာ အမိအရ ဖမ်းယူခဲ့လော့ဟု လှမ်းပြောလိုက်၏။ စားတော်ကဲသည် ဘောဇဉ်များကို လွတ်ချ၍ သုမုခ ကျီးကိုသာ အမိအရ ဖမ်း၏။ ထိုအချိန်၌ သုမုခ မှာထားသည့်အတိုင်း ကျီးသူရဲကောင်း လေးကောင်တို့က ထမင်းများကို နှုတ်သီးဖြင့် အပြည့်ယူ၍ငင်း၊ ကျန်လေးကောင်တို့က ငါးအမဲများကို ပါနိုင်သမျှ ကိုက်ချီ၍ငင်း ယူသွားကြကာ ကျီးမင်းနှင့်မိဖုရားတို့အား ကျွေးမွေးကြသည်။

http://www.dhammadownload.com

မင်းကြီးသည် ကျီးစစ်သူကြီးအား 'အဘယ်ကြောင့် ဤသို့သော အမှုကို ပြုပါသနည်း'မေးလျှင် သုမုခက အကြောင်းစုံကို လျှောက်တင်၏။ ထိုအခါ မင်းကြီးသည် များစွာပင် အံ့ဩမိလျက် မိမိအသက်ကိုစွန့်၍ အရှင်သခင်၏အကျိုးကို ဆောင်ရွက်သော ကျီးစစ်သူကြီးတို့အား နေ့စဉ် မိမိစားသုံးသည့် ထမင်းမျိုးကိုငင်း၊ အခြားကျီးများအား နေ့စဉ် တစ်အမွှာဏ (၁၁, စိတ်)ချက်သော ထမင်းများကိုငင်း ကျွေးမွေး၍ ကျီးအပေါင်းအား ဘေးမဲ့ပေးထားလိုက်လေသည်။

ဇာတ်ပေါင်းသော် မင်းသည် အရှင်အာနန္ဒာ၊ သုမုခစစ်သူကြီးသည် အရှင်သာရိပုတ္တရာ၊ သုဖဿ, ကျီးမိဖုရားသည် ရာဟုလာမယ်တော်၊ သုပတ္တ ကျီးမင်းသည် ဗုဒ္ဓဖြစ်လာသည်။

သင်ခန်းစာ

ပညာဉီးစီးပြီး စွန့်စားအားထုတ်လျှင် ရန်သူလက်မှ အလိုရှိရာ ရအောင်ယူနိုင်သည်။ အမှုထမ်းမှန်သမျှသည် မိမိ အရှင်သခင်၏ အကျိုးအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံကာ ထမ်းဆောင်သင့်၏။ ပေးအပ်သော တာဝန်ကို ကြိုးပမ်းအားထုတ်၍ အောင်မြင်အောင် ဆောင်ရွက်သင့်၏။ အရှင်သခင် အကြီးအကဲတို့ကလည်း တာဝန်ကျေသူ အမှုထမ်းကောင်းကို ထိုက်ထိုက်တန်တန် ချီးမြှင့်မြောက်စားရာ၏။ စသော သင်ခန်းစာများ ရရှိပါသည်။

၃-ကာယနိဗ္ဗိန္ဒဇာတ်အကျဉ်းချုပ်(၂၉၃)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဆေးသမားများ လက်လျှော့ထားသော သာဝတ္ထိမြို့မှ လူနာတစ်ယောက်သည် မိမိ ရောဂါပျောက်လျှင် ရဟန်းပြုမည်ဟု ရည်ရွယ်ထားသည်။ ဆေးကောင်းဝါးကောင်းနှင့်တွေ့၍ ရောဂါပျောက်သွားသောအခါ ရည်ရွယ်ထားသည့်အတိုင်း ရဟန်းပြုကာ ရဟန္တာ ဖြစ်သွားသည်။ ထိုအကြောင်းနှင့်စပ်၍ ဤအတိတ်ဇာတ်ကို ဟောတော်တော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ပြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်း

http://www.dhammadownload.com

သည် ပုဏ္ဏားမိန်းခွ် ဖြစ်၏။ ထိုပုဏ္ဏားသည် ဖျော့တော့နာ စွဲကပ်လာခဲ့ရာ သမား ကောင်းများနှင့် ကုသသော်လည်း ပျောက်ကင်းလာခြင်း မရှိ။ ကြာသော် သား, မယားများကလည်း ငြိုငြင်စိတ် ပွားလာကြ၏။ ထို့ကြောင့် သူသည် ရောဂါပျောက် လျှင် ရဟန်းပြုတော့မည်ဟု ဆုံးဖြတ်ထားလိုက်၏။ မကြာမီ သူသည် ဆေးစွမ်း ကောင်းကို မှီဝဲရ၍ ရောဂါမှ လုံးဝပျောက်ကင်း ချမ်းသာသွား၏။ ထိုအခါ သူ သည် ရသေ့ပြု၍ ဟိမဝန္တာဌ် နေသွားရာ မကြာမီ အဘိညာဉ်, သမာပတ်ကို ရရှိ လာသည်။

ဇာတ်ပေါင်းသော် ရသေ့သည် ဗုဒ္ဓဖြစ်လာသည်။

သင်ခန်းစာ

ရောဂါဝေဒနာ ကာလကြာရှည်စွာ စွဲကပ်နေလျှင် သားမယားကပင် ငြိုငြင်၏။ သူတော်ကောင်းတို့သည် အနာရောဂါ စွဲကပ်သည်ကို အကြောင်းပြု၍ တရားသံဝေဂ ယူတတ်ကြ၏၊ ချမှတ်ထားပြီးသော ဆုံးဖြတ်ချက်အတိုင်း လိုက်နာ ဆောင်ရွက်တတ်၏။ ဆုံးဖြတ်ချက်မှန်လျှင် လုပ်ဆောင်ချက် မှန်ကန်သည်။ ခိုင်မာသော စိတ်ဓာတ်ဖြင့် ဆုံးဖြတ်ချက် အဓိဋ္ဌာန်ကို မပျက်မကွက် အကောင် အထည်ဖော် ဆောင်ရွက်သင့်၏။ စသော သင်ခန်းစာများ ရရှိပါသည်။

၄-ဇမ္ဗုခါဒကဇာတ်အကျဉ်းချုပ်(၂၉၄)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် လာဘ်လာဘ မရသော ဒေဝဒတ်နှင့် ကောကာလိက ဆရာတပည့်နှစ်ယောက်တို့ အချင်းချင်း နားလည်မှုယူကာ လာဘ်ပေါများအောင် လုပ်ကြံကြသည့် အကြောင်းနှင့် စပ်၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ပြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်း သည် သပြေတောအုပ်တစ်ခုခွ် ရုက္ခစိုးနတ် ဖြစ်၏။ တစ်နေ့တွင် ကျီးတစ်ကောင် သည် သပြေပင်၌ သပြေသီးများ လာစားနေစဉ် မြွေခွေးတစ်ကောင် ရောက်လာ ပြီး မြွေခွေးသည် ကျီးထံမှ သပြေသီးများ ရယူလို၍ 'ဤငှက်သည် သာယာသော

http://www.dhammadownload.com

အသံရှိ၏။ အသံကောင်းသော ငှက်ပါတကား၊ သပြေခက်ပေါ်၌ နားခိုး၍ ဥဒေါင်းငယ်ကဲ့သို့ တွန်ကျူးနေသည်မှာ အဘယ်ငှက်မျိုးပါလိမ့်'ဟု ဆိုလိုက်သည်။

မြောက်ပြောသော ထိုစကားကို သဘောကျသွားသော ကျီးက 'အမျိုးကောင်းသားဖြစ်သော သင်သည် အမျိုးကောင်းသားဖြစ်သော ငါ့ကို ခိုးမွမ်းရန် သိတတ်ပါပေ၏။ ကျားငယ်နှင့်တူသော ကိုယ်ရှိသည့် အဆွေမြေခွေး၊ ငါသည် သင့်အား သပြေသီးများ ကျွေးပါ၏။ စားသုံးပါလော့'ဟုဆိုလျက် သပြေသီးများကို လှူပ်ချပေးလိုက်သည်။

ထိုအခါ သူတို့နှစ်ဦး၏ မရိုးသားမှုကို သဘောမကျသော သပြေပင်စောင့်နတ်သည် ကြောက်မက်ဖွယ်သော အဆင်းကိုပြ၍ ခြောက်လှန့်မောင်းထုတ်လိုက်ရာ ကျီးနှင့်မြေခွေးတို့သည် ဝေးရာသို့ ပြေးခွာသွားကြလေသည်။

ဇာတ်ပေါင်းသော် မြေခွေးသည် ဒေဝဒတ်၊ ကျီးသည် ကောကာလိက၊ ရုက္ခစိုးသည် ဗုဒ္ဓဖြစ်လာသည်။

သင်ခန်းစာ

သူယုတ်မာတို့သည် မရှိသောဂုဏ်ကို အရှိလုပ်ကာ အချင်းချင်း မြောက်ပင့် ခိုးမွမ်းကြကာ တစ်ဦးနှင့်တစ်ဦး အပေးအယူ မျှတကြကုန်သည်။ သူယုတ်မာကို သူယုတ်မာကသာလျှင် ခိုးမွမ်းသည်။ သူယုတ်မာတို့သည် သူတော်ကောင်းတို့၏ နား, မျက်စိတွင် ငြီးငွေ့စက်ဆုပ်စရာဖြစ်၍ ပညာရှိသူတော်ကောင်းတို့သည် သူယုတ်မာတို့နှင့် ဝေးစွာရှောင်ရှား၍ နေလိုကြ၏။ စသော သင်ခန်းစာများ ရရှိပါသည်။

၅-အန္တဇာတ်အကျဉ်းချုပ်(၂၉၅)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဒေဝဒတ်နှင့် ကောကာလိကတို့ အပြန်အလှန် ခိုးမွမ်းကြခြင်းကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်း

http://www.dhammadownload.com

သည် ရွာတစ်ရွာ၏ဥပစာရ်၌ ကြက်ဆူပင်စောင့်နတ် ဖြစ်လေသည်။ တစ်နေ့တွင် ကြက်ဆူတောတွင် စွန့်ပစ်ထားသော နွားသေတစ်ကောင်ကို မြေခွေးတစ်ကောင် လာစားနေစဉ် ကျီးတစ်ကောင်သည် ကြက်ဆူပင်ပေါ်၌ နားကာ 'သားမျိုးတို့၏ မင်း၊ သင်၏ ပခုံးသည် နွားလားဥသဘာ၏ ပခုံးနှင့် တူရုံမျှမက ကိုယ်ဟန်လည်း ခြင်္သေ့ကဲ့သို့ တင့်တယ်ပါဘိသည်။ ငါသည် သင့်အား ရှိခိုးပါ၏။ ငါ့အား အမဲသား အနည်းငယ် ပေးပါလော့'ဟု ပြောသည်။

ထိုစကားကိုကြားလျှင် မြေခွေးက 'အမျိုးကောင်းသား ဖြစ်သော သင်သည် အမျိုးကောင်းသားဖြစ်သော ငါ့ကို ချီးမွမ်းရန် သိတတ်ပါပေ၏။ ဥဒေါင်း၏ လည်ဆစ်နှင့်တူသော အဆင်းရှိသောကျီး၊ လာစားလှည့်လော့' ဟု ဖိတ်ခေါ်လေသည်။

ထိုအခါ ကြက်ဆူပင်စောင့်နတ်က 'သားမျိုးတို့တွင် မြေခွေးသည် အယုတ်ညံ့ဆုံး၊ ငှက်မျိုးတို့တွင် ကျီးသည် အယုတ်ညံ့ဆုံး၊ သစ်ပင်တို့တွင်လည်း ကြက်ဆူပင်သည် အယုတ်ညံ့ဆုံးဖြစ်၏။ ယခု အယုတ်သုံးပါး ပေါင်းဆုံမိကြကုန်၏'ဟု ဆိုလိုက်လေသည်။

ဇာတ်ပေါင်းသော် မြေခွေးသည် ဒေဝဒတ်၊ ကျီးသည် ကောကာလိက၊ ရုက္ခစိုးသည် ဗုဒ္ဓဖြစ်လာသည်။

သင်ခန်းစာ

လောက၌ သတ္တဝါဟူသမျှတွင် အပြုအမူချင်း၊ စိတ်သဘောချင်း၊ ဓာတ်ချင်းတူသူ အချင်းချင်းသာ ပေါင်းဖော်လေ့ရှိကြ၏။ မသူတော်ချင်း သတင်းလွှဲလွှဲ ပေါင်းဖက်တွေ့တတ်၏ဟူသော စကားအတိုင်း သူယုတ်တို့သည် သူယုတ်အချင်းချင်းသာ ပေါင်းသင်းဆက်ဆံလေ့ ရှိကြ၏။ တစ်ဦးနှင့်တစ်ဦး အကြိုက်လိုက်၍ မြှောက်ပင့်ပြောဆိုကာ အချင်းချင်း အပေးအယူ မျှတကြကုန်၏။ စသော သင်ခန်းစာများ ရရှိပါသည်။

http://www.dhammadownload.com

၆-သမုဒ္ဒဇာတ်အကျဉ်းချုပ်(၂၉၆)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဥပနန္ဒမထေရ်သည် နှစ်ကျောင်း သုံးကျောင်းတို့၌ ကြဲဖန်၍ ဝါဆိုဝါကပ်ပြုသည်။ တစ်ကျောင်းတွင် ဖိနပ်ကိုထား၍ တစ်ကျောင်း၌ တောင်ဒူးကိုထားကာ အခြားတစ်ကျောင်းတွင် နေလေ၏။ ကျေးလက်တောရွာဘက်သို့ ရောက်သွားခဲ့လျှင်လည်း ဒေသခံရဟန်းများအား 'အရိယဝံသ'တရားကို ဟောပြောပြီး ထိုရဟန်းများအား ပုံသုကူသင်္ကန်းဆောင်စေ၏။ ထိုရဟန်းများ၏ အဖိုးတန်သင်္ကန်း သပိတ်နှင့် ပရိက္ခရာများကို လှည်းနှင့်အပြည့် တင်ယူလာတတ်သည်။ ထိုအကြောင်းနှင့် စပ်၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် သမုဒ္ဒရာစောင့်နတ် ဖြစ်လေ၏။ ထိုအခါ သမုဒ္ဒရာအနီး၌ နေသော ကျီးတစ်ကောင်သည် သမုဒ္ဒရာပေါ်မှ ပျံဝဲ၍ 'သမုဒ္ဒရာရေကို ဆင်ခြင်၍သောက်ကြ၊ တိုင်းတာ၍ သောက်ကြ၊ လေလွင့်မှုမရှိပါစေနှင့်'ဟု ငါးများနှင့် ငှက်များကို တားမြစ်စကား ဆို၏။ ထိုကျီးကိုမြင်၍ သမုဒ္ဒရာစောင့်နတ်က 'သင်သည် အဘယ်ငှက်နည်း'ဟု မေးရာ 'ငါသည် သမုဒ္ဒရာရေကို သောက်ရသော်လည်း ရောင်ရဲခြင်းမရှိသော ငှက်တည်း' ဟု ဆိုလေသည်။ သမုဒ္ဒရာစောင့်နတ်သည် ထိုကျီးအား ခြောက်လှန့်၍ အဝေးသို့ နှင်ထုတ်လေသည်။

ဇာတ်ပေါင်းသော် ကျီးသည် အရှင်ဥပနန္ဒ၊ သမုဒ္ဒရာစောင့်နတ်သည် ဘုဒ္ဓဖြစ်လာသည်။

သင်ခန်းစာ

နှမြောတတ်သူသည် မကုန်မခန်းနိုင်သော သမုဒ္ဒရာရေကိုပင် ချွေတာသုံးစွဲရန် ပိတ်ပင်တားမြစ်တတ်၏။ အလိုရမ္မက်ကြီးသူသည် ရောင့်ရဲနိုင်ခြင်းမရှိ။ မိမိကိုယ်တိုင်က လောဘကြီးသူ ဖြစ်လျက် အခြားသူများကို အလိုနည်းကြောင်းတရား ဟောပြောခြင်းသည် မကောင်းချေ။ မိမိကိုယ်ကို ကောင်းစွာ ဆုံးမပြီးမှ သူတစ်ပါးကို ပြောဆိုဆုံးမရာ၏။ စသော သင်ခန်းစာများ ရရှိပါသည်။

http://www.dhammadownload.com

၇-ကာမဝိလာပဇာတ်အကျဉ်းချုပ်(၂၉၇)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် မယားဟောင်းဖြားယောင်းခံရ၍ သာသနာတော်၌ ငြီးငွေ့သော ရဟန်းကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ပြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် ပုရောဟိတ်သားဖြစ်၍ ဇောတိပါလမည်၏။ သူ ဖွားမြင်ခဲ့စဉ်က လက်နက်များအားလုံး အရောင်အဝါ ထွန်းတောက်၏။ အရွယ်ရောက်၍ ပညာစုံပြီးချိန်၌ ရသေ့ပြုခဲ့ရာ သိကြားမင်းလျှံသော ကျောင်းတွင် နေရသူဖြစ်၍ 'သရဘင်္'ဆရာရသေ့ဟု သိသူများ၏။ သူတွင် သာလိသရ၊ မဏ္ဍိသရ၊ ပဗ္ဗတ၊ ကာဠဒေဝိလ၊ ကိသဝစ္ဆ၊ အနုပိယနှင့် နာရဒ ဟူသည့် ထင်ရှားသော တပည့်ကြီးခုနစ်ဦးရှိသည်။

သူတို့အထဲမှ ကာဠဒေဝိလရသေ့၏ ညီဖြစ်သူ နာရဒရသေ့သည် ပြည့်တန်ဆာမယ် တစ်ဦးအပေါ် စွဲလမ်းမိသဖြင့် ရရှိထားသော စျာန်တရားလည်း ကွယ်ပျောက်ခဲ့ရလေ၏။ ကိလေသာမြစ်ရေကြောတွင် နစ်မျောနေမိသဖြင့် ခုနစ်ရက်တိုင်တိုင် အစာမစားဘဲ နေသည်။

ထိုအကြောင်းကို သိမြင်ရသော နောင်တော် ကာဠဒေဝိလရသေ့သည် သာလိသရ ရသေ့၊ မဏ္ဍိသရ ရသေ့နှင့် ပဗ္ဗတရသေ့တို့ကို ပင့်ဆောင်၍ ဖျောင်းဖျစေ၏။ သို့ရာတွင် အောင်မြင်မှုကား မရ၊ နောက်ဆုံး၌ သရဘင်္ဆရာ ရသေ့ကို ပင့်ယူပြီး တရားဟောစေသည်။ သရဘင်္ ဆရာရသေ့က 'နာရဒ၊ အကြင်သူသည် ရှေးဦးစွာ ပြုလုပ်သင့်သော အလုပ်ကိုမလုပ်၊ ထိုသူသည် တစ်ခါက တောရပ် ခိုမှီးခဲ့သော လူပြိတ္တာကြီး ဘဝသို့ ရောက်ရှိသွားသော လုလင်ကဲ့သို့ စိုးရိမ်ပူဆွေး ငိုကြွေးရမြဲ ဖြစ်သည်'ဟု မိန့်ဆိုပြောပြ၏။

သံဝေဂတရားကို နာကြားလိုက်ရသောအခါ နာရဒရသေ့သည် သရဘင်္ရသေ့ကို ရှိခိုး၍ ကသိဏ်းပရိကံကို စီးဖြန်းရာ ပျောက်ကွယ်သွားခဲ့သော စျာန်တရားသည်လည်း တစ်ဖန်ပြန်၍ ဖြစ်ပေါ်လာလေသည်။

http://www.dhammadownload.com

ဇာတ်ပေါင်းသော် နာရဒရသေ့သည် ရဟန်းကြီး၊ ပြည့်တန်ဆာမယ်သည် မယားဟောင်း၊ သာလိသရ ရသေ့သည် အရှင်သာရိပုတ္တရာ၊ မဏ္ဍိသရ ရသေ့သည် အရှင်ကဿပ၊ ပဒ္မတရသေ့သည် အရှင်အနုရုဒ္ဓါ၊ ကာဠဒေဝိလရသေ့သည် အရှင်ကစ္စည်းမထေရ်၊ အနုပိယရသေ့သည် အရှင်အာနန္ဒာ၊ ကိသဝစ္ဆရသေ့သည် အရှင်မဟာမောဂ္ဂလာန်၊ သရဘင်္ဂဆရာ ရသေ့သည် ဗုဒ္ဓဖြစ်လာသည်။

သင်ခန်းစာ

ကာမတဏှာ ကိလေသာသည် ပူလောင်၏။ အစွဲအလမ်းကြီးသော သူသည် မိမိကိုယ်တိုင် ဆင်းရဲဒုက္ခရောက်နေ၊သော်လည်း မိန်းမအတွက် စိုးရိမ်ပူပန်၍ နေတတ်၏။ စိုးရိမ်ပူပန်စိတ်ဖြင့် သေဆုံးလျှင် အပါယ်သို့ရောက်တတ်သည်။ စွဲလမ်းတပ်မက်မှုသည် ရရှိပြီးသော စျာန်တရားကိုပင် ကွယ်ပျောက်စေနိုင်သည်။ အမှားကို သိလျှင်သိချင်း ပယ်စွန့်၍ အမှန်ကို ဖြစ်စေသင့်၏။ ကာမဂုဏ်တရားကို ပယ်ခွါနိုင်မှ ချမ်းသာခြင်းသုခကို ရမည်ဖြစ်ပါသည်။ စသော သင်ခန်းစာများ ရရှိပါသည်။

၈-ဥဒုမ္ဗရဇာတ်အကျဉ်းချုပ်(၂၉၈)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် အာဂန္တုရဟန်းတစ်ပါးက လှည့်စား၍ ကျောင်းမှ နှင်ထုတ်ခံရသော တောကျောင်းနေ ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ပြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် တောဌ် ရုက္ခစိုးနတ် ဖြစ်လေ၏။ တစ်ခုသော မိုးရာသီတွင် ခုနစ်ရက် ခုနစ်လီတိုင် အဆက်မပြတ် မိုးကြီးသည်းထန်စွာ ရွာလေရာ မျက်နှာနီ မျောက်ငယ်တစ်ကောင်သည် ကျောက်ဂူတစ်ခုထဲ၌ ဝင်ရောက် ခိုမှီးနေထိုင်၏။ ထိုအချိန်၌ ချမ်းအေးခြင်းဒဏ်ကို ပြင်းထန်စွာ ခံစားလာရသော မျက်နှာမည်း မျောက်ကြီးတစ်ကောင်သည် ထိုဂူရှေ့သို့ ရောက်လာကာ မျောက်ငယ်ကို လှည့်စား၍ ဂူကို

http://www.dhammadownload.com

ရယူလိုသောကြောင့် 'မျောက်ငယ်၊ ရေသဖန်းသီး၊ ညောင်သီးနှင့် ညောင်ချဉ်သီးများ ဝင်းမှည့်နေကြသည်။ အဘယ့်ကြောင့် အငတ်ခံနေဘိသနည်း၊ ထွက်စားပါလား'ဟု ဆိုသည်။

ထိုစကားကို ယုံစားမိသော မျောက်ငယ်သည် ဂူထဲမှထွက်၍ ရေသဖန်းသီးမှည့် စသည်တို့ကို လှည့်ပတ်ရှာဖွေရာ တစ်လုံးမျှ မတွေ့ရချေ။ သို့ဖြင့် သူ့ဂူရှိရာသို့ ပြန်လာသောအခါ သူ့ဂူထဲ၌ မျောက်ကြီးရောက်နေသည်ကို တွေ့လိုက်ရသည်။ ဤတွင် သူက မျောက်ကြီးကို တုံ့ပြန်၍ လှည့်စားရန် 'မျောက်ကြီး၊ ငါသည် သစ်သီးမှည့်များစား၍ ဝခဲ့ပြီ၊ သင်လည်း သွားစားလိုက်ပါဦး'ဟု ဆို၏။ မျောက်ကြီးက 'မျောက်ကြီးစကားကိုသာ မျောက်ငယ်များ ယုံကြည်သည်။ မျောက်ငယ်စကားကိုမူ မျောက်ကြီးများ မယုံနိုင်ပါ။ သစ်သီးများသည် မိုးရေထိ၍ ကြွေခဲ့ပါပြီ၊ သင့်နေရာလည်း မရှိတော့ချေ၊ တခြားသို့သာ သွားလေတော့'ဟု ပြောလိုက်လေတော့သည်။

ဇာတ်ပေါင်းသော် မျောက်ငယ်သည် တောကျောင်းနေရဟန်း၊ မျောက်ကြီးသည် အာဂန္တုရဟန်း၊ ရုက္ခစိုးသည် ဗုဒ္ဓဖြစ်လာသည်။

သင်ခန်းစာ

အသိဉာဏ်, ဗဟုသုတ နည်းပါးလျှင် သူတစ်ပါး၏ လိမ်လည်လှည့်စားခြင်းကို ခံရတတ်၏။ အတွေ့အကြုံများသူက အတွေ့အကြုံ ဗဟုသုတနည်းသူကို လိမ်လည်လှည့်စားမြဲ ဖြစ်၏။ မိမိ ချမ်းသာရေးအတွက် သူတစ်ပါးအား ဆင်းရဲဒုက္ခပေးခြင်းကို ရှောင်ရှားသင့်ပါသည်။ စသော သင်ခန်းစာများ ရရှိပါသည်။

၉-ကောမာရပုတ္တဇာတ်အကျဉ်းချုပ်(၂၉၉)

ဘုရားရှင်သည် ပြာသာဒ်အထက်ဆောင်တွင် သီတင်းသုံးတော်မူခိုက်၌ ကစားသန်သော ရဟန်းတစ်စုသည် ပြာသာဒ်အောက်ဆောင်တွင် ဆူညံစွာပြောဆိုရယ်မောနေကြသဖြင့် မြတ်စွာဘုရား၏အမိန့်တော်အရ ရှင်မောဂ္ဂလာန်သည်

http://www.dhammadownload.com

ပြာသာဒ်ထုပိကာကို ခြေမဖြင့် ခတ်လိုက်ရာ ပြာသာဒ်သည် မြေအောက်မှ ရေအဆုံးတိုင်အောင် တုန်ခါသွား၏။ ထိတ်လန့်တကြီး ဖြစ်သွားရသော ထိုရဟန်းများသည် ပြာသာဒ်ပေါ်မှ အူယားဖားယား ပြေးကြသည်။ ထိုအကြောင်းနှင့်စပ်၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ဖြစ်၍ကောမာရပုတ္တ မည်၏။ သူသည် ရသေ့ပြု၍ ဟိမဝန္တာ၌ နေလာခဲ့ရာ မကြာမီ ကစားတတ်သော ရသေ့တစ်စုသည် သူ့အနီး၌ လာရောက်နေထိုင်ကြ၏။ သူတို့ထံ၌ မျောက်တစ်ကောင်ရှိ၍ ထိုမျောက်သည်လည်း သူတို့ကဲ့သို့ပင် ကစားတတ်နေ၏။ ထိုမျောက်ကို စ,ရာမှ ထွက်ပေါ်လာသော ရယ်မောသံသည် ကောမာရပုတ္တရသေ့၏ ကျောင်းဘက်သို့ပင် ပျံ့လွင့်လာတတ်သည်။

ထိုရသေ့များသည် ချဉ်, ဆား မှီဝဲရန် လူနေဒေသသို့ ထွက်ခွာသွားကြခိုက်၌ ကောမာရပုတ္တသည် ထိုရသေ့များ၏ ကျောင်းတွင် ခေတ္တသွားရောက်နေထိုင်၏။ မျောက်သည် ကောမာရပုတ္တကို သူ့ဆရာရသေ့များကဲ့သို့ပင် မှတ်ထင်၍ အမျိုးမျိုး နောက်ပြောင်ကာ ကစားပြ၏။ ထိုအခါ ကောမာရပုတ္တက 'ရသေ့တို့ထံ၌ နေသောသူသည် အကျင့်ကောင်းရသည်၊ ကိုယ်, နှုတ်, နှလုံးကို စောင့်ရှောက်ရသည်၊ တရားများ အားထုတ်ရသည်'စသည်ဖြင့် ဆုံးမစကား ဆိုသည်။ ကောမာရပုတ္တလည်း အခြားတစ်နေရာသို့ ရွှေ့ပြောင်းသွားသည်။

သူ့ဆရာရသေ့များ ပြန်ရောက်လာကြသောအခါ မျောက်သည် ရှေးကကဲ့သို့ ကစားခြင်းမရှိတော့ဘဲ ဣန္ဒြေကြီးနှင့် ဖြစ်နေသည်ကို တွေ့ကြရ၏။ ထိုအခါ ရသေ့များက အဘယ့်ကြောင့် မကစားတော့ကြောင်းကို မေးကြရာ 'ငါသည် ဆရာကောင်းနှင့် တွေ့ခဲ့ရပြီ'ဟု မျောက်က ဆိုလိုက်သည်။

ဇာတ်ပေါင်းသော် ကစားလေ့ရှိသော ရသေ့များသည် ယခုကစားလေ့ရှိသော ရဟန်းများ၊ ကောမာရပုတ္တရသေ့သည် ဗုဒ္ဓဖြစ်လာသည်။

http://www.dhammadownload.com

သင်ခန်းစာ

အမှုအကျင့်မကောင်းသူ, နှုတ်စရိုက်မကောင်းသူများကို မပေါင်းဖော်ပါနှင့်၊ ပေါင်းဖော်မိပါက ထိုသူတို့၏ အမှုအကျင့်အတိုင်း လိုက်၍ပြုတတ်သဖြင့် မိမိလည်း ရိုင်းပျသူဖြစ်ရ၏။ ဆုံးမသွန်သင်ပေးသော ဆရာကောင်းနှင့်တွေ့လျှင် ရိုင်းပျသူသည် ယဉ်ကျေးလာမြဲ ဖြစ်၏။ တတ်သိလိမ္မာစေရန် နည်းလမ်းညွှန်ပြ, သွန်သင်လမ်းပြနိုင်သူ ဆရာကောင်းထံ၌သာ သင်ယူလေ့လာသင့်ပါသည်။ ဆရာကောင်း တပည့်မှန်လျှင် အနေမှန်ရမည်။ စသော သင်ခန်းစာများ ရရှိပါသည်။

၁၀-ဝကဇာတ်အကျဉ်းချုပ်(၃၀၀)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ခုတင်ဆောက်တည်သော အရှင်ဥပသေနကို အကြောင်းပြု၍ မြတ်စွာဘုရားက ယနေ့မှစ၍ ခုတင်ဆောင်သော ရဟန်းများကို ငါဘုရားထံ ဝင်ရောက်၍ အလိုရှိတိုင်း ဖူးမြင်နိုင်သည်ဟု မိန့်တော်မူလျှင် ရဟန်းများသည် ခုတင်ဆောက်တည်လာကြသည်။ သို့ရာတွင် သူတို့ဆောက်တည်မှုမှာ ကြာရှည်မခိုင်မြဲသဖြင့် မြတ်စွာဘုရားက 'ရဟန်းတို့ ခုတင်ဆောက်တည်ခြင်းသည် သစ်ကျွတ်၏ဥပုသ်ဆောက်တည်သကဲ့သို့ ဖြစ်ပေသည်ဟု မိန့်တော်မူကာ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် သိကြားမင်း ဖြစ်လေ၏။ ထိုအခါ သစ်ကျွတ်တစ်ကောင်သည် ဂင်္ဂါကမ်းခြေမှ ကျောက်ဖျာကြီးပေါ်တွင် လာရောက်နေထိုင်လေ့ရှိသည်။ အခါတစ်ပါး၌ ကျောက်ဖျာကိုဝိုင်းပတ်၍ ဆီးနှင်းရေများ ကျဆင်းလာကာ ချောင်းရေများပမာ ပြည့်လျှံသွားတတ်သည်။ ထိုအခါများ၌ သစ်ကျွတ်အတွက် စားစရာ အစာလည်း မရှိ သွားစရာမြေလည်း မရှိတော့ချေ။ မိုက်မိုက်ကန်းကန်းဖြတ်ကူး၍ သေရခြင်းထက် ဥပုသ်စောင့်နေရခြင်းက မြတ်သည်ဟု နှလုံးသွင်းပြီးလျှင် သစ်ကျွတ်သည် အဓိဌာန်ဥပုသ်စောင့်၍ ကျောက်ဖျာပေါ်၌ အိပ်နေတတ်သည်။

သူ့အကြောင်းကိုသိသော သိကြားမင်းသည် ဆိတ်အသွင် ဖန်ဆင်း၍

http://www.dhammadownload.com

လာခဲ့ပြီး သစ်ကျုတ်၏ရှေ့မှ ကိုယ်ရောင်ပြ၏။ ဤတွင် သစ်ကျုတ်သည် နောက်နေ့မှ ဥပုသ်စောင့်တော့မည်'ဟု ဆို၍ ဆိတ်ကို လိုက်ဖမ်းသည်။ မောပန်းတကြီးဖြစ်၍ ဖမ်းမမိသောအခါ 'ငါ ဥပုသ် မပျက်သေးပါဘူးလေ'ဟု ဆိုလျက် ပြန်အိပ်လိုက်သည်။

ဇာတ်ပေါင်းသော် သီကြားမင်းသည် ဗုဒ္ဓဖြစ်လာသည်။

သင်ခန်းစာ

အားနည်းသော ကုသိုလ်ဆန္ဒ ရှိသောသူသည် ဥပုသ်ဆောက်တည်ခြင်းအမှုကို မပြုနိုင်။ ပညာနည်းပါးသူတို့သည် အခြေအနေ အချိန်အခါကို လိုက်၍ သူတော်ကောင်းတရား ပွားများကျင့်ကြံကြသော်လည်း မိမိတို့၏စရိုက်သဘာဝအတိုင်း အခါအခွင့်သင့်သည်နှင့် မကောင်းမှုကို ချက်ချင်းပြုတတ်ကြ၏။ ပညာနည်းသူတို့၏ သီလသည် တည်တံ့ခိုင်မြဲမှု မရှိပေ။ စသော သင်ခန်းစာများ ရရှိပါသည်။

စတုက္ကနိပါတ်

၁-ကာလင်္ဂဝဂ်

၁-စူဠကာလင်္ဂဇာတ်အကျဉ်းချုပ်(၃၀၁)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဝါဒတစ်ထောင်တက်မြောက်ကြသော ပရိဗိုဇ် ညီအမလေးယောက်တို့သည် အရှင်သာရိပုတ္တရာနှင့် ဝါဒပြိုင်ကြရာ သူတို့ ရှုံးသဖြင့် အရှင်သာရိပုတ္တရာထံ ရဟန်းပြုကြသည်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ကာလင်္ဂတိုင်း ဒန္တပုရပြည်မှ ကာလင်္ဂမင်းနှင့် အဿကတိုင်း ပါဠလိပြည်မှ အဿကမင်းတို့သည် ထီးပြိုင်မင်းများ ဖြစ်ကြ၏။ ကာလင်္ဂမင်းသည် သည် စစ်ပွဲမှန်သမျှ အောင်နိုင်သည်ချည်းဖြစ်၍ ကြာသော် ထိုးဖက်မရှိ ဖြစ်လာ၏။ ထိုအခါ သမီးတော်များကို သိမ်းပိုက်သည့်မင်းနှင့် စစ်မက်ဖက်ပြိုင်ရန် ကြံ

http://www.dhammadownload.com

စည်ကာ သမီးတော်များအား နိုင်ငံတကာသို့ လှည့်စေလိုက်၏။ ပါဋ္ဌလိပြည်သို့ ရောက်လာသောအခါ နန္ဒိသေနအမတ်ကြီးသည် မင်းသမီးများအား သိမ်းပိုက်၍ အဿကမင်းကြီးကို ပေးဆက်လိုက်၏။ ထိုအခါ ကာလင်္ဂမင်းနှင့် နန္ဒိသေနအမတ်ကြီး ဦးစီးသော အဿကတပ်ဖွဲ့တို့သည် စစ်မက်ဖြစ်ပွားရန် နယ်ခြားဒေသဘက်သို့ ဦးတည်၍ ချီတက်လာကြသည်။

ထိုအချိန်၌ ဘုရားလောင်းရသေ့သည် ယင်းနှစ်နိုင်ငံနယ်စပ်တွင် ကျောင်းဆောက်၍ နေထိုင်လျက်ရှိရာ ကာလင်္ဂမင်းသည် စစ်ပွဲ၌ မည်သူ အနိုင်ရမည်ကို ထိုရသေ့ထံ လာ၍မေး၏။ ရသေ့က 'သိကြားမင်းလာလျှင် မေးထားလိုက်မည်၊ မနက်ဖြန်မှ ထပ်လာခဲ့ပါ'ဟု ပြောလိုက်၏။ နောက်နေ့၌ ကာလင်္ဂမင်းရောက်လာသောအခါ ရသေ့ကြီးက 'ကာလင်္ဂမင်းသည် အောင်နိုင်၍ အဿကမင်းသည် ရှုံးနိမ့်လိမ့်မည်။ ထိုမင်းနှစ်ပါးအတွက် 'ပုဗ္ဗနိမိတ် ထင်လိမ့်မည်'ဟု ပြောပြ၏။ သို့ရာတွင် မည်သို့သော ပုဗ္ဗနိမိတ်များ ထင်မည်ကိုမူ ကာလင်္ဂမင်းသည် ဆက်၍ မမေးခဲ့ချေ။

ထိုသတင်းကို နန္ဒိသေနအမတ်ကြီး ကြားလျှင် မှန်မမှန် သိလိုသဖြင့် ရသေ့ထံ ကိုယ်တိုင်သွား၍ စူးစမ်းသောအခါ ထိုသတင်းမှာ အမှန်ပင်ဖြစ်၏။ အောင်နိုင်မည့်မင်း၏ ပုဗ္ဗနိမိတ်မှာမူ အဖြူရောင် ဥသဘ ဖြစ်လိမ့်မည်'ဟု ရသေ့ကြီးက ပြောကြားလိုက်၏။ သို့တိုင် ဇွဲလုံ့လနှင့် စည်းလုံးမှု အင်အားကို ယုံကြည်သော နန္ဒိသေနအမတ်ကြီးသည် မိမိကိုယ်တိုင်လည်း စိတ်ဓာတ်မကျ၊ ရဲမက်များကိုလည်း စိတ်ဓာတ်တက်ကြွစေရန် လှုံ့ဆော်ပေး၏။ မူလထက် ပို၍စည်းလုံးညီညွတ်နေစေရန်လည်း ကြိုးပမ်းအားထုတ်ထားသည်။

စစ်ပွဲကြီး စတင်ဖြစ်ပွားလျှင် ကာလင်္ဂရဲမက်များသည် ခပ်အေးအေးပင်၊ သွေးမြေကျခံ၍ မတိုက်ခိုက်ကြ။ သို့ရာတွင် အဿကတို့ဘက်ကမူ အသက်ကို စွန့်၍ တိုက်ခိုက်ကြ၏။ ကာလင်္ဂတို့ဘက်တွင် ထင်နေသော အဖြူရောင်ဥသဘ ပုဗ္ဗနိမိတ်ကို အဿကမင်းသည် ဦးစွာလှုံ့နှင့် ထိုးလိုက်ရာ ရဲမက်တစ်ထောင်တို့သည်လည်း ထိုနေရာကို လိုက်ထိုးကြ၏။ ထိုနတ်သည် လှုံ့ချက်သင့်၍ ကွယ်လွန်

http://www.dhammadownload.com

သည့် ခဏတွင်ပင် ကာလင်္ဂိတို့သည် တပ်ပျက်၍ ပြေးကြလေတော့သည်။

စစ်ပွဲပြီး၍ သုံးရက်ခန့်အကြာတွင် သိကြားမင်းသည် ရသေ့ကြီးထံသို့လာရာ ရသေ့က 'နတ်သိကြားများသည် မုသားစကား ဆိုကြသည်'ဟု ပြောဆို၏။ သိကြားမင်းက ရှင်ရသေ့၊ လုံ့လဝီရိယရှိသူတို့အား နတ်တို့ မငြူစူကြ။ အဿကတိုင်းသားတို့သည် စည်းလုံးညီညွတ်ခြင်း၊ လုံ့လဝီရိယထက်သန်ခြင်း၊ တစ်ခုတည်းသော အာရုံ၌သာ စူးစိုက်မှုရှိခြင်းတို့ကြောင့် အောင်ပွဲခံသွားရခြင်း ဖြစ်ပါသည်ဟု ပြန်ပြောလေ၏။

ဇာတ်ပေါင်းသော် မင်းသမီးလေးပါးသည် ပရိဗိုဇ်မ လေးပါး၊ နန္ဒိသေန အမတ်သည် ရှင်သာရိပုတ္တရာ၊ ရသေ့သည် ဗုဒ္ဓဖြစ်လာသည်။

သင်ခန်းစာ

ဤဇာတ်တော်၌ သိကြားမင်းက ရုန်းနိမ့်လိမ့်မည်ဟု နှုတ်ထွက် မိန့်မြွက်ထားသော်လည်း ဉာဏ်၊ လုံ့လဝီရိယ၊ စည်းလုံးညီညွတ်မှု၊ အာရုံစူးစိုက်မှုတို့ဖြင့် တိုက်ခိုက်ခြင်းကြောင့် အောင်နိုင်ရခြင်းဖြစ်၏။ လူထက် တန်ခိုးကြီးသော နတ်ကိုပင် ဖမ်းယူ၍ သတ်နိုင်ကြ၏။ သိကြားမင်း၏ နှုတ်ထွက်စကားထက် လူတို့၏ ဉာဏ်ပညာ လုံ့လဝီရိယ စွမ်းအားသည်သာ ပမာနဖြစ်၏။ စသော သင်ခန်းစာများ ရရှိပါသည်။

၂-မဟာအဿာရောဟဇာတ်အကျဉ်းချုပ်(၃၀၂)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဘုရားရှင်၏ အမြိတမ်း အလုပ်အကျွေးအရာနှင့် ဆုရှစ်မျိုးကို ခံယူရရှိသော အရှင်အာနန္ဒာကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်တွင် ဘုရားလောင်း မင်းပြုစဉ် မင်းကြီးသည် နယ်ခြားဒေသ၌ သူပုန်သူကန်များကို သွားရောက်နှိမ်နင်းရာ အရေးနိမ့်၍ ပြေးလာခဲ့ရ၏။ သူသည် နယ်ခြားရွာတစ်ရွာသို့ မြင်းစီး၍ဝင်လာသောအခါ ရွာသား

များသည် ကြောက်လန့်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်သွားကြ၏။ ရွာသားတစ်ဦးကမူ မင်းကြီးကို သူ့အိမ်သို့ခေါ်ယူသွားကာ လိုအပ်သည်များဖြင့် ပြုစုပေးပြီး မြင်းကိုလည်း စောင့်ရှောက်ကျွေးမွေးထားသည်။

မင်းကြီးသည် ထိုသူ့အိမ်တွင် သုံးလေးရက်ခန့် အပန်းဖြေနေခဲ့ကာ ပြန်ခါနီး၌ 'မိတ်ဆွေ၊ အကျွန်ုပ်ကို 'မြင်းစီးကြီး'ဟု ခေါ်ကြ၏။ မြို့လယ်ရပ်၌ ကျွန်ုပ်အိမ်ရှိ၏။ မြို့သို့ရောက်လျှင် တောင်တံခါးမှူးထံတွင် မေး၍ သူ့ကိုလိုက်ပို့ခိုင်းပါ' ဟု မှာထားခဲ့၏။ တောင်တံခါးသို့အရောက်တွင် တံခါးမှူးကိုခေါ်၍ တစ်စုံတစ်ရာကို တီးတိုးမှာထားခဲ့၏။ အချိန်အတန် ကြာသွားခဲ့သည့်တိုင် ရွာသားသည် မြို့သို့ ရောက်မလာခဲ့ချေ။ ဤတွင် မင်းသည် ထိုသူနေသောရွာကို သုံးကြိမ်တိုင် ဆက်၍ အခွန်တောင်းလိုက်သည်။

ထိုအခါ အခွန်ဒဏ်ကို ခံနိုင်ရည်မရှိတော့သော ရွာသားများသည် ထိုသူအား 'သင့် မိတ်ဆွေ မြင်းစီးကြီးကို အကျိုးအကြောင်း ပြောပြ၍ အခွန်မှ လွတ်ငြိမ်းပါစေလော့'ဟု ပြောကြ၏။ ထို့ကြောင့် သူသည် ရွာသားများ စီမံပေးလိုက်လိုက်ကြသော လက်ဆောင်ပစ္စည်းများကို ယူ၍ မြို့သို့ ထွက်လာခဲ့၏။ တောင်တံခါးမှူးထံသို့ ဆိုက်ရောက်ချိန်၌ တံခါးမှူးအား 'မြင်းစီးကြီး'ကိုမေးရာ တံခါးမှူးသည် ဝမ်းသာအားရပင် သူ့အား မင်းကြီးထံသို့ လိုက်ပို့ပေးရာ မင်းကြီးသည် သူ့ကို ပျူငှာလှိုက်လှဲစွာ ကြိုဆိုသည်။

ထို့နောက် မင်းကြီးသည် အမတ်တစ်ဦးအား ရွာသားကို ခေါ်သွားစေပြီး မုတ်ဆိတ်ဆံပင်များကို ပြုပြင်ပေးစေ၍ နံ့သာရေဖြင့် ရေချိုးပေးစေ၏။ တစ်သိန်းတန် အဝတ်များကို ဝတ်ဆင်ပေးကာ မင်းမြောက်တန်ဆာများ ဆင်ယင်၍ နိုင်ငံကို တစ်ဝက်ခွဲပြီး ထိုသူအား တစ်ဝက်သော မင်းအဖြစ်ကို ပေးအပ်လိုက်၏။ ဤသည်ကို သဘောမတွေ့နိုင်သော အမတ်များက သားတော်ကြီးအား ကန့်ကွက်တားမြစ်ရန် လှုံ့ဆော်ပေးကြသည်။

ထို့ကြောင့် သားတော်သည် ခမည်းတော်ထံ ဝင်၍ ကန့်ကွက်စကားဆိုရာ ခမည်းတော်က 'ငါစစ်ရှုံးစဉ်က သူ့ထံတွင် ခိုအောင်းနေခဲ့ရ၏။ သူ၏စောင့်

http://www.dhammadownload.com

ရှောက်မှုကြောင့် ငါသည် မင်းအဖြစ်ကို ပြန်ရနိုင်ခဲ့ခြင်းဖြစ်၏။ ယင်းသို့ ကျေးဇူးများသူအား အဘယ့်ကြောင့် စည်းစိမ်ကို မပေးနိုင်ဘဲ ရှိရမည်နည်း။ 'လောကဌ် မပေးသင့်သူအားပေး၍ ပေးသင့်သူအား မပေးသူသည် ဘေးရန်နှင့်ကြုံတွေ့သော အခါ တစ်စုံတစ်ရာ ကျေးဇူးပြုသူကိုမျှ မတွေ့နိုင်'ဟု မိန့်ဆိုလိုက်လေသည်။

ဇာတ်ပေါင်းသော် နယ်ခြားရွာသားသည် အရှင်အာနန္ဒာ၊ ဗာရာဏသီ မင်းသည် ဗုဒ္ဓဖြစ်လာသည်။

သင်ခန်းစာ

လောကဌ် မပေးသင့်သူအား ပေး၍ ပေးသင့်သူအား မပေးသူသည် ဘေးရန်နှင့် ကြုံတွေ့သောအခါ တစ်စုံတစ်ရာ ကျေးဇူးပြုသူကို မတွေ့နိုင်ပါ။ သူ့အပေါ်မှာ ကိုယ်က ကူညီစောင့်ရှောက်နိုင်ပါမှ သူကတစ်ဖန် ကိုယ့်ကို ပြန်ပြီးစောင့်ရှောက်နိုင်၏။ မိမိ ဆင်းရဲဒုက္ခရောက်နေစဉ် မိမိအား ကူညီစောင့်ရှောက်ပေးသူ၊ မိမိအကျိုးကို ဆောင်ရွက်သယ်ပိုးသူဖြစ်လျှင် ဆွေမျိုးမျှမဟုတ် မည်သူ့ကိုမဆို ချစ်ကြည်ညို၍ သူ့ကျေးဇူးကို တုံ့ပြန်ပေးဆပ်အပ်၏။ စသော သင်ခန်းစာများ ရရှိပါသည်။

၃-ကေရာဇဇာတ်အကျဉ်းချုပ်(၃၀၃)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ကုန်းတိုက်စကားကြောင့် ချုပ်နှောင်ခံရစဉ် သောတာပန်တည်ပြီးမှ လွတ်လာသောအခါ နှစ်ဆတိုး၍ အချီးအမြှောက်ခံရသော ကောသလမင်း၏ အမတ်တစ်ယောက်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် မင်းကြီးသည် နန်းတွင်း၌ ပြစ်မှားသော အမတ်ကို နိုင်ငံတော်မှ နှင်ထုတ်လိုက်၏။ ထိုအမတ်သည် 'ဒုဇ္ဇိသေန'မည်သော ကောသလမင်းထံ သွားရောက်ခိုလှုံလေသည်။

ထိုအမတ်၏ကုန်းချောမှုကြောင့် ဒုဇ္ဇိသေနမင်းသည် ဗာရာဏသီကို သိမ်းယူရန် စစ်အင်အား အပြည့်အစုံဖြင့် ချီတက်လာရာ ဗာရာဏသီမင်း၏ အမတ်

http://www.dhammadownload.com

ခုနစ်ရာတို့သည် ဒုဇ္ဈသေနမင်း၏တပ်ဖွဲ့အား နယ်စပ်ကို မဖြတ်ကျော်မီ ဖျက်ဆီးခွင့်ပြုရန် တောင်းဆိုကြသော်လည်း မင်းကြီးက ခွင့်မပြုချေ။ ဒုဇ္ဈသေနမင်းသည် မြို့တွင်းသို့ ဝင်ရောက်လာပြီး ဗာရာဏသီမင်းကိုဖမ်း၍ ဆိုင်းထဲ၌ ထည့်စေကာ မြောက်တံခါးခုံ၌ ဦးစောက်ဆွဲထားစေ၏။ သို့တိုင် ဗာရာဏသီမင်းသည် ထိုမင်းအပေါ်၌ စေတနာမကွက်မိဘဲ ရန်သူမင်းကိုအာရုံပြု၍ မေတ္တာပွား၏။ ကသိုဏ်းပရိကံကိုပြု၍ ဈာန်ကိုဖြစ်စေရာ အနှောင်အဖွဲ့များမှ လွတ်မြောက်သွားခဲ့သည်။ ထို့နောက် ကောင်းကင်တွင် ထက်ဝယ်ဖွဲ့ခွေ၍ နေလိုက်သည်။

ထိုအချိန်၌ ရန်ငြိုးဖွဲ့သော ဒုဇ္ဈသေနမင်း၏ကိုယ်သည် ပူပြင်းလာပြီး ဖျပ်ဖျပ်လူးမျှ ရှိလာရ၏။ အကြောင်းရင်းကို အမတ်များအား မေးသည်တွင် အပြစ်မဲ့သောမင်းကို ပြစ်မှားမိ၍ဖြစ်ကြောင်း လျှောက်တင်ကြ၏။ ထိုအခါ ဒုဇ္ဈသေနမင်းသည် ဗာရာဏသီမင်းရှိရာသို့ အမြန်သွားရောက်ပြီး မင်းကြီးအား တောင်းပန်ဝန်ချ၍ ပြည်ကိုလည်း ပြန်အပ်၏။ 'နောင် ဗာရာဏသီနိုင်ငံတော်၏ လုံခြုံရေးကိစ္စ မှန်သမျှသည် ကျွန်ုပ်၏ တာဝန်မျှသာ ဖြစ်ပါစေ'ဟု လျှောက်ထားခဲ့ပြီး လျှင် မိမိနိုင်ငံသို့ ပြန်သွားခဲ့လေသည်။

ဇာတ်ပေါင်းသော် ဒုဇ္ဈိသေနမင်းသည် အရှင်အာနန္ဒာ၊ ဗာရာဏသီမင်းသည် ဗုဒ္ဓဖြစ်လာသည်။

သင်ခန်းစာ

မေတ္တာဘာဝနာ ပွားများသူသည် အနှောင်အဖွဲ့မှ လွတ်မြောက်နိုင်၏။ သူတော်ကောင်းသည် ကောင်းကျိုးခံစားရမည်သာ ဖြစ်၏။ သီလရှိသူ သူတော်ကောင်းကို ပြစ်မှားမိပါက ကိုယ်သာ ဘေးဒဏ်ခံရတတ်၏။ မိမိအမှားကို သိလျှင် ချက်ချင်း အမှန်ပြင်သင့်၏။ ပူပြင်းတောက်လောင်နေသော မီးကသာလျှင် လူကို သေစေတတ်သည်မဟုတ်၊ အသည်းတုန်အောင် အေးမြသော ရေသည်လည်း လူကိုသေစေတတ်သဖြင့် ရန်သူအား မေတ္တာထားခြင်းဖြင့်သာ အောင်နိုင်ရာ၏။ စသော သင်ခန်းစာများ ရရှိပါသည်။

http://www.dhammadownload.com

၄-ဒဒ္ဓရဇာတ်အကျဉ်းချုပ်(၃၀၄)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် အမျက်ထွက်တတ်သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် ဒဒ္ဓရနဂါးပြည်၌ ဒဒ္ဓရနဂါးမင်းကြီး၏သားတော်ကြီးဖြစ်၍ 'မဟာဒဒ္ဓရ'ဟု အမည်တွင်၏။ သူ၏ညီတော် 'စူဠဒဒ္ဓရ'သည် အမျက်ဒေါသကြီး၍ ကြမ်းကြုတ်သည်။ ညီ၏အပြုအမူကို သဘောမကျသော နဂါးမင်းကြီးသည် စူဠဒဒ္ဓရအား နဂါးပြည်မှ နှင်ထုတ်စေရာ မဟာဒဒ္ဓရက သည်းခံပါရန် တောင်းပန်တားမြစ်၏။ နောက်များမကြာမီ ခမည်းတော်သည် စူဠဒဒ္ဓရကို နှင်ထုတ်စေပြန်ရာ မဟာဒဒ္ဓရကပင် တောင်းပန်တားမြစ်ပြန်၏။ တတိယအကြိမ်တွင်မူ 'မဟာဒဒ္ဓရ သင်သည် ယုတ်မာသော ဤနဂါးအား နှင်ထုတ်ခြင်းကို တားမြစ်လာခဲ့၏။ သင်တို့နှစ်ယောက်လုံး နဂါးပြည်မှထွက်၍ ဗာရာဏသီပြည်တွင် မစင်စွန့်ရာမြေ၌ သုံးနှစ်တိုင်တိုင် သွားနေကြခေါ်'ဟုဆို၍ နှစ်ယောက်လုံးကို နှင်ထုတ်လိုက်လေသည်။

နဂါးညီနောင်တို့သည် ထိုနေရာမှာပင် သွားနေကြရာ သူတို့ကို မြင်တွေ့ကြသော ကလေးများက ခဲ, တုတ် လုံတံတို့ဖြင့် ပစ်ပေါက်ကြလျက် 'ဖားစိမ်းစားဖြစ်သော ဤရေမြွေများသည် ခေါင်းပိုင်းကြီးသလောက် အမြီးမှာ အပ်နှင့်တူ၏'ဟု ဆိုကြသည်။ ဒေါသကြီးသော စူဠဒဒ္ဓရသည် သည်းမခံနိုင်၍ အစ်ကိုအား 'ဤကလေးများကို ဖျက်ဆီးပစ်လိုက်မည်'ဟု ပြောသည်။

ထိုအခါ အစ်ကို မဟာဒဒ္ဓရက တစ်ရွာသို့ရောက်လာသူသည် ချီးနှိမ်၍ ပြောသည့်စကားများကို သည်းခံရမည်ဟု ဆုံးမစကားဆိုသည်။ သုံးနှစ်ပြည့်ခါနီး တွင် ခမည်းတော်သည် သူတို့ညီအစ်ကိုအား ပြန်ခေါ်ခိုင်းလိုက်သည်။ ထိုအခါမှစ၍ စူဠဒဒ္ဓရလည်း မာနကင်းသွားတော့သည်။

ဇာတ်ပေါင်းသော် စူဠဒဒ္ဓရနဂါးသည် အမျက်ထွက်တတ်သော ရဟန်း၊ မဟာဒဒ္ဓရနဂါးသည် ဗုဒ္ဓဖြစ်လာသည်။

http://www.dhammadownload.com

သင်ခန်းစာ

အမျက်ဒေါသသည် မည်သူ့အားမျှမရွေး အားလုံးကို ဒုက္ခပေးတတ်၏။ အမျက်ဒေါသကြီးသူနှင့် ပေါင်းသင်းလျှင် ပေါင်းသင်းသူပါ အပြစ်ဒဏ်ခံရတတ်သည်။ ကိုယ့်အောက်နိမ့်ကျသူက ကိုယ့်အားစော်ကားပြောဆိုသော်လည်း မိမိနေရာဌာန မဟုတ်လျှင် အစွမ်းမပြဘဲ သည်းခံရမည်၊ အရာရာကို တွေးဆင်ခြင်၍ အမျက်ဒေါသကို ထိန်းချုပ်ရမည်။ အမျက်ဒေါသကြီးသူအား ယဉ်ကျေးလိမ္မာစေရန် သာယာချေငံစွာ ဆွေဆောင်စည်းရုံး၍ လိမ္မာစွာဆက်ဆံပါ။ စသော သင်ခန်းစာများ ရရှိပါသည်။

၅-သီလဝိမံသနဇာတ်အကျဉ်းချုပ်(၃၀၅)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ညဉ့်သုံးယံပတ်လုံး ကာမဝိတက်များကို ကြံစည်နေကြသည့် ကျောင်းနေ ရဟန်းငါးပါးတို့ကို ဒိဋ္ဌစက္ခုဖြင့် ရှုကြည့်တော်မူရာမှ မြင်တွေ့တော်မူသည့် မြတ်ဗုဒ္ဓသည် ရှင်အာနန္ဒာကို ခေါ်တော်မူ၍ ဂန္ဓကုဋီတိုက်တံခါးဝ၌ နေရာခင်းစေတော်မူပြီး ဇေတဝန်နေရဟန်းအားလုံး လာရောက်စုဝေးကြရန် မိန့်တော်မူလိုက်၏။ ထိုရဟန်းပရိသတ်အား မြတ်စွာဘုရားက 'ရဟန်းတို့၊ ရှေးပညာရှိတို့သည် မကောင်းမှုကို ပြုရာ၌ ဆိတ်ကွယ်ရာအရပ် မရှိသောကြောင့် မကောင်းမှုကို မပြုကြကုန်'ဟု မိန့်တော်မူကာ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ဖြစ်၍ ဗာရာဏသီမှ ဒိသာပါမောက္ခ ဆရာကြီးထံတွင် ပညာရပ်များ သင်ယူနေလေ၏။ တစ်နေ့တွင် ဆရာကြီးသည် တပည့်များကို စည်းဝေးစေ၍ 'အမောင်တို့၊ ငါ့မှာ အရွယ်ရောက်သော သမီးတစ်ယောက်ရှိ၏။ သမီးကို တစ်စုံတစ်ယောက်နှင့် လက်ထပ်ထိမ်းမြားပေးရန် ကြံရွယ်ချက်ရှိ၏။ ယခု အဝတ်တန်ဆာများ လိုအပ်နေသဖြင့် အမောင်တို့သည် မိမိတို့အိမ်မှ အဝတ်တန်ဆာများကို မိဘဆွေမျိုးများမသိအောင် သွား၍ ခိုးယူကြခဲ့'ဟု ပြောလိုက်သည်။

http://www.dhammadownload.com

တပည့်များသည် မိမိတို့အိမ်မှ အဝတ်တန်ဆာများကို ခိုးယူလာခဲ့ကြကာ ဆရာကြီးထံ လာရောက်အပ်နှံကြ၏။ ဆရာကြီးသည် ပစ္စည်းအားလုံးကို အမှတ်အသားပြုလုပ်၍ စနစ်တကျသိမ်းထားလိုက်၏။ နောက်ဆုံးမှရောက်လာခဲ့သော ဘုရားလောင်း လူငယ်မှာမူ တစ်စုံတစ်ရာမျှ ပါမလာချေ။ ဆရာကြီးက မေးသည်တွင် 'မကောင်းမှုကို ကျူးလွန်ရာ၌ ဆိတ်ကွယ်ရာဟူ၍ မရှိပါ။ လူများမမြင်ကြသော်လည်း နတ်များ မြင်ကြပါသည်။ ထို့ကြောင့် တစ်စုံတစ်ရာမျှ ပါမလာခဲ့ခြင်း ဖြစ်ပါသည်'ဟု လျှောက်ဆိုလေသည်။

ဆရာကြီးသည် သူ့ကို သဘောကျသွားကာ 'အမောင်၊ ငါ့အိမ်၌ ဥစ္စာ မရှိ၍ ခိုးခိုင်းခဲ့သည်မဟုတ်၊ ကိုယ်ကျင့်သီလကောင်းသူကို စမ်းသပ်ရွေးချယ်ခြင်းသာ ဖြစ်သည်။ အမောင်သည် ငါ့သမီးနှင့် ထိုက်တန်သူ ဖြစ်သည်'ဟု ဆိုပြီးလျှင် ထိုလူငယ်ကို သမီးနှင့် လက်ထပ်ပေးလိုက်သည်။ ခိုးယူလာကြသော ပစ္စည်းများကိုလည်း အသီးသီး ပြန်ပေးစေလေသည်။

ဇာတ်ပေါင်းသော် ဆရာသည် ရှင်သာရိပုတ္တရာ၊ လုလင်သည် ဗုဒ္ဓ ဖြစ်လာသည်။

သင်ခန်းစာ

မကောင်းမှုပြုခြင်း၌ ဆိတ်ကွယ်ရာနေရာ မရှိ။ သူတော်ကောင်းတို့သည် မိမိအတွက်ဖြစ်စေ၊ သူတစ်ပါးအတွက်ဖြစ်စေ မကောင်းမှုကို မပြု၊ ယုတ်မာသော အကျင့်ဖြင့် မည်သည့်အရာကိုမျှ အလိုမရှိ၊ ကိုယ်ကျင့်သီလကို မြစွာ့ စောင့်ထိန်းကြ၏။ လောကဌ် ကိုယ်ကျင့်သီလသာလျှင် အမြတ်ဆုံးဖြစ်၍ ကိုယ်ကျင့်သီလကို လုံခြုံအောင် စောင့်ထိန်းသင့်၏၊ စသော သင်ခန်းစာများ ရရှိပါသည်။

၆-သုဇာတဇာတ်အကျဉ်းချုပ်(၂၀၆)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ကောသလမင်းကြီးနှင့် မိဖုရားကြီးတို့သည် စကားအငြင်းအခုံဖြစ်သည့် အချိန်မှစ၍ စကားမပြောဘဲ အဆင်မပြေ ဖြစ်နေရာ ဘုရားရှင်ကြောင့် ပြန်လည်သင့်မြတ်မှု ရခဲ့

http://www.dhammadownload.com

သည်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် ပညာရှိအမတ် ဖြစ်လေ၏။ တစ်နေ့တွင် မင်းသည် လေသာပြတင်းပေါက်မှနေ၍ မင်းရင်ပြင်ကို ကြည့်နေမိသည်။ ထိုအခါ အဆင်းလှပသော ဇီးသီးသည် မလေး 'သုဇာတာ' ကို မြင်တွေ့မိလိုက်ရ၍ ကောက်ယူသိမ်းပိုက်ပြီး မိဖုရားကြီး ရာထူးဖြင့် ချီးမြှင့်မြှောက်စားလေသည်။

ကာလအတန်ကြာသောအခါ သုဇာတာသည် မင်းကြီး ဇီးသီးစားသုံးနေသည်ကိုမြင်၍ 'အရှင်မင်းကြီး စားသုံးတော်မူနေသော အသီးသည် အဘယ်အသီးပါနည်း'ဟု မေးလျှောက်လေ၏။ မင်းကြီးသည် မိဖုရား၏စကားကိုကြားလျှင် အမျက်ထွက်၍ 'သင်သည် သင့်ဆွေမျိုးတို့၏ဥစ္စာရင်းဖြစ်သော ဇီးသီးကို ပင် မသိတော့သလော၊ ဤမိန်းမယုတ်သည် ထီးနန်းစည်းစိမ်နှင့် မလျော်၊ ဇီးသီးသည်မသည် ဇီးသီးပြန်ရောင်း၍ အသက်မွေးချေတော့'ဟု ဆိုလိုက်သည်။

ဤတွင် ပညာရှိအမတ်က 'မြတ်သောမင်းကြီး၊ အခြံအရံ ကျော်စောခြင်းတို့နှင့် ပြည့်စုံလာသော မိန်းမများသည် ဘဝကိုမေ့တတ်ကြသည်မှာ ဓမ္မတာပင် ဖြစ်ပါသည်။ သုဇာတာမိဖုရားအား သည်းခံခွင့်လွှတ်တော်မူပါ'ဟု လျှောက်ထားသည့်အခါတွင် မင်းကြီးသည် သုဇာတာအား သည်းခံခွင့်လွှတ်၍ မိဖုရားရာထူးကို ပြန်လည်ပေးအပ်လိုက်သည်။ မင်းနှင့်မိဖုရားတို့သည် သင့်တင့်ညီညွတ်သွားခဲ့ကြလေသည်။

ဇာတ်ပေါင်းသော် ဗာရာဏသီမင်းသည် ကောသလမင်း၊ သုဇာတာသည် မလ္လိကာ၊ ပညာရှိအမတ်သည် ဗုဒ္ဓဖြစ်လာသည်။

သင်ခန်းစာ

မိန်းမတို့သည် ဆင်းရဲရာမှ အခြေအနေပြောင်းလဲပြီး ပစ္စည်းဥစ္စာ၊ အခြံအရံ၊ ကျော်စောခြင်းတို့နှင့် ပြည့်စုံလာလျှင် စည်းစိမ်မာန်ယစ်၍ ဘဝမေ့တတ်ကြ၏။ ယောကျ်ားများသည် မိန်းမတို့၏သဘောကိုသိလျှင် သည်းခံခွင့်လွှတ်ပြီး ချစ်ခင်ကြင်နာသင့်၏။ စသော သင်ခန်းစာများ ရရှိပါသည်။

http://www.dhammadownload.com

၇-ပလာသဇာတ်အကျဉ်းချုပ်(၃၀၇)

နက်ဖြန်မိုးသောက် အလင်းရောက်လျှင် နောင်တော်ဘုရား ပရိနိဗ္ဗာန်ပြုတော့မည်ကိုသိသော အရှင်အာနန္ဒာမထေရ်သည် ဥယျာဉ်ကျောင်းတိုက်ခန်း၏ တံခါးဘောင်ကိုဆွဲ၍ မိမိသည် နောင်တော်ဘုရားအား နှစ်ဆယ့်ငါးနှစ်တိုင်တိုင် လုပ်ကျွေးခဲ့ရသူဖြစ်ပါလျက် ရဟန္တာအဖြစ်ကို မရလိုက်ဘဲ ရှိရချေတော့မည်'ဟု တွေးမိ၍ ငိုနေသည်။ မြတ်စွာဘုရားသည် အရှင်အာနန္ဒာကို ခေါ်ယူတော်မူ၍ အားထုတ်မှုကိုသာ ဆက်လက်ပြုလုပ်ရန် မိန့်တော်မူပြီးလျှင် ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် ဗာရာဏသီမှ မနီးမဝေးလွန်းသောနေရာ၌ ပေါက်ပင်စောင့် ရုက္ခစိုးနတ်ဖြစ်လေ၏။ ထိုအခါ ဆင်းရဲသား ပုဏ္ဏားတစ်ယောက်သည် ကုန်းမြင့်တစ်နေရာ ပေါ်မှ ပေါက်ပင်ကြီးတစ်ပင်၏ အောက်ခြေမြေပြင်ကို သုတ်သင်ရှင်းလင်းကာ ပန်း၊ နံ့သာ၊ ဆီမီးတို့ဖြင့် ပူဇော်ပြီး 'ချမ်းသာစွာ အိပ်ရပါ၏လော' ဟု ဆိုလျက် ပေါက်ပင်ကို လက်ယာရစ် လှည့်ပတ်တတ်သည်။

တစ်နေ့တွင် ပုဏ္ဏားသည် ပေါက်ပင်ရင်း၌ တံမြက်စည်း လှည်းနေစဉ် ပုဏ္ဏားအိုတစ်ယောက် ရောက်လာခဲ့ပြီး 'ပုဏ္ဏား၊ သင်သည် စိတ်စေတနာလည်းမရှိ၊ ကြားလည်းမကြားတတ်သော ဤပေါက်ပင်ကို အဘယ်ကြောင့် လုပ်ကျွေးရသနည်း၊ ချမ်းသာစွာ အိပ်ရပါ၏လောဟု အဘယ်ကြောင့် မေးသနည်း'ဟု ပြောဆိုလေ၏။ ပုဏ္ဏားက 'အဘပုဏ္ဏား၊ ဤပေါက်ပင်သည် နတ်များ၏နေရာဌာနဖြစ်သည်။ ဥစ္စာများလိုချင်သောကြောင့် ငါသည် ထိုနတ်များကို ရှိခိုးပူဇော်ရခြင်းဖြစ်သည်'ဟု ပြန်ကြားလျှင် ပုဏ္ဏားအိုက 'ပုဏ္ဏား၊ ငါသည် ဤပေါက်ပင်ကို စောင့်သောနတ်တည်း။ သင်မကြောက်လင့်၊ သင့်အား ဥစ္စာများကို ပေးအံ့' ဟုဆိုလျက် ပုဏ္ဏားအသွင်ကို ကွယ်လျက် နတ်အသွင်ကို ထင်ရှားပြလိုက်၏။

ထို့နောက် 'ပုဏ္ဏား၊ တည်ပင်၏နောက်မှ ညောင်ကြတ်ပင်ရင်းတွင် ရွှေအိုးများ မြှုပ်လျက်ရှိသည်။ ယင်းရွှေအိုးများကို ငါသည် သင့်အိမ်အောက်မှ မြေ

http://www.dhammadownload.com

ထဲတွင် လာရောက်မြှုပ်နှံထားလိုက်မည်။ သင်သည် ထိုဥစ္စာများကို မိမိလည်း သုံးဆောင်၊ ဒါနလည်းပြုလော့၊ သီလလည်းစောင့်လော့'ဟု ဆို၍ ပုဏ္ဏားကို ပြန်လွှတ်လိုက်လေသည်။

ဇာတ်ပေါင်းသော် ပုဏ္ဏားသည် အရှင်အာနန္ဒာ၊ ရဟန္တာစိုးနတ်သည် ဗုဒ္ဓဖြစ်လာသည်။

သင်ခန်းစာ

သူတစ်ပါးအပေါ် မိမိက ဉီးစွာကျေးဇူးပြုခြင်းသည် ကြီးပွားတိုးတက်ခြင်း၏ လမ်းစဖြစ်၏။ သူတစ်ပါးအပေါ်၌ ကြည့်ရှုစောင့်ရှောက်လျှင် သူတစ်ပါးက တစ်ဖန် ကိုယ့်ကိုပြန်ပြီး စောင့်ရှောက်တတ်၏။ မေတ္တာထား၍ သူတစ်ပါးအကျိုးကို လုပ်ကိုင်ဆောင်ရွက်ပေးလျှင် ထိုက်တန်သောအကျိုးကို မလွဲမသွေ ရရှိမည်သာဖြစ်၏။ စသော သင်ခန်းစာများ ရရှိပါသည်။

၈-သကုဏဇာတ်အကျဉ်းချုပ်(၃၀၈)

ဘုရားရှင်သည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဘုရားရှင်၏ ကျေးဇူးကို မသိတတ်သော ဒေဝဒတ်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် ဟိမဝန္တာအရပ်၌ သစ်တောက်ဌက် ဖြစ်လေသည်။ တစ်နေ့တွင် သူသည် အစာရှာထွက်လာရာ ဝေဒနာခံစားနေရသော ခြင်္သေ့ကြီးတစ်ကောင်နှင့် ဆုံတွေ့၏။ သူက အကျိုးအကြောင်းကို မေးကြည့်ရာ ခြင်္သေ့ကြီးက သူ့လည်ချောင်းထဲတွင် အရိုးစူးဝင်နေပြီး လည်ပင်းတစ်ခုလုံး ဖူးဖူးရောင်နေသဖြင့် အစာမစားနိုင်ကြောင်းကို ပြောပြလေ၏။ ထိုအခါ သစ်တောက်ဌက်က 'အရိုးကိုတော့ နှုတ်ယူပေးချင်ပါသည်။ သို့ရာတွင် သင့်ခံတွင်းထဲသို့မူ မဝင်ဝံ့ပါ'ဟုဆိုလိုက်သည်။ ခြင်္သေ့ကြီးက 'သင့်ကို စားမည်မဟုတ်ပါ။ မိမိအား အန္တရာယ်မှ ကယ်တင်ပေးပါ' ဟု တောင်းပန်ပြောဆိုသည်။

http://www.dhammadownload.com

ထိုစကားကြောင့် သစ်တောက်ငှက်သည် လိုလိုမယ်မယ် သဘောနှင့် ခြသေ့ကြီး၏ ခံတွင်းကို တုတ်တံဖြင့် ထောက်ထားခဲ့ပြီးလျှင် လည်ချောင်းထဲဝင်၍ အရိုးစွန်းကို နှုတ်သီးဖြင့် နုတ်ယူသည်။ ပြန်ထွက်လာပြီး ထောက်ထားခဲ့သော တုတ်တံကိုလည်း နှုတ်သီးဖြင့် ဖြုတ်ပေးလိုက်လေသည်။

တစ်နေ့တွင် ခြသေ့ကြီးသည် တောကျွဲကြီးတစ်ကောင်ကို သတ်ဖြတ်စား သောက်နေရာသို့ သစ်တောက်ငှက် ရောက်သွားခဲ့သည်။ ခြသေ့ကြီးစိတ်ကို စမ်း သပ်ကြည့်လိုသဖြင့် 'ခြသေ့မင်း၊ သင့်အား ငါရှိခိုးပါသည်၊ သင့်အပေါ်၌ ငါပြုခဲ့ ဖူးသော ကျေးဇူးတရားများလည်း ရှိပါသည်၊ ငါ့အား အမဲသား အနည်းငယ်မျှ ပေးပါလော့'ဟု တောင်းဆိုသည်။ ကျေးဇူးကန်းသော ခြသေ့က 'ငါ့သွားကြားထဲသို့ ရောက်ခဲ့ပြီးသော သင့်အား အသက်ချမ်းသာခွင့် ပြုခဲ့ခြင်းဖြင့် ငါသည် သင့် ကျေးဇူးကို ပေးဆပ်ခဲ့ပြီ မဟုတ်ပါလော' ဟု ပြန်ကြားခဲ့လေသည်။

ဇာတ်ပေါင်းသော် ခြသေ့သည် ဒေဝဒတ်၊ သစ်တောက်ငှက်သည် ဗုဒ္ဓ ဖြစ်လာသည်။

သင်ခန်းစာ

သူယုတ်တို့ကား သူတစ်ပါးကျေးဇူးကို မသိတတ်၊ ကျေးဇူးတရား၏ဂုဏ်ကို နားမလည်၊ ကျေးဇူးမဆပ်တတ်ရုံသာမက အပြစ်ပင် ပြန်ပြုတတ်ကြသည်။ ကျေးဇူးကန်းသူထံမှ ဘာကိုမျှ မမျှော်လင့်သင့်ပေ။ အရိုးငြိသော ခြသေ့ကဲ့သို့ မိမိတို့အား အသက်ကယ်ပေးသော ကျေးဇူးရှင်များအပေါ် ပြန်ပြီး မပြစ်မှားသင့်ပါ။ စသောသင်ခန်းစာများ ရရှိပါသည်။

၉-ဆဝဇာတ်အကျဉ်းချုပ်(၃၀၉)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် မြင့်သော နေရာ၌နေသော တရားနာပရိသတ်ကို နိမ့်သောနေရာမှနေ၍ တရားဟောပြ သည့် ဆဋ္ဌဂို ရဟန်းများအား မြတ်စွာဘုရားက 'ရဟန်းတို့၊ တရားတော်၌ အရို

http://www.dhammadownload.com

အသေ မပြုခြင်းသည် မသင့်၊ ရှေးပညာရှိတို့သည် နိမ့်သောနေရာမှနေ၍ ဗေဒင်သင်ပေးသော ဆရာကိုပင် ကဲ့ရဲ့ဖူးပြီ' ဟု မိန့်တော်မူကာ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် 'စဏ္ဍာလ'မျိုး၌ ဖြစ်၏။ တစ်နေ့တွင် ဇနီးဖြစ်သူသည် သရက်သီး စားလိုသော ချင်ခြင်းအာသာ ဖြစ်လာ၍ သရက်သီးကိုမှ မစားသုံးရလျှင် သေပွဲဝင်ရလိမ့်မည်ဟုဆို၏။ သူသည် ညအချိန်၌ မင်းဥယျာဉ်သို့သွားကာ သရက်ပင်ပေါ် တိတ်တဆိတ် တက်ရောက်၍ ကောင်းနိုးရာရာ သရက်သီးကို ရှာဖွေနေရင်းက မိုးလင်းသွားသဖြင့် ပြန်ဆင်း၍မဖြစ်တော့ဘဲ သစ်ခွကြားတွင် ပုန်းနေလိုက်၏။

မကြာမီ မင်းနှင့်ပုရောဟိတ်တို့သည် ဥယျာဉ်တော်ထဲသို့ ရောက်လာကြကာ သရက်ပင်အောက်တွင် ပုရောဟိတ်က နိမ့်ရာမှနေ၍ မင်းအား မြင့်ရာမှနေစေပြီး ဗေဒင်သင်ကြားပေးနေသည်ကို တွေ့မြင်ရ၏။ ထိုအခါ ဘုရားလောင်းသည် တွဲလျားကျနေသော သစ်ကိုင်းဖျားမှ ဆင်းလိုက်ကာ မင်းနှင့်ပုရောဟိတ်အကြားတွင်ရပ်လျက် 'မြတ်သောမင်းကြီး၊ အကျွန်ုပ်သည် ပျက်၏။ သင်မင်းကြီးသည် တွေဝေ၏။ ပုရောဟိတ်သည် ရမ္မက်ကြီး၏။ ပုရောဟိတ်သည် နိမ့်ရာမှနေ၍ ဗေဒင်သင်ပေးသောကြောင့် တရားမစောင့်၊ သင်မင်းကြီးသည် မြင့်ရာမှနေ၍ ဗေဒင်သင်ယူသောကြောင့် တရားမစောင့်၊ အကျွန်ုပ်သည်လည်း မိမိ၏အသက်ကို မငဲ့ကွက်ဘဲ မိန်းမတို့အလိုကို လိုက်၍ သရက်သီးခိုးခဲ့သောကြောင့် တရားမစောင့်' ဟု လျှောက်တင်လေသည်။

မင်းသည် သူ့အမြင်ကို နှစ်ခြိုက်တော်မူသောကြောင့် 'ယနေ့မှစ၍ ငါသည် နေ့ဘက်၌ မင်းပြုမည်။ သင်သည် ညဉ့်ဘက်၌ မင်းပြုလော့'ဟု ဆိုပြီး ဘုရားလောင်းအား မြို့ဝန်ရာထူးကို ပေးအပ်လိုက်လေသည်။

ဇာတ်ပေါင်းသော် မင်းသည် အရှင်အာနန္ဒာ၊ စဏ္ဍာလသည် ဗုဒ္ဓ ဖြစ်လာသည်။

http://www.dhammadownload.com

သင်ခန်းစာ

မိန်းမတို့အလိုကို လိုက်၍ ပြစ်မှုကျူးလွန်သူ၊ အကြောက်တရားကြောင့် မလိုက်လျောသင့်သည်ကို လိုက်လျောသူ၊ ရာထူးဂုဏ်ထူးကို အကြောင်းပြုပြီး ရိုင်းပျစေ်ကားသူ၊ ဤသူတို့သည် တရားမစောင့်သူများ ဖြစ်ကြ၏။ လောကကျင့်ဝတ်အရ ဆရာသည် မိမိ၏ဂုဏ်သိက္ခာကို တန်ဖိုးထားရာ၏။ တပည့်သည်လည်း ဆရာနှင့် အတတ်ပညာ၏ဂုဏ်ကို ကောင်းစွာရှိသေသင့်၏။ စသော သင်ခန်းစာများ ရရှိပါသည်။

၁၀-သေယျဇာတ်အကျဉ်းချုပ်(၃၁၀)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် သာသနာတော်၌ ငြီးငွေ့သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် မင်းကြီးသည် မိမိ၏သားတော်နှင့် တစ်နေ့တည်းတွင် ဖွားမြင်သူ ပုရောဟိတ်၏ သားငယ်ဖြစ်သော ဘုရားလောင်းကို နန်းတွင်းသို့ဆောင်ယူ၍ မင်းသားငယ်နှင့် အတူ မွေးမြူစေသည်။ အစားအစာ အဝတ်တန်ဆာတို့ကို အတူကျွေးမွေး ဆင်မြန်းပေးသည်။ အရွယ်ရောက်ချိန်၌ တက္ကသိုလ်တွင် အတူပညာသင်စေ၍ မင်းသား အိမ်ရှေ့စံဖြစ်လာသောအခါ၌လည်း အတူသွား၊ အတူစား၊ အတူအိပ်ကြ၏။ သူတို့နှစ်ဦးသည် အချင်းချင်း အလွန် ချစ်ကျွမ်းတဝင် ရှိကြသည်။

ခမည်းတော်မင်းကြီး နတ်ရွာစံခဲ့သောအခါ အိမ်ရှေ့စံသည် ထီးနန်းကို ဆက်ခံရလေ၏။ ကိုယ် စိတ်တို့၏ ငြိမ်းအေးမှုကို ရှာမှီးလိုသော ဘုရားလောင်းသည်ကား ရသေ့ပြု၍ ဟိမဝန္တာ၌ သွားရောက်နေထိုင်ပြီး အဘိညာဉ်သမာပတ်တို့နှင့် ပြည့်စုံသော ရသေ့တစ်ပါးအဖြစ်သို့ ရောက်ရှိလေသည်။

မင်းသည် ဘုရားလောင်းကို ပုရောဟိတ်ရာထူးဖြင့် ခီးမြှောက်လိုသဖြင့် 'သေယျ'မည်သော အမတ်ကို စေလွှတ်၍ ပင့်ခေါ်စေရာ 'ပုရောဟိတ်အရာကို

http://www.dhammadownload.com

ထားဘိဦး၊ စကြဝတေး မင်း၏စည်းစိမ်ကို ရငြားသော်လည်း ငါမလိုက်၊ 'ပညာရှိတို့သည် တစ်ကြိမ်စွန့်ပယ်ပြီးသော ကိလေသာတို့ကို ထွေးအပ်ပြီးသော တံထွေးကဲ့သို့ တစ်ဖန်ပြန်မယူကုန်'ဟု ဆိုလိုက်လေသည်။

ဇာတ်ပေါင်းသော် မင်းသည် အရှင်အာနန္ဒာ၊ သေယျအမတ်သည် အရှင်သာရိပုတ္တရာ၊ ပုရောဟိတ်သား ရသေ့သည် ဗုဒ္ဓဖြစ်လာသည်။

သင်ခန်းစာ

သူတော်စင်တို့မည်သည် စည်းစိမ်ဥစ္စာ၊ ရာထူးဂုဏ်ထူးတို့ကို တပ်မက်ခြင်း မရှိ၊ ကာမဂုဏ်စည်းစိမ်ကို စက်ဆုတ်ကြ၏။ ကာမဂုဏ်ချမ်းသာထက် ဈာန်ချမ်းသာကိုသာ အလိုရှိကြ၏။ ဝဋ်ဆင်းရဲမှ လွတ်မြောက်လိုကြ၏။ စသော သင်ခန်းစာများ ရရှိပါသည်။

၂-ပုစိမန္ဒဝဂ်

၁-ပုစိမန္ဒဇာတ်အကျဉ်းချုပ်(၃၁၁)

ဘုရားရှင်သည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ရာဇဂြိုလ်ပြည်အနီး တောရကျောင်း၌ တောရဆောက်တည်နေသော အရှင်မောဂ္ဂလာန်မထေရ်သည် မိမိကျောင်း ပရိဝုဏ်အရံ၌ လာရောက်ပုန်းခိုနေသော ခိုးသူအား အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် မြို့၏သုသာန်တောထဲ၌ တမာပင်စောင့်နတ် ဖြစ်လေသည်။ တစ်နေ့တွင် ဥစ္စာခိုး၍ မြို့တံခါးဝမှ ထွက်ပြေးလာသော ခိုးသူတစ်ယောက်သည် သုသာန်တောသို့ ဝင်ပြေးလာကာ တမာပင်ရင်း၌ ဥစ္စာထုပ်ကို ထားပြီးအိပ်နေရာ တမာပင်စောင့်နတ်က 'ခိုးသူ ထလော့၊ အိပ်နေခြင်းဖြင့် အခွင့်မမြုန်းလင့်၊ မင်းမူထမ်းယောက်ျားများ လာမဖမ်းမီ ဝေးရာသို့ ပြေးပါလော့'ဟု ဆို၏။ ခိုးသူလည်း ထိုနေရာမှ ထွက်ပြေးခဲ့လေသည်။ ထိုအခါ အနီးရှိ ညောင်ဗုဒ္ဓဟေပင်စောင့်နတ်က 'ခိုးသူ အဖမ်းခံရခြင်း သည် သင်နှင့် မည်သို့သက်ဆိုင်ပါသနည်း'ဟုမေးရာ 'ခိုးသူ

http://www.dhammadownload.com

နှင့် ရောနှောဆက်ဆံ၍ မဖြစ်ပါ။ သူ့ကို ဖမ်းမိခဲ့လျှင် မိမိ၏ တမာပင်မှ အကိုင်းကိုခုတ်ဖြတ်၍ တံကျင်လျှိုကြမည် ဖြစ်ပါသည်။ ထို့ကြောင့် ခိုးသူကို ရွံရှာရခြင်း ဖြစ်ပါသည်ဟု ရှင်းပြလေသည်။

ထိုစဉ် ခိုးသူနောက်သို့ လိုက်လာကြသော ရွာသားများသည် တမာပင်အောက်သို့ ရောက်လာကြရာ ခိုးသူကိုမတွေ့လိုက်ကြရဘဲ ခိုးသူအိပ်သွားသော နေရာကိုသာ တွေ့ကြရ၏။ ထိုအခါ အကယ်၍ ဤနေရာ၌သာ ခိုးသူကို ဖမ်းမိခဲ့လျှင် တမာသားနှင့် တံကျင်လျှိ၍ တမာကိုင်း၌ပင် ဆွဲထားခဲ့ကြမည်'ဟု အချင်းချင်း ပြောဆိုပြီး ပြန်သွားကြလေ၏။ ညောင်ပင်စောင့်နတ်လည်း 'ပညာရှိသည် ရွံရှာ၍ လာမည့်ဘေးကိုမြင်ပြီး ကာကွယ်စောင့်ရှောက်ရာ၏'ဟုဆိုလေသည်။

ဇာတ်ပေါင်းသော် ညောင်ဗုဒ္ဓဟေပင်စောင့်နတ်သည် အရှင်အာနန္ဒာ၊ တမာပင်စောင့်နတ်သည် ဗုဒ္ဓဖြစ်လာသည်။

သင်ခန်းစာ

ပညာရှိသူတော်ကောင်းသည် လူမိုက်နှင့် ဝေးစွာရှောင်ရှား၍ နေလို၏။ လူမိုက်သည် လောင်သည့်မီးပမာဖြစ်၍ ရောက်ရာအရပ် ရှိသည့်နေရာကို ဒုက္ခပေးတတ်၏။ လူမိုက်တို့နှင့် ရောနှောဆက်ဆံခြင်းသည် မိမိအတွက် အန္တရာယ်ဆိုးကျိုးကိုသာ ရနိုင်၏။ လာမည့်ဘေးကို ဝေဝေးက ရှောင်ကြဉ်၍ မိမိကိုယ်ကို ကာကွယ်စောင့်ရှောက်သင့်၏။ စသော သင်ခန်းစာများ ရရှိပါသည်။

၂-ကဿပမန္ဒိယဇာတ်အကျဉ်းချုပ်(၃၁၂)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် သားအဖတော်စပ်ကြသော ရဟန်းနှစ်ပါးနှင့် သာမဏေတစ်ပါးတို့သည် တောရွာကျောင်းတွင်သွား၍ ဝါဆိုခဲ့ကြရာမှ ဝါကျွတ်ချိန်၌ ဇေတဝန်ကျောင်းတော်သို့ ပြန်လာခဲ့ကြစဉ် ရဟန္တာဖြစ်သော အစ်ကိုရဟန်းက ညီငယ်သာမဏေအား ဖခင်ရဟန်းအိုကြီးကို စောင့်ဆိုင်းခေါ်ခဲ့ရန် မှာကြားကာ ရှေ့မှသွားနှင့်၏။ သာမဏေငယ်သည် မိမိကို မှီအောင် မလိုက်နိုင်သော ဖခင်ရဟန်းအိုအား အတင်းဆွဲခေါ်ရာ

http://www.dhammadownload.com

'သင်သည် သင့်ဆန္ဒအတိုင်း ဖြစ်စေရန်သာ အတင်းဆွဲခေါ်သည်။ ငါမလိုက်နိုင်' ဟု စိတ်ဆိုးပြောဆိုကာ လာခဲ့သော ခရီးမှအစ ပြန်၍သွား၏။ ထိုရဟန်းအို၏ လုပ်ဆောင်ချက်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် ကာသိနိဂုံးတွင် ပုဏ္ဏားမျိုး၌ ဖြစ်လေ၏။ မိခင်ကြီးကွယ်လွန်သွားပြီးခါနှင့် ဖခင်နှင့်ညီငယ်ကိုခေါ်၍ ရသေ့ပြုကာ ဟိမဝန္တာ၌ အတူနေထိုင်ကြ၏။ မိုးရာသီတစ်ခုတွင် မိုးအဆက်မပြတ် ရွာသွန်းနေ၍ သစ်သီးရှာထွက်ရန် အခက်အခဲရှိနေရာ ဟိမဝန္တာမှထွက်၍ လူနေရပ်ကွက်၌ သွားရောက်နေထိုင်ကြပြီး မိုးပြတ်၍ သစ်သီးကြီးငယ်များ သီးပွင့်ချိန်တွင် ဟိမဝန္တာသို့ ပြန်ခဲ့ကြသည်။

အပြန်ခရီး၌ ကျောင်းနှင့်မနီးမဝေးသို့ အရောက်တွင် နေဝင်သွားသဖြင့် ဘုရားလောင်းရသေ့သည် ကျောင်းကို သုတ်သင်ရှင်းလင်းရန် ရှေ့မှလာခဲ့ပြီး ညီငယ်နှင့်ဖခင်ကို တဖြည်းဖြည်းချင်း လာခဲ့ကြရန် မှာထားခဲ့၏။ ကျန်ခဲ့သော ရသေ့သားအဖသည် တော်တော်နှင့်ရောက်မလာကြသဖြင့် ဘုရားလောင်းရသေ့သည် မီးရှူးနှင့် သွားကြိုလိုက်ရ၏။ ဤမျှကြာမြင့်နေခဲ့ရခြင်း၏ အကြောင်းရင်းကို မေးမြန်းရာ ရသေ့ငယ်သည် အဖရသေ့၏ ပြုမူပုံများကို ပြောပြ၏။ ထိုအခါ ဘုရားလောင်းက ခမည်းတော်၊ သူငယ်တို့မည်သည် မြေအိုးနှင့်တူကြ၍ တစ်ခဏဖြင့် ပင် ကွဲတတ်ကြ၏။ ကွဲပြီးချိန်မှစ၍ နောက်တစ်ဖန် ပြန်မဆက်ကြကုန်၊ သူငယ်တို့ကို ကြီးသောသူတို့သည် သည်းခံသင့်ကြသည်ဟု ဆုံးမစကား ဆိုလေသည်။

ဇာတ်ပေါင်းသော် အဖရသေ့သည် မထေရ်ဒုံ၊ ရသေ့ငယ်သည် သာမဏော၊ အဖအား ဆုံးမစကားဆိုသော ရသေ့သည် ဗုဒ္ဓဖြစ်လာသည်။

သင်ခန်းစာ

သားသမီးတို့သည် မိအိုဖအိုတို့ကို ဖေးမကြင်နာစွာ ဆက်ဆံ၍ မိဘတို့ကလည်း သားသမီးတို့အပေါ်၌ စိတ်ရှည်သည်းခံသင့်၏။ စိတ်ဓာတ်နုနယ်ကြသော လူငယ်တို့သည် စိတ်ဆိုး, စိတ်တိုလွယ်ကြသဖြင့် လူကြီးသည် လူငယ်အား အား စိတ်ရှည်ရှည်ထား၍ ဆက်ဆံသင့်၏။ စသော သင်ခန်းစာများ ရရှိပါသည်။

http://www.dhammadownload.com

၃-ခန္ဓိဝါဒီဇာတ်အကျဉ်းချုပ်(၃၁၃)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် အမျက်ထွက်တတ်သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ကလာဗုမင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် ကုဏ္ဍလဟူသောအမည်ဖြင့် ကုဋေရှစ်ဆယ်ကြွယ်ဝသော ပုဏ္ဏားမျိုး၌ ဖြစ်လေ၏။ ကုဏ္ဍလလုလင်သည် အရွယ်ရောက်ချိန်၌ ပညာသင်ယူ၍ မိဘနှစ်ပါးကွယ်လွန်ပြီးချိန်တွင်မူ ပစ္စည်းအားလုံးကို လှူဒါန်းစွန့်ကြဲကာ ဟိမဝန္တာ၌ ရသေ့ပြု၍ နေထိုင်၏။ တစ်နေ့တွင် ချဉ်, ဆား မှီဝဲရန် ဗာရာဏသီသို့ ရောက်လာရာ စစ်သူကြီးသည် ရသေ့ကို ကြည်ညိုသဖြင့် မင်းဥယျာဉ်၌ သီတင်းသုံးရန် လျှောက်ထားပြီး ဆွမ်းဘောဇဉ်များနှင့် ထောက်ပံ့ကိုးကွယ်ထားသည်။

တစ်နေ့တွင် အရက်မူးနေသော ကလာဗုမင်းသည် ဥယျာဉ်တော်ထဲသို့ ရောက်လာပြီး မင်္ဂလာကျောက်ဖျာပေါ်၌ သူမြတ်နိုးသည့် အမျိုးသမီးတစ်ဦး၏ ရင်ခွင်ပေါ်တွင် အိပ်နေလိုက်၏။ မင်းကြီး အိပ်ပျော်သွားချိန်၌ ကချေသည်များသည် သူတို့၏ သီဆို, တီးမှုတ်မှုများကို ရပ်နားကြပြီး ဥယျာဉ်တွင်းရှိ အင်ကြင်းပင်ရင်း၌ ထိုင်နေသော ရသေ့တစ်ပါးထံသွား၍ တရားနာနေကြသည်။

မင်းကြီး နိုးလာလျှင် ကချေသည်မများကို မတွေ့ရသဖြင့် သူမြတ်နိုးသူ အမျိုးသမီးကိုမေးရာ ရသေ့ထံတွင် တရားသွားနာနေကြောင်း လျှောက်ထားကြ၏။ ထိုအခါ မင်းကြီးသည် ရသေ့အပေါ် အမျက်ပွားကာ သန်လျက်ကို ကိုင်စွဲ၍ ရသေ့ရှိရာသို့ အပြေးအလွှားလိုက်ပြီး 'ရသေ့၊ သင်သည် အဘယ်ဝါဒရှိသနည်း' ဟု မေးသဖြင့် 'ခန္တီဝါဒ' ရှိ၏ဟု ဖြေ၏။ 'ခန္တီဆိုသည်မှာ အဘယ်နည်း'ဟု မင်းက ဆက်မေးရာ ' မိမိကိုယ်ကို ဆဲရေးသူအားဖြစ်စေ၊ ရိုက်ပုတ်သူအားဖြစ်စေ အမျက်ဒေါသ မထားဘဲ သည်းခံခြင်းသည် 'ခန္တီပင် ဖြစ်သည်'ဟု မိန့်ကြား၏။

ထိုအခါ မင်းသည် ပါးကွက်သားကိုခေါ်၍ ဆူးတပ်သောကြိမ်ဖြင့် ရသေ့ကြီး၏ ကျော၊ ရင်နှင့် နံဘေးနှစ်ဘက်တို့၌ ကြိမ်ဒဏ်နှစ်ထောင် ရိုက်ခိုင်းလိုက်၏။

http://www.dhammadownload.com

ထို့နောက် 'ရသေ့၊ သင်သည် အဘယ်ဝါဒ ရှိသနည်း'ဟု မေးပြန်၏။ ရသေ့က 'ခန္ဓိဝါဒ ရှိသည်'ဟုပင် ဖြေဆိုလေရာ မင်းသည် ရသေ့၏လက်နှစ်ဘက်နှင့် ခြေနှစ်ဘက်တို့ကို အဖြတ်ခိုင်းလိုက်၏။ တစ်ဖန် 'ရသေ့၊ သင်သည် အဘယ်ဝါဒ ရှိသနည်း' ဟု ထပ်မေးပြန်ရာ ရသေ့၏ အဖြေကား ပြောင်းလဲ၍မသွား။ ဤတွင် ရသေ့၏ နား၊ နှာခေါင်းတို့ကိုဖြတ်ရန် အမိန့်ပေးပြန်၏။ ဤသို့ဖြတ်သောအခါ၌လည်း ရသေ့၏အဖြေကား မထူးခြားပေ။ ထိုအခါ မင်းသည် 'ရသေ့စဉ်းလဲ၊ သင့်ခန္ဓိကို သင်သာလျှင် စောင့်ထိန်း၍နေလော့'ဟု ဆိုပြီးလျှင် ရသေ့၏ရင်ဝကို ခြေထောက်ဖြင့်ကန်ကာ ရသေ့အနီးမှ ထွက်ခွာသွားသည်။

ထို့အခါ စစ်သူကြီးရောက်လာကာ ရသေ့၏ကိုယ်မှ ဒဏ်ရာများကို သုတ်သင် သန့်ရှင်းပေးပြီးနောက် 'အရှင်ဘုရား၊ အမျက်ထွက်လိုလျှင် ကျွန်းလွန်ပြစ်မှားသော မင်းကိုသာ အမျက်ထွက်တော်မူပါ။ တိုင်းသား ပြည်သူများအား အမျက်မထားပါလင့်'ဟု တောင်းပန်၏။ ရသေ့ကြီးက 'ငါနှင့်တူသော ပညာရှိတို့သည် မည်သူ့ကိုမျှ အမျက်မထွက်တတ်ကြပါ၊ ငါ၏လက်၊ ခြေ၊ နှာခေါင်းတို့ကို ဖြတ်ခဲ့သော မင်းသည်လည်း သက်တော်ရှည်ပါစေ'ဟု ဆုတောင်းလိုက်လေသည်။

ရသေ့ကြီးအနီးမှ ထွက်ခွာခဲ့သောမင်းသည် ရသေ့ကြီး၏မြင်ကွင်းမှ ကင်းလွတ်ရာ ဥယျာဉ်တံခါးဝသို့ ရောက်လျှင်ပင် ဤမဟာပထဝီမြေကြီး၏ မိုးယူခြင်းကိုခံလိုက်ရ၏။ ရသေ့ကြီးသည်လည်း ထိုနေ့၌ပင် ကွယ်လွန်သွားရလေသည်။

ဇာတ်ပေါင်းသော် ကလာဗုမင်းသည် ဒေဝဒတ်၊ စစ်သူကြီးသည် အရှင်သာရိပုတ္တရာ၊ ခန္ဓိဝါဒီရသေ့သည် ဗုဒ္ဓဖြစ်လာသည်။

သင်ခန်းစာ

သူတော်ကောင်းသည် မိမိအား ရန်ပြုနှိပ်စက်သူအပေါ်၌ အမျက်မထားဘဲ မေတ္တာစိတ်ဖြင့် သည်းခံ၏။ မပြစ်မှားထိုက်သော သူတော်ကောင်းအား ပြစ်မှားကျူးလွန်သောသူတို့သည် ဘေးဒုက္ခ အပြစ်ဒဏ်ကို ခံစားရပြီး သေလွန်သော အခါ ငရဲသို့ ကျရောက်ရ၏။ သူတော်ကောင်းက သည်းခံသော်လည်း ကံတရားက သည်းမခံချေ။ စသော သင်ခန်းစာများ ရရှိပါသည်။

http://www.dhammadownload.com

၄-လောဟကုမ္ဘီဇာတ်အကျဉ်းချုပ်(၃၁၄)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ငရဲသားများ၏ ဒု, သ, န, သော ဟူသောအသံများ ကြားရသဖြင့် တုန်လှုပ်ချောက်ချားကာ သဗ္ဗစတုက္ကယဇ် ပူဇော်ရန် စီစဉ်သော ကောသလမင်းကြီးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် ကာသိရွာတွင် ပုဏ္ဏားမျိုး၌ ဖြစ်၍ အရွယ်ရောက်ချိန်၌ ရသေ့ပြု၏။ အဘိညာဉ် သမာပတ်ရ ရသေ့ဖြစ်လာ၍ ဟိမဝန္တာ၌ နေ၏။ ထိုအချိန်၌ မင်းကြီးသည် ငရဲသားလေးယောက်တို့၏ ဒု, သ, န, သော ဟူသော အသံကြီး လေးခုတို့ကို ကြားရ၍ ကြောက်လန့်နေ၏။ ပုဏ္ဏားတို့အား မေးမြန်းရာ အန္တရာယ်ကင်းစေရန် သဗ္ဗစတုက္ကယဇ်' ပူဇော်ရမည်ဟု လျှောက်ကြ၏။ ထိုနေ့၌ ဘုရားလောင်းရသေ့သည် ဒီဗ္ဗစက္ခုဖြင့် လောကကိုကြည့်ရာ ထိုကိစ္စကို မြင်တွေ့လိုက်ရသဖြင့် သတ္တဝါများအား ချမ်းသာစေလို၍ စွာန်ခရီးဖြင့် ဗာရာဏသီသို့ လာခဲ့ကာ မင်းဥယျာဉ်ထဲမှ မင်္ဂလာကျောက်ဖျာပေါ်တွင် ထိုင်နေလိုက်သည်။

ထိုအချိန်၌ ပုရောဟိတ်၏တပည့်ကြီးသည် သူတစ်ပါးကို သတ်၍ ယဇ်ပူဇော်ခြင်းကို သဘောမကျသဖြင့် ဥယျာဉ်ဘက်သို့ ထွက်လာခဲ့ရာ ရသေ့ကြီးနှင့်တွေ့၏။ ရသေ့အား အကြောင်းစုံ လျှောက်ထားသောအခါ ရသေ့က 'ထိုအသံကြီး လေးခုတို့၏ ဖြစ်ပေါ်ရခြင်း အကြောင်းကို ငါသိသည်၊ မင်းကြီးလာရောက်မေးမြန်းခဲ့လျှင် ရှင်းပြမည်'ဟု ပြန်ကြားလိုက်၏။ လူငယ်သည် မင်းကြီးအား သွားရောက် လျှောက်ထားသည်တွင် မင်းကြီးသည် လူငယ်နှင့်အတူ လိုက်ပါလာပြီး အကြောင်းရင်းကို မေးလျှောက်သည်။

ထိုအခါ ရသေ့ကြီးက 'မြတ်သော မင်းကြီး၊ ထိုသူတို့သည် ရှေးဘဝက စောက်ရှောက်သူရှိသော မိန်းမတို့၌ ပြစ်မှားခဲ့ကြသဖြင့် ဗာရာဏသီပြည်အနီးမှ လေးခုကုန်သော 'လောဟကုမ္ဘီ' ငရဲအိုး၌ ဖြစ်ကြရ၏။ ကျိုက်ကျိုက်ဆူသော ဆားရေပူအိုးတွင် နှစ်ပေါင်းသုံးသောင်းကြာ အောက်သို့ဆင်းရ၍ ပြန်တက်သောအခါ

http://www.dhammadownload.com

၌လည်း နှစ်ပေါင်းသုံးသောင်းတိုင် တက်ရပြီးမှ တစ်ကြိမ်ပေါ် ရသည်။ ထိုပေါ်ဆဲ ခဏတွင်ပင် ထိုလေးယောက်တို့သည် မိမိတို့ကျူးလွန်ခဲ့မိသော မကောင်းမှုနှင့် ပတ်သက်၍ တစ်ဂါထာစီ အပြည့်အစုံကို ရွတ်ဆိုခွင့် မရခဲ့ကြ။ ဒု, သ, န, သော ဟူသော အစတစ်လုံးစီကိုသာလျှင် ဆိုနိုင်ခဲ့ကြပြီး ပြန်လည်၍ နစ်မြုပ်သွားကြရာမှ ကြားလိုက်ရသော အသံများသာဖြစ်၏။ သင်မင်းကြီးအတွက် အန္တရာယ် မရှိဟု မိန့်ဆိုလိုက်၏။ ထိုအခါ မင်းကြီးသည် ယစ်တွင်းကိုဖျက်ဆီးစေကာ ဖမ်းဆီးထားခဲ့သော သတ္တဝါများကိုလည်း ပြန်လည်၍ လွှတ်ပေးစေလေသည်။

ဇာတ်ပေါင်းသော် ပုရောဟိတ်၏တပည့်သည် အရှင်သာရိပုတ္တရာ၊ ရသေ့သည် ဗုဒ္ဓဖြစ်လာသည်။

သင်ခန်းစာ

ကာမဂုဏ်အာရုံ၌ မိုက်မှားမှုသည် စံရသည်ကား တစ်ခဏ ခံရသည်ကား အနန္တဖြစ်၏။ ပစ္စည်းဥစ္စာ ပြည့်စုံပါလျက် ကုသိုလ်ကောင်းမှု မပြုလုပ်ဘဲ မိစ္ဆာစာရကာမမှု အကုသိုလ်ကိုသာ ပြုလုပ်လျှင် 'ဒု-သ-န-သော' ဟု ဟစ်အော်နေကြရသော သူဌေးသားလေးယောက်ကဲ့သို့ လောဟကုမ္ဘီ သံရည်ပူဝေရဲ၌ ကျရောက်တတ်၏။ သူတစ်ပါး သားမယားအား မပြစ်မှားဘဲ ရှောင်ရှား၍ ကုသိုလ်ကောင်းမှုကို လူတိုင်းပြုသင့်ပါသည်။ စသော သင်ခန်းစာများ ရရှိပါသည်။

၅-သဗ္ဗမံသလာဘဇာတ်အကျဉ်းချုပ်(၃၁၅)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဝမ်းနုတ်ဆေးသောက်ကြသော ရဟန်းများအတွက် သူနာပြုရဟန်းတော်များသည် သာဝတ္ထိမြို့တွင်းမှ ထမင်းဆိုင်များရှိသည့်လမ်းတွင် သွားရောက်ဆွမ်းခံကြရာ အမဲသားရောသည့်ဆွမ်းကို အလျှင်းမရဘဲ ပြန်လာကြသည်။ ထိုအကြောင်းနှင့်စပ်၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် ထိုမြို့၌ သူဌေးသား ဖြစ်လေ၏။ တစ်နေ့တွင် သူအပါအဝင် သူဌေးသား

http://www.dhammadownload.com

လေးယောက်တို့သည် မြို့ပြင်ဘက်မှ လမ်းဆုံတစ်နေရာ၌ ဝိုင်းဖွဲ့ကာ ထွေရာလေးပါး ပြောဆိုနေကြစဉ် မုဆိုးတစ်ဦး မောင်းနှင်လာသော အမဲသား လှည်းတစ်စီးသည် သူတို့အနီးသို့ ရောက်လာ၏။ သူဌေးသားတစ်ယောက်က 'ဟယ် မုဆိုး၊ ငါ့အား အမဲသားတစ်တုံး ပေးလော့'ဟု တောင်းလိုက်၏။ မုဆိုးက ' မိတ်ဆွေ၊ တောင်းရမ်းသူသည် ချစ်ဖွယ်သောစကားကို ဆိုတတ်ရသည်၊ သင့်စကားသည် အသားမပါ။ အမြှေးတုံးနှင့်သာ တူပေသည်' ဟု ဆိုပြီးလျှင် အသားမပါသော အမြှေးတုံးတစ်တုံးကို ပေးသည်။

ဤတွင် နောက်တစ်ယောက်က ' အစ်ကိုကြီး၊ ငါ့အား အမဲသားတစ်တုံး ပေးပါလော့'ဟု တောင်းပြန်ရာ ထိုသူအား ကိုယ်သားတစ်တုံး ပေး၏။ အခြားတစ်ယောက်က 'အဘ၊ ငါ့အားလည်း အမဲသားတစ်တုံး ပေးပါလော့'ဟု တောင်းပြန်ရာ နှလုံးသားအပါအဝင် အသားကောင်းများကို ပေးလိုက်၏။ နောက်ဆုံး သူဌေးသားကမူ 'မိတ်ဆွေ၊ ငါ့အားလည်း အမဲသားတစ်တုံး ပေးခဲ့ပါ'ဟု တောင်းသောအခါ၌ကား မုဆိုးသည် လှည်းပေါ်ပါသော အမဲသားအားလုံးကို ပေးအပ်ရုံမျှမက အိမ်အရောက် လိုက်ပို့ပေး၏။ ထိုသူဌေးသားသည် မုဆိုးနှင့် မိတ်ဆွေရင်းချာ ဖြစ်သွားပြီးနောက် မုဆိုးအား မုဆိုးလုပ်ငန်းကို စွန့်စေကာ ရင်းနှီးစားသောက်ရန် ငွေကြေးများထုတ်ပေး၏။ ထိုမျှမက မုဆိုးမိသားစုကိုလည်း မိမိအိမ်သို့ ခေါ်ယူထားလေသည်။

ဇာတ်ပေါင်းသော် မုဆိုးသည် အရှင်သာရိပုတ္တရာ၊ အမဲသားအားလုံးကို ရသော သူဌေးသားသည် ဗုဒ္ဓဖြစ်လာသည်။

သင်ခန်းစာ

တောင်းရမ်းသူသည် ချစ်ခင်ဖွယ်ရာသော စကားကို ပြောဆိုတတ်ရ၏။ ကြမ်းတမ်းသော စကားကို လူတိုင်း မနှစ်သက်ကြ၊ ချိုသာသော စကားကိုကား ကြားရသူတိုင်း နှစ်သက်ကြသဖြင့် စကားအရာ၌ တတ်သိလိမ္မာလျှင် လိုရာရနိုင်၏။ မိတ်ကောင်းဆွေကောင်း၏ တန်ဖိုးသည် အတိုင်းမသိ ထိုက်တန်၏။ စသော သင်ခန်းစာများ ရရှိပါသည်။

http://www.dhammadownload.com

၆-သသပဏ္ဍိတဇာတ်အကျဉ်းချုပ်(၃၁၆)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် သာဝတ္ထိပြည်သား သူကြွယ်တစ်ဦးသည် ဘုရားအမှူးရှိသော သံဃာငါးရာတို့အား ခုနစ်ရက်တိုင် ဆွမ်းကျွေးလှူဒါန်းပြီး နောက်ဆုံးနေ့၌ ပရိက္ခရာစုံ လှူဒါန်း၍ အနုမောဒနာတရားနာသောအခါ ဘုရားရှင်က 'သီတင်းသည်၊ သင်သည် ပီတိသောမနဿဖြစ်သင့်သည်။ ဤအလှူမည်သည်ကား ရှေးပညာရှိတို့၏အနွယ်ပေတည်း၊ ရှေးပညာရှိတို့သည် ရောက်လာကြသည့် အလှူခံတို့အား အသက်ကိုစွန့်၍မိမိအသားကိုပင် လှူခဲ့ဖူးပြီ'ဟု မိန့်တော်မူကာ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် ယုန်မျိုး၌ ဖြစ်၍ သူတွင် မျောက်, မြေခွေး, ဖျံဟူသော မိတ်ဆွေသုံးဦးရှိ၏။ သူတို့လေးဦးသည် ညနေချမ်းရောက်တိုင်း တွေ့ဆုံကြမြဲ၊ ယုန်မင်း၏ ဆုံးမစကားကို ခံယူနေကြမြဲဖြစ်၏။ တစ်နေ့တွင် ယုန်မင်းသည် ကောင်းကင်၌ လကိုမြင်လျှင် မနက်ဖြန် လပြည့်၊ ဥပုသ်နေ့မှန်းသိ၍ မိတ်ဆွေများအား မနက်ဖြန် ဥပုသ်သီလဆောက်တည်ကြရန်၊ အလှူခံပုဂ္ဂိုလ်များ ရောက်လာခဲ့လျှင် မိမိတို့စားသောက်သည့် အစာအာဟာရမှ တတ်အားသမျှ ပေးလှူကြရန် မှာကြား၏။

လပြည့်နေ့ နံနက်စောစော၌ ဖျံသည် အစာရှာရန် ဂင်္ဂါကမ်းခြေသို့ ရောက်လာ၏။ တံငါသည်တစ်ဦး သဲဖြင့်ဖုံး၍ ဝှက်ထားခဲ့သော နွယ်ကြိုးဖြင့်သီထားသည့် ငါးကြင်းခုနစ်ကောင်ကို တွေ့ရသည့်အခါ ဤငါးများ၏ ပိုင်ရှင်ရှိ-မရှိကို သုံးကြိမ်တိုင် ဟစ်အော်၍ မေးမြန်း၏။ တစ်စုံတစ်ရာ ပြန်ကြားသံ မကြားရသဖြင့် ထိုငါးများကို ယူလာပြီး နေရာသို့ရောက်သောအခါ မိမိသီလကို နှလုံးသွင်း၍ နေလိုက်၏။ မြေခွေးသည်လည်း လယ်စောင့်တဲတစ်ခုမှ အမဲတံစို့နှစ်ခု၊ ဖွတ်ကင်တစ်ခုနှင့် နို့ဓမ်းအိုးတစ်လုံးကို ဖျံကဲ့သို့ပင် ပိုင်ရှင် ရှိ-မရှိကို သုံးကြိမ်တိုင် မေးပြီးမှ ယူလာ၏။ မျောက်ကတော့ သရက်သီးမှည့်တစ်ခိုင် ရထား၏။ တစ်စုံတစ်ရာ လှူဖွယ်ရာပစ္စည်း မရှိသေးသော ယုန်းမင်းက အလှူခံပုဂ္ဂိုလ်သာ ရောက်လာမည်ဆိုလျှင် မိမိ၏အသားကို ပေးလှူရန် ဆုံးဖြတ်ထားသည်။

http://www.dhammadownload.com

ထိုအခါ ယုန်မင်း၏ သီလတန်ခိုးကြောင့် သိကြားမင်း၏ ပဏ္ဏကမ္မလာသည် ပူပြင်းလာ၍ သိကြားမင်းသည် ထိုလေးဦးတို့၏သီလကို စမ်းသပ်ရန် ပုဏ္ဏားအသွင်ဖြင့် လာခဲ့၏။ ဦးစွာ ဖျံနှင့်တွေ့ဆုံ၍ ငါးခုနစ်ကောင် လျှာရာ သိကြားမင်းက မယူခဲ့သေး၊ အချိန်စောသေး၍ နောက်မှလာယူမည်ဟု ဆိုခဲ့၏။ မြေခွေးထံသို့လာခဲ့ရာ သူရထားသော လျှာဖွယ်ပစ္စည်းအားလုံးကို ပေးလျှာ၏။ သိကြားမင်းက မယူခဲ့သေး၊ ရွေးနည်းအတိုင်း ဆိုခဲ့၏။ မျောက်ထံသို့ ရောက်သည့်အခါတွင်လည်း ရွေးနည်းအတိုင်းပင် ဖြစ်၏။ နောက်ဆုံး၌ ယုန်မင်းထံသို့ ဝင်လာသည်။

ယုန်မင်းသည် ပုဏ္ဏားအိုကို ဝမ်းမြောက်ဝမ်းသာ ကောင်းချီးပြုပြီးနောက် 'ယနေ့ ငါသည် မလျှာဖူးသော အလျှာကို လျှာပါမည်၊ သင်သည် သီလရှိသူဖြစ်၍ ပါဏာတိပါတကံကို ပြုလိမ့်မည်မဟုတ်၊ ထို့ကြောင့် မီးဖို၍ မီးကျီး ရအောင်ပြုလော့၊ ငါသည် အသက်ကိုစွန့်၍ မီးကျီးပုံထဲသို့ ဝင်အံ့၊ ငါ့အသားများအား ကျက်ချိန်၌ သင်စား၍ ရဟန်းတရားကို အားထုတ်ပါ'ဟု ပုဏ္ဏားအိုကို ပြောသည်။

ပုဏ္ဏားအိုသည် မီးကျီးတစ်ခု ပြုလုပ်ပြီးနောက် ယုန်မင်းအား ပြောကြားရာ ယုန်မင်းသည် မိမိ၏အမွေးကြားများ၌ ရှိနေကြသော ပိုးမွှားငယ်များ မသေကြစေရန် သုံးကြိမ်တိုင် ကိုယ်ကို ခါလှုပ်ပစ်၏။ ပြီးလျှင် မီးကျီးဖိုထဲသို့ ခုန်ဆင်းလိုက်ရာ မီးကျီးသည် ယုန်မင်း၏ ကိုယ်ကို မပူလောင်စေသည့်အပြင် အမွေးကိုမျှ အပူငွေ့ မဟတ်နိုင်ခဲ့ဘဲ ဆီးနှင်းတိုက်ထဲသို့ ဝင်ရသကဲ့သို့ ဖြစ်လေ၏။

ထိုအခါ ယုန်မင်းက အကြောင်းရင်းကိုမေးရာ 'မိမိသည် ပုဏ္ဏားအစစ်မဟုတ်၊ သိကြားမင်းသာ ဖြစ်၏။ ယုန်မင်း၏သီလကို စမ်းသပ်လို၍ လာခဲ့ရခြင်းဖြစ်သည်'ဟု သိကြားမင်းက ပြောပြ၏။ ထို့နောက် ယုန်မင်း၏ ကျေးဇူးဂုဏ်သည် ကမ္ဘာဆုံးသည်တိုင် ခိုင်မြဲနေစေရန် ရည်ရွယ်လျက် တောင်ဆီကို ညှစ်ယူ၍ယဲင်းတောင်ဆီဖြင့်ပင် လ, ဝန်းပေါ်၌ ယုန်ရုပ်အမှတ်အသား ရေးဆွဲပေးလေသည်။

ဇာတ်ပေါင်းသော် ဖျံသည် ရှင်အာနန္ဒာ၊ မြေခွေးသည် ရှင်မောဂ္ဂလာန်၊ မျောက်သည် ရှင်သာရိပုတ္တရာ၊ သိကြားမင်းသည် ရှင်အနုရုဒ္ဓါ၊ ယုန်ပညာရှိသည် ဘုဉာဖြစ်လာသည်။

http://www.dhammadownload.com

သင်ခန်းစာ

အလျှူဒါနပြုခြင်းသည် ရှေးပညာရှိတို့၏ အနွယ်ပင်ဖြစ်၏။ ရှေးပညာရှိတို့သည် ရောက်လာသော အလျှူခံတို့အား မိမိအသက်ကို စွန့်၍ မိမိအသားကို ပေးလျှူကြ၏။ အလျှူဒါနကို ရဲရဲရင့်ရင့်၊ ရက်ရက်ရောရော ပြုတတ်ကြသဖြင့် ရှေးသူတော်ကောင်း၏ ဂုဏ်သတင်းသည် ကမ္ဘာချင်းအောင် မွှေး၍ ကမ္ဘာတည်သရွေ့ သမိုင်းမော်ကွန်းထိုးလျက် မှတ်တမ်းတင်ခံရ၏။ စသော သင်ခန်းစာများ ရရှိပါသည်။

၇-မတရောဒနဇာတ်အကျဉ်းချုပ်(၃၁၇)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် အစ်ကိုသေဆုံးသွားသဖြင့် သောကဖြစ်ကာ ရေမချိုး၊ ထမင်းမစားဘဲ သုသာန်ထဲသို့သွား၍ အကြိမ်ကြိမ် ငိုကြွေးနေသော သာဝတ္ထိမြို့သား သူကြွယ်တစ်ဦးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ပြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် ကုဋေရှစ်ဆယ် ကြွယ်ဝသော သူဌေးမျိုး၌ ဖြစ်လေ၏။ မိဘနှစ်ပါး ကွယ်လွန်သွားခဲ့ချိန်၌ အစ်ကိုသည် ဥစ္စာပစ္စည်းများကို စီမံကွပ်ကဲ၍ ညီအစ်ကိုနှစ်ဦး ချစ်ခင်သင့်မြတ်စွာ နေထိုင်လာခဲ့ကြရာ တစ်နေ့တွင် အစ်ကို ကွယ်လွန်သွား၏။ ဆွေမျိုးမိတ်သင်္ဂဟများအားလုံး ငိုကြွေးကြသော်လည်း ညီငယ်ဘုရားလောင်းကား မျက်ရည်ကလေး တစ်စပင် မစို့ခဲ့ချေ။ ထို့ကြောင့် ဝန်းကျင်နှင့်တကွ ဆွေမျိုးတို့ကပါ ကဲ့ရဲ့ကြသည်။

ထိုအခါ ဘုရားလောင်းက 'မိုက်တွင်းနက်သော သင်တို့သည် လောကဓံတရားကို မသိကြ၍ ငိုကြွေးနေကြခြင်းဖြစ်၏။ ငါလည်း သေရမည်။ ထို့ကြောင့် ငါမငို၊ သင်တို့သည်လည်း သေကြရဦးမည်၊ ထို့ကြောင့် ငါလည်း သေရမှာပါတကားဟု နှလုံးသွင်း၍ မငိုကြကုန်လင့်။ သခ်ါရတရားတိုင်းသည် မမြဲကြ။ ဖြစ်ပြီးလျှင် ချုပ်တတ်ကြသည်' စသည်ဖြင့် တရားဟော၏။ ထိုအခါ ဆွေမျိုးများ၏ ငိုကြွေးသံများ တိတ်သွားကြလေသည်။

http://www.dhammadownload.com

ဇာတ်ပေါင်းသော် ညီသည် ဗုဒ္ဓ ဖြစ်လာသည်။

သင်ခန်းစာ

သတ္တဝါဟူသမျှတို့သည် အိုခြင်း၊ နာခြင်း၊ သေခြင်းဟူသော သခ်ါရတရား ကို ရင်ဆိုင်ကြရ၏။ သခ်ါရတရားတို့သည် မမြဲကြ၊ အဖြစ်ရှိလျှင် ပျက်ရမည်သာ ဖြစ်၏။ အသက်ရှင်ခြင်းသည် သေခြင်းလျှင် အဆုံးရှိသဖြင့် သေသူနှင့် မိမိတို့ မှာ ရှေ့သွားနောက်လိုက်သာ ကွာခြား၏။ ဆွေမျိုးမိဘ ပျက်စီးသည်ကို တွေ့ကြုံ ရသောအခါ ငိုကြွေးပူဆွေးမှု သောကပရိဒေဝဒီးကို အမြန်ဆုံး ငြိမ်းအောင် ကြိုး စားသင့်ကြပေသည်။ စသော သင်ခန်းစာများ ရရှိပါသည်။

၈-ကဏ္ဍဝေရဇာတ်အကျဉ်းချုပ်(၃၁၈)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် မယားဟောင်း ဖြားယောင်းခံရ၍ သာသနာတော်၌ ငြီးငွေ့သော ရဟန်းတစ်ပါးကို အကြောင်း ပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်း သည် ကာသိရွာ၌ သူကြွယ်၏သား ဖြစ်၍ စောရနက္ခတ်နှင့် ယှဉ်၍ ဖွားသော ကြောင့် အရွယ်ရောက်ချိန်၌ ခိုးသူကြီး ဖြစ်လာ၏။ ရုပ်ရည်ချောမော၍ ခွန်အား ဗလ တောင့်တင်းပြီး ရဲစွမ်းသတ္တိနှင့် ပြည့်စုံ၏။ သူ့ကို သာမန်လူများ ဖမ်းဆီး၍ မရ၊ မြို့ဝန်မင်းကိုယ်တိုင် ဖမ်းဆီးခဲ့ရသည်။

ခိုးသူကြီးအား ကွပ်မျက်ရန် သူသတ်ကုန်းသို့ ထုတ်လာစဉ် သာမာ မည် သော အထက်တန်းစား ပြည့်တန်ဆာမက မြင်တွေ့ပြီး တပ်စွန်းစိတ် ဝင်မိလေ၏။ သို့ဖြင့် အခိုင်းအစေ မိန်းမတစ်ယောက်ကို ငွေတစ်ထောင်ပေး၍ စေလွှတ်ကာ 'ခိုးသူကြီးသည် သာမာ၏ မောင်ဖြစ်၏။ ငွေတစ်ထောင်ကိုယူ၍ ခိုးသူကြီးအား လွှတ်ပေးပါ'ဟု ပြောခိုင်း၏။ မြို့ဝန်မင်းက ခိုးသူသည် အလွန်ထင်ရှားသူဖြစ်၍ သည်အတိုင်း လွှတ်ပေးရန် မဖြစ်နိုင်၊ လူစားတစ်ယောက်ရလျှင် လွှတ်ပေးမည်ဟု အမှာစကား ပါးလိုက်သည်။

http://www.dhammadownload.com

ထိုနေ့ နေဝင်ချိန်၌ သာမာကို စွဲလမ်းနေသော သူဌေးသားတစ်ယောက်သည် ငွေတစ်ထောင်နှင့်အတူ ရောက်လာရာ သာမာသည် ငိုယို၍ 'သူ၏မောင်ခိုးသူအား မြို့ဝန်က ငွေတစ်ထောင်ရလျှင် လွှတ်ပေးမည် ပြောသော်လည်း ငွေသွားပေးမည့်သူ မရှိ၍ ခက်နေပါသည်'ဟု ဆို၏။ ဤတွင် သူဌေးသားသည် ငွေတစ်ထောင်ကိုယူ၍ မြို့ဝန်ထံ သွားပို့ရာ မြို့ဝန်သည် ခိုးသူကြီးအစား သူဌေးသားကို ခေါင်းဖြတ်၍ သတ်လိုက်၏။ ခိုးသူကြီးကိုမူ ရထားလုံးဖြင့် တင်ဆောင်၍ သာမာ၏ အိမ်သို့ ပို့ပေးလိုက်သည်။

ထိုအချိန်မှစ၍ သာမာသည် ပြည့်တန်ဆာဘဝဖြင့် အသက်မွေးမှု မပြုတော့ဘဲ ခိုးသူကြီးနှင့်သာ မွေလျော်၍နေလေ၏။ ခိုးသူကြီးကမူ ဤအမျိုးသမီးသည် အခြားယောကျ်ားကို တပ်စွန်းမိချိန်၌ ငါ့ကိုလည်း သတ်လိမ့်မည်ဟု တွေးမိ၍ သာမာ၏ အဆင်တန်ဆာများကို ယူ၍ ထွက်ပြေးရန် ကြံရွယ်နေ၏။ တစ်နေ့တွင် ဥယျာဉ်သို့ ပျော်ပွဲစားထွက်လာကြရာ ဥယျာဉ်၌ ခိုးသူကြီးသည် ကိလေသာဖြင့် မွေ့လျော်လိုဘိသကဲ့သို့ သာမာကို ပွေ့ဖက်ကာ ကုလားဇလပ်ချဲ့ထဲသို့ခေါ်သွားပြီး သာမာ၏လည်ပင်းကို နှိပ်ချလိုက်၏။ သာမာ မေ့မြောသွားလျှင် သာမာ၏ကိုယ်မှ အဆင်တန်ဆာများကို ချွတ်ယူပြီး အပေါ် ရုံပုဆိုးဖြင့် ထုပ်ကာ ထမ်း၍ ခြံစည်းရိုးကို ခုန်ကျော်ထွက်ပြေးလေသည်။

သာမာသည် ခိုးသူကြီး ပျောက်ဆုံးသွားလျှင် 'ငါသေပြီထင်၍ ပြေးခြင်းဖြစ်ရမည်'ဟု တွေးမိသဖြင့် စိတ်မချမ်းမသာ ဖြစ်၍ ခါတိုင်း အိပ်နေကျ အိပ်ရာ၌ မအိပ်၊ အလှအပလည်း မပြုပြင်၊ အာဟာရကောင်းများလည်း မစားပေ။ ခိုးသူကြီးအား ပြန်တွေ့နိုင်ရန် ကချေသည်များကိုခေါ်၍ ငွေတစ်ထောင်ပေးပြီး 'သင်တို့ ပွဲကတိုင်း ဤသီချင်းကို ဆိုကြပါ' ဟု ပြောဆိုကာ သူမ ရေးစပ်ထားသည့် သီချင်းတစ်ပုဒ်ကို ပေးလိုက်သည်။

ကချေသည်များသည် သာမာ၏သီချင်းကို မြို့ရွာအနှံ့ သီဆိုလာခဲ့ကြရာ နယ်စွန်ရွာကလေးတစ်ရွာ၌ ခိုးသူကြီးသည် သူမတို့နှင့် လာရောက်တွေ့ဆုံသည်။ သီချင်းထဲတွင် ပါသည့်အတိုင်း သာမာသည် အသက်ရှင်လျက်ပင် ရှိသေးသည်၊

http://www.dhammadownload.com

မည်သည့်ယောကျ်ားနှင့်မျှ အိမ်ထောင်မပြုပါ၊ တစ်ခါက ငွေဖြင့်ဝယ်ယူထားခဲ့ရသော လင်တစ်ယောက် ပြန်လာမည့်လမ်းကိုသာ ကြည့်မျှော်နေပါသည်'ဟု ပြောပြကြ၏။ ခိုးသူကြီးက သာမာ သေသည်ဖြစ်စေ၊ ရှင်သည်ဖြစ်စေ ငါ သာမာနှင့် မပေါင်းလိုတော့'ဟု ဆိုပြီးလျှင် ဝေးရာသို့ ပြေးထွက်သွားခဲ့လေသည်။

ဇာတ်ပေါင်းသော် သူဌေးသားသည် ငြီးငွေသော ရဟန်း၊ သာမာသည် ငြီးငွေသောရဟန်း၏ မယားဟောင်း၊ ခိုးသူကြီးသည် ဗုဒ္ဓ ဖြစ်လာသည်။

သင်ခန်းစာ

မိန်းမတို့၌ စွဲလမ်းတတ်သောသူသည် ဘဝအဆက်ဆက်တိုင်း မိန်းမတို့ကြောင့် ဆင်းရဲဒုက္ခ ရောက်ရ၏။ ရာဂရမ္မက် ပြင်းထန်သော မိန်းမသည် တစ်ပါးယောကျ်ားကို တပ်စွန်းမိချိန်၌ မိမိအား မေတ္တာစစ်ဖြင့် ချစ်ခင်သူကိုပင် ကျေးဇူးကန်းတတ်ကြ၏၊ အဆွေခင်ပွန်းအပေါ်၌ ပြစ်မှားတတ်သော မိန်းမသည် ပညာရှိယောကျ်ားတို့၏ စိတ်နှလုံးကို မဆွဲဆောင်နိုင်။ ကျေးဇူးကန်းသူကို စောစောက စွန့်ပစ်ရာ၏။ စသော သင်ခန်းစာများ ရရှိပါသည်။

၉-တိတ္တိရဇာတ်အကျဉ်းချုပ်(၃၁၉)

ဘုရားရှင်သည် ကောသမ္ဗီပြည် ဇီးတောကျောင်း၌ သီတင်းသုံးတော်မူစဉ် သဟဿေယျ သိက္ခာပုဒ်ကြောင့် ရဟန်းများနှင့်အတူ ညအိပ်ခွင့် မရတော့သော ရာဟုလာသည် ဘုရားရှင်၏ ဝစ္စကုဋိမှာ တစ်ပါးတည်း အိပ်လေသည်။ ထိုအဖြစ်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ပြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်ရောက်ချိန်၌ ဟိမဝန္တာတွင် ရသေ့ပြုခဲ့ရာ စွာန်ရရသေ့တစ်ပါး ဖြစ်လာ၏။ တစ်နေ့တွင် ချဉ်, ဆား မှီဝဲရန် ဟိမဝန္တာမှ ထွက်လာခဲ့ရာ ကျေးရွာငယ်တစ်ရွာသို့ ရောက်လာ၏။ ရွာသားများသည် ဘုရားလောင်းကို ကြည်ညိုသဖြင့် ကျောင်းဆောက်၍ ကိုးကွယ်ကြသည်။

ထိုရွာမှ ငှက်မုဆိုးတစ်ယောက်သည် ခါတိန်ညင်တစ်ကောင်ဖြင့် ခါများ

http://www.dhammadownload.com

ကို တယ်ကာ ဖမ်းယူလေ့ ရှိသည်။ ခါတိန်ညင်သည် မိမိကြောင့် မျိုးတူငှက်များ ပျက်စီးနေရသည်ကို မြင်နေရသဖြင့် အသံမပြုဘဲ ဆိတ်ဆိတ်နေ၏။ ထိုသို့နေလျှင်လည်း မုဆိုးက သူ့ခေါင်းကို ဝါးခြမ်းစိတ်ဖြင့် ရိုက်သောကြောင့် အသံမပြုလိုဘဲ လျက် ပြုရပြန်၏။ ဤကိစ္စနှင့် ပတ်သက်၍ သူတွင် အပြစ် ကင်းမကင်းကို သိလိုနေမိသဖြင့် တစ်စုံတစ်ယောက်အား မေးမြန်းလိုလျက် ရှိနေသည်။

တစ်နေ့တွင် ခါတယ်ရာမှပြန်လာသော ငှက်မုဆိုးသည် ခါများနှင့်အတူ ရေသောက်ရန် ရသေ့ကျောင်းသို့ ဝင်ကာ ခါတိန်ညင် ထည့်လှောင်ထားသော ချိုင့်ကို ရသေ့ထံတွင် ထားခဲ့ပြီး ရေသွားသောက်၏။ ထို့နောက် သဲသောင်ယံ၌ အမောပြေ လှဲအိပ်နေလိုက်ရာ ငှက်မုဆိုး အိပ်ပျော်သွားချိန်၌ ခါတိန်ညင်သည် သူ့စိတ် သံသယကို ရသေ့အားမေးရာ 'သင်သည် မုဆိုး၏ အမှုကိစ္စ၌ စိတ်မပါခဲ့လျှင် မုဆိုးကျူးလွန်နေသော ပါဏာတိပါတကံသည် သင့်ထံသို့ မရောက်၊ သင့်တွင် အပြစ်မဖြစ်'ဟု ဖြေကြားလေ၏။

ဇာတ်ပေါင်းသော် ခါတိန်ညင်သည် ရှင်ရာဟုလာ၊ ရသေ့သည် ဗုဒ္ဓ ဖြစ်လာသည်။

သင်ခန်းစာ

မကောင်းမှု၏ အကျိုးပေးမှုသည် မကောင်းမှုပြုသူ၏ စိတ်စေတနာသာ အရင်းခံဖြစ်၏။ စိတ်စေတနာ မပါခဲ့သော် မကောင်းမှုကံ မမြောက်၊ မကောင်းစိတ်ကြောင့်သာလျှင် မကောင်းသူဖြစ်ရမည်။ အပြစ်ကင်း, မကင်း သံသယရှိနေလျှင် သိနားလည်သူထံ မေးမြန်းရမည်။ စသော သင်ခန်းစာများ ရရှိပါသည်။

၁၀-သုစ္စဇဇာတ်အကျဉ်းချုပ်(၃၂၀)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် မိမိ၏ ဇနီးသည်အား ကြင်နာယုယ ပေးကမ်းမှု မပြုသော သာဝတ္ထိမြို့စား သူကြွယ်တစ်ဦးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်း

http://www.dhammadownload.com

သည် မင်း၏ ပညာရှိအမတ် ဖြစ်လေ၏။ မင်းကြီးသည် သားတော်အိမ်ရှေ့စံက တစ်နေ့၌ မိမိအား ပုန်ကန်ခြားနားမှု ပြုလိမ့်မည်ဟု တွေးထင်နေမိ၏။ ထို့ကြောင့် အိမ်ရှေ့စံအား သူကွယ်လွန်ခါမှ နေပြည်တော်သို့ပြန်လာ၍ မင်းပြုရန် မှာထားကာ နယ်ခြားဒေသ၌ သွားရောက်နေထိုင်ရန် အမိန့်ထုတ်လိုက်၏။ သားတော် အိမ်ရှေ့စံသည် ကြင်ယာတော်နှင့်အတူ နယ်ခြားဒေသ တစ်နေရာမှ တောရပ်၌ သစ်ရွက်မိုး အဆောက်အအုံ ကလေးမှာ နေထိုင်သည်။

ခမည်းတော် နတ်ရွာစံပြီးချိန်၌ နေပြည်တော်သို့ ပြန်လာခဲ့ကြသောအခါ ကြင်ယာတော်သည် လမ်းတွင်တွေ့ရသော တောင်တစ်တောင်ကို ပြ၍ 'အရှင် မင်းကြီး၊ ဤတောင်သည် ရွှေဖြစ်ခဲ့သော် ဘုရားကျွန်မအား အနည်းငယ်မျှ ပေးပါမည်လော'ဟု မေး၏။ မင်းသားက 'သင်သည် ဘယ်လိုမိန်းမမျိုးနည်း၊ တစ်စုံတစ်ရာမျှ ငါမပေး'ဟု ဆိုလေ၏။ ထိုစကားကြောင့် ကြင်ယာတော်သည် စိတ်နှလုံး မချမ်းမသာ ရှိခဲ့ရ၏။ မင်းသားသည် ထီးနန်းကို သိမ်းပိုက်ပြီးချိန်၌ ကြင်ယာတော်ကို မိဖုရားကြီးအရာ၌ ထားလိုက်၏။ သို့ရာတွင် ခိုးမြှင့်ထောက်ပံ့မှုနှင့် ကြင်နာမြတ်နိုးမှုတို့ကား အလျင်းမရှိချေ။

ထိုအခါ ပညာရှိအမတ်သည် မင်းမိဖုရား နှစ်ပါးလုံး ညီလာခံနေရာသို့ ဝင်ပြီးလျှင် မိဖုရားကြီးအား ထမင်းတစ်နှပ်ကျွေးရန် တောင်းဆို၍ စကားစ, ပေးလိုက်၏။ ဤတွင် မိဖုရားကြီးက အပြန်လမ်းခရီးတွင် ပြောခဲ့သောစကားများနှင့် တကွ လက်ရှိအခြေအနေအားလုံးကို ပြန်ပြော၏။ သူမ၏ စကားဆုံးသည်နှင့် ပညာရှိအမတ်က 'မြတ်သောမင်းကြီး၊ လင် ဆင်းရဲသောကာလ၌ ဆင်းရဲ၍ လင် ချမ်းသာသောကာလ၌ ချမ်းသာသော မယားသည်သာ မယားမြတ် ဖြစ်ပါသည်။ ဥစ္စာရွှေငွေ ပေါများခိုက်၌ ရလာသော မယားကိုကား ခိုးမွှမ်းဖွယ်ရာ မရှိပါ' ဟု လျှောက်လိုက်၏။ ထိုအခါ မင်းကြီးသည် မိဖုရားကြီး၏ဂုဏ်ကျေးဇူးကို အမှတ်ရမိလိုက်၍ မိဖုရားကြီးအား များစွာသော စည်းစိမ်ကို ပေးအပ်လေသည်။

ဇာတ်ပေါင်းသော် ဘရာဏသီမင်းသည် ယခု သူကြွယ်၊ မိဖုရားသည် သူကြွယ်၏ဇနီး၊ ပညာရှိအမတ်သည် ဗုဒ္ဓ ဖြစ်လာသည်။

http://www.dhammadownload.com

သင်ခန်းစာ

မိမိလင်ယောကျ်ားအပေါ်၌ ဆင်းရဲချမ်းသာ အတူမကွာ သစ္စာစောင့်သိသော မယားသည်သာ မယားမြတ် ဖြစ်၏။ လင်ယောကျ်ားသည် ဇနီးမယားအား ကြင်နာမြတ်နိုး၍ ပေးကမ်းချီးမြှင့်မှု ရှိသင့်၏။ လင်မယားဟူသည် အေးအတူပူအမျှ ရှိကြရာ၏။ စသော သင်ခန်းစာများ ရရှိပါသည်။

၃-ကုဋိဒူသကဝဂ်

၁-ကုဋိဒူသကဇာတ်အကျဉ်းချုပ်(၃၂၁)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် အရှင်မဟာကဿပမထေရ်၏ သစ်ခက်မိုး ကုဋိကို မီးရှို့ဖျက်ဆီးပစ်သော ရဟန်းငယ်တစ်ပါးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် 'သိဂီလဒ္ဓက်' မျိုး၌ ဖြစ်၍ ဟိမဝန္တာတွင် လှပသပ်ရပ်သော မိုးလုံလေလုံ အသိုက်ကလေးနှင့် နေ၏။ တစ်နေ့တွင် မိုးအဆက်မပြတ် ရွာသွန်းသဖြင့် အလွန်ချမ်းနေသော မျောက်တစ်ကောင်သည် မေးချင်းရိုက်၍ သူ့အနီးတွင် လာနေ၏။ ဤတွင် ဒှက်က အချင်းမျောက်၊ သင်၏ လက်၊ ခြေ၊ ဦးခေါင်းတို့သည် လူနှင့်တူပါလျက် အဘယ့်ကြောင့် အိမ်ကလေးတစ်ဆောင် ဆောက်၍ မနေပါသနည်း' ဟု မေး၏။ မျောက်က သူသည် လူနှင့်တူသော်လည်း လူများကဲ့သို့ ပညာမရှိ၍ ဖြစ်ကြောင်း ပြန်ကြားသည်။

ထိုအခါ ဒှက်က ' အချင်းမျောက်၊ သင်၏ စွမ်းအားများကို ထုတ်ဖော်အသုံးချလော့၊ မကောင်းသော အလေ့စရိုက်များကို စွန့်ပယ်၍ မိုးဒဏ်လေဒဏ်ကို ကာကွယ်နိုင်စွမ်းရှိသော အိမ်တစ်ဆောင် ဆောက်ပါလော့'ဟု ဒှက်က ပြောလိုက်ရာ မျောက်သည် ဒှက်၏အသိုက်ကို တက်ရောက်ဖျက်ဆီးပစ်လေသည်။

ဇာတ်ပေါင်းသော် မျောက်သည် ကုဋိကို မီးရှို့ဖျက်ဆီးသော ရဟန်းငယ်၊ သိဂီလဒ္ဓက်သည် ဗုဒ္ဓ ဖြစ်လာသည်။

http://www.dhammadownload.com

သင်ခန်းစာ

အသိဉာဏ် ကင်းမဲ့သူတို့သည် တတ်သိနားလည်သူတို့၏ ပြောဆိုဆုံးမခြင်း အကြံဉာဏ်ပေးခြင်းကို လက်မခံကြပေ။ ပညာမဲ့လွန်းသူကို ကျိုးကြောင်းပြ၍ ဆုံးမသော်လည်း မောရုံသာ ဖြစ်မည်။ အသိပညာ ကင်းမဲ့လွန်းသော သူယုတ်ကို အဆိုးအကောင်း၊ အကျိုးအကြောင်းနှင့်စပ်သော တရားကို မဟောကြားသင့်ပါ။ စသော သင်ခန်းစာများ ရရှိပါသည်။

၂-ဒုဒ္ဒုဘဇာတ်အကျဉ်းချုပ်(၃၂၂)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် တိတ္ထိများသည် ဇေတဝန်ကျောင်းတော်အနီး လာ၍ ဆူးပေါ်၌ အိပ်ခြင်း၊ မီးလှုံခြင်း စသည်ဖြင့် သူတို့၏မိစ္ဆာအကျင့်များကို ကျင့်ကြ၏။ ယင်းတို့ကို မြင်တွေ့နေကြရသော ရဟန်းတော်တို့သည် ထိုအကျင့်များ၌ အနှစ်သာရ ရှိမရှိကို ဘုရားရှင်အား မေးလျှောက်သည့်အခါ ဘုရားရှင်က 'ရဟန်းတို့၊ တိတ္ထိတို့၏ အကျင့်သည် အနှစ်သာရ မရှိ၊ အကျိုးထူး မရှိ' ဟု မိန့်တော်မူကာ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ပြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် ခြင်္သေ့မျိုး၌ ဖြစ်လေ၏။ ထိုအခါ အနောက် သမုဒ္ဒရာနား၌ ဥသျစ်ပင်တို့နှင့် ရောပေါက်နေသော ထန်းတောတစ်ခု ရှိခဲ့၏။ တစ်နေ့တွင် ထိုထန်းတော၌ နေသော ယုန်ငယ်တစ်ကောင်သည် ထန်းပင်ငယ်တစ်ပင်၏ အရွက်အောက်တွင် ဝင်ခိုနေရင်းက ဤမြေကြီး ပြိုကျသွားခဲ့လျှင် ဘယ်ကိုသွားရပါမည်နည်းဟု တွေးတောနေစဉ် ဥသျစ်သီးတစ်လုံးသည် ထန်းရွက်ပေါ်သို့ ကြွေကျရာ 'ဒုတ်'ခနဲ အသံမြည်သွား၏။ ယုန်ငယ်သည် မြေပြိုပြီထင်၍ တစ်ရှူးထိုး ထွက်ပြေးသည်။

သူပြေးလာသည်ကို အခြားယုန်များ မြင်၍ မေးသောအခါ မြေပြိုလာ၍ ဖြစ်ကြောင်း ပြော၏။ ထို့အခါ အခြားယုန်များပါ သူ့နောက်သို့ ပြေးလိုက်ကြရာ ယုန်သတ္တဝါပေါင်းတစ်ထောင်အထိ ရှိလာလေ၏။ ယုန်အုပ်ကြီး ပြေးလာသည်ကို မြင်၍ လိုက်မေးမိခဲ့ကြသော သမင်၊ ဝက်၊ စိုင်၊ ကျွဲ၊ နွားနောက်၊ ကြံ့၊ ကျား၊

http://www.dhammadownload.com

ခြသေ့နှင့် ဆင်တို့သည်လည်း မြေပြိုလာကြောင်း ကြားလိုက်ကြရသဖြင့် ယုန်အုပ်နှင့်အတူ ရောနှော၍ ပြေးလိုက်လာကြပြန်သည်။

ယင်းကိုမြင်တွေ့ရသော ဘုရားလောင်းခြသေ့သည် အကြောင်းရင်းကို စူးစမ်းသည်တွင် 'မြေပြိုသည်ဆိုခြင်းမှာ မဖြစ်နိုင်၊ အခြားအသံတစ်ခုကို လန့်မိခြင်းသာ ဖြစ်ရမည်'ဟု ရိပ်မိလိုက်သဖြင့် တိရစ္ဆာန်များ၏ ရှေ့ဘက်မှဆီး၍ သုံးကြိမ် ဟောက်လိုက်ရာ ပြေးလာခဲ့ကြသော တိရစ္ဆာန်များသည် တန့်သွားခဲ့ကြ၏။ ထိုအခါ သူသည် 'မြေပြိုသည်ကို မည်သူ မြင်ခဲ့သနည်း' ဟု ဆင်ကို မေးသော အခါ သူတို့မသိ၊ ခြသေ့များသာ သိကြသည်ဟုဆို၏။ ဤသို့ဖြင့် တစ်ဦးမှတစ်ဦးသို့ ညွှန်နေကြရာ နောက်ဆုံးတွင် ပထမဆုံးပြေးသော အတွေးသမား ယုန်ငယ်ထံ ရောက်သွား၏။ ယုန်ငယ်က မြေပြိုသည်မှာ အမှန်ဖြစ်ကြောင်း ဝန်ခံပြီး သူမျက်မြင်ကိုယ်တွေ့ဟုလည်း ဆိုသည်။

ခြသေ့သည် ယုန်ငယ်ကို မိမိကျောက်ကုန်းပေါ်စီးစေ၍ ပထမဆုံး မြေစ, ပြိုသည်ဆိုသော ထန်းတောဆီသို့ လာခဲ့ရာ မြေပြိုထားသည်ကို မတွေ့ရဘဲ ထန်းရွက်ပေါ်သို့ ကြွေကျခဲ့သော ဥသျစ်သီးမှည့်တစ်လုံးကိုသာ တွေ့ရ၏။ဤတွင် ခြသေ့သည် ယုန်ငယ်ကို ကျောပေါ်၌ တင်၍ တိရစ္ဆာန်များ ရှိနေကြရာသို့ ပြန်လာပြီး ဖြစ်ရပ်မှန်ကို ရှင်းပြ၍ ပြန်လွှတ်လိုက်၏။ ထိုအခါ တိရစ္ဆာန်များသည် သမုဒ္ဒရာထဲသို့ကျ၍ ပျက်စီးကြရမည့် ဘေးမှ လွတ်မြောက်သွားကြလေသည်။

ဇာတ်ပေါင်းသော် ခြသေ့သည် ဗုဒ္ဓ ဖြစ်လာသည်။

သင်ခန်းစာ

ပညာနည်းပါးသော သူမိုက်တို့သည် စဉ်းစားဆင်ခြင်ဉာဏ် ကင်းမဲ့သဖြင့် နေရာတကာတွင် ယုံလွယ်တတ်ကြ၏။ ဆင်ခြင်ဉာဏ်မရှိသူ တစ်ယောက်ကြောင့် အများ ဒုက္ခရောက်တတ်၏။ မျက်မြင် ကိုယ်တွေ့ မဟုတ်ဘဲ ပြောသံကြားရုံနှင့် တစ်ထစ်ချ မယုံကြည်သင့်။ အရာရာကို မိမိ၏ကိုယ်ပိုင်ဉာဏ်ပညာဖြင့် စဉ်းစားဆင်ခြင် ဝေဖန်သုံးသပ်ကာ ယုံသင့်မှ ယုံကြရမည်။ ပညာရှိသူသည်သာ အများ၏ အားထားရာ ဖြစ်၏၊ စသော သင်ခန်းစာများ ရရှိပါသည်။

http://www.dhammadownload.com

၃-ဗြဟ္မဒတ္တဇာတ်အကျဉ်းချုပ်(၃၂၃)

ဘုရားရှင်သည် အဂ္ဂါဠဝစေတီတော်၌ သီတင်းသုံးတော်မူစဉ် အာဠဝီပြည်မှ အတောင်းအရမ်းများသော ရဟန်းတို့ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

နှေးအခါ ကပိလတိုင်း ဥတ္တရပဉ္စာလပြည်၌ ဥတ္တရပဉ္စာလမင်း မင်းပြုစဉ် ဘုရားလောင်းသည် နိဂုံးရွာကြီးတစ်ရွာတွင် ပုဏ္ဏားမျိုး၌ ဖြစ်၍ အရွယ်ရောက်သောအခါ ရသေ့ပြုကာ ဟိမဝန္တာ၌ နေလေ၏။ တစ်နေ့တွင် ချဉ်, ဆား မှီဝဲလို၍ ဥတ္တရပဉ္စာလမြို့သို့ ရောက်လာရာ မင်းကြီးသည် ကြည်ညိုသဖြင့် နေ့စဉ် နန်းဆောင်ပေါ်သို့ ပင့်၍ ဆွမ်းကျွေးလျှဒါန်းပြီး ဥယျာဉ်တော်၌ သီတင်းသုံးရန်လည်း လျှောက်ထားသည်။

မိုးလကုန်၍ ဆောင်းဦးရောက်သော် ရသေ့ကြီးသည် ဟိမဝန္တာသို့ ပြန်လိုသဖြင့် တစ်လွှာဖိနပ်တစ်ရန်နှင့် သစ်ရွက်ထီးတစ်လက်ကို မင်းကြီးထံမှ အလှူခံသွားမည်ဟု စိတ်ကူးမိ၏။ သို့ရာတွင် ဥစ္စာကို တောင်းခံသောသူသည် ငိုပြသည်နှင့် တူသည်။ မရှိဟုဆိုသော ဥစ္စာရှင်သည်လည်း ပြန်၍ငိုပြသည်နှင့် တူသည်။ ငိုသော ငါနှင့်မင်းကြီးကို လူများအား မမြင်စေချင်ဟု နှလုံးသွင်းမိ၍ ဘေးလူများ ကွယ်ရာ၌သာ တောင်းတော့မည်ဟု ဆုံးဖြတ်ကာ မင်းကြီးကို နှစ်ဦးချင်း တွေ့ဆုံလိုကြောင်း ပြောလေသည်။

မင်းကြီးသည် အမတ်များကို ရှောင်ဖယ်နေစေကာ နှစ်ဦးတည်းသာ ဆုံတွေ့နေရသော အချိန်၌လည်း ရသေ့ကြီးသည် မတောင်း။ နောက်နေ့တွင်မှ ပြောတော့မည်ဟုဆို၍ မင်းကြီးကို ပြန်လွှတ်၏။ နောက်နေ့၌လည်း ထိုနည်းအတိုင်းပင်။ ဤသို့ဖြင့် မတောင်းနိုင်ဘဲ တစ်ဆယ့်နှစ်နှစ် ကုန်လွန်သွားသည်။

ထိုအခါ မင်းကြီးသည် 'ငါ၏ အရှင်ရသေ့သည် တစ်ဆယ့်နှစ်နှစ် ကြာသည့်တိုင် မပြောဝံ့နေရခြင်းသည် တခြားကိစ္စ မဖြစ်နိုင်၊ မင်းစည်းစိမ်ကို ခံစားလိုပုံရ၏။ အရှင်ရသေ့သာ အလိုရှိခဲ့လျှင် မင်းစည်းစိမ်ကိုလည်း ငါပေးမည်'ဟူ၍ စဉ်းစားမိ၏။ သို့ဖြင့် ထိုနှေ့၌လည်း ရသေ့ကြီးထံသို့ လာခဲ့ရာ ထုံးစံအတိုင်း

http://www.dhammadownload.com

အမတ်များကို ခွာနေစေ၍ မင်းအဖြစ်မှစပြီး အလိုရှိရာကို တောင်းခံပါရန် ရသေ့ကြီးကို လျှောက်ထားသည်။

ထိုအခါ ရသေ့ကြီးသည် တစ်လွှာဖိနပ်တစ်ရန်နှင့် သစ်ရွက်ထီးတစ်လက်ကိုသာ တောင်းခံလေလျှင် မင်းကြီးက 'အရှင်ဘုရား၊ ဤမျှလောက်သော ဝတ္ထုပစ္စည်းကလေးကို တစ်ဆယ့်နှစ်နှစ်ကြာသည့်တိုင် မပြောဖြစ်ခဲ့သည်မှာ အဘယ်ကြောင့်ပါနည်း' ဟု မေး၏။ ရသေ့ကြီးက 'ဥစ္စာကို တောင်းသောသူသည် ငိုပြသည်နှင့် တူသည်၊ မရှိဟု ဆိုသော ဥစ္စာရှင်သည်လည်း တုံ့ပြန်၍ ငိုပြသည်နှင့် တူသည်၊ မိမိလည်း မငိုလို၊ မင်းကြီးကိုလည်း မငိုစေလို၊ မိမိတို့နှစ်ဦး ငိုကြသည်ကို အခြားသူများအားလည်း မမြင်စေလို၍ ဖြစ်ပါသည်'ဟု ပြောသည်။

ထို့နောက် ရသေ့ကြီးသည် မင်းကြီးလျှောသော တစ်လွှာဖိနပ်ကိုစီး၍ သစ်ရွက်ထီးကို ဆောင်းပြီးလျှင် ဟိမဝန္တာသို့ ထွက်လာခဲ့သည်။

ဇာတ်ပေါင်းသော် မင်းသည် ရှင်အာနန္ဒာ၊ ရသေ့သည် ဗုဒ္ဓဖြစ်လာသည်။

သင်ခန်းစာ

လောကၻ သူတစ်ပါး ပစ္စည်းကို တောင်းရမ်းလေ့ရှိခြင်းသည် မကောင်း၊ တောင်းရမ်းမှုများလျှင် အမုန်းခံရတတ်၏။ တောင်းတတ်သူသည် ငိုနေသောသူနှင့်တူ၍ တောင်းသည်ကို မကြည်မဖြူ မပေးနိုင်သူသည် ပြန်၍ ငိုပြနေသူနှင့်တူ၏။ တောင်းသူရော, မပေးသူပါ အပြစ်မှ မလွတ်ကြချေ။ တောင်းခံလာသူကို အထိုက်အလျောက် ပေးကမ်းလှူဒါန်းရာ၏။ လုပ်သင့်သောအလုပ်ကို လုပ်ခြင်းၻ ဝန်မလေးရာ။ စသော သင်ခန်းစာများ ရရှိပါသည်။

၄-စမ္မသာဋကဇာတ်အကျဉ်းချုပ်(၃၂၄)

ဘုရားရှင်သည် ဇေတဝန်ကျောင်းၻ သီတင်းသုံးတော်မူစဉ် သားရေဝတ်ရုံကို ဝတ်ဆင်ထားသော စမ္မသာဋကပရိဗိုဇ်သည် မိမိကိုခတ်ရန် နောက်ဆုတ်၍ အားယူနေသော သိုးကို မိမိအား အရိုအသေပြုသည်ဟု မှတ်ယူကာ ရပ်ကြည့်နေစဉ် သိုးက တအားဝင်၍ ခတ်သဖြင့် ပေါင်ကျိုးသွားရသည်။ ထိုအကြောင်း

http://www.dhammadownload.com

နှင့်စပ်၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် ကုန်သည်မျိုး၌ ဖြစ်လေ၏။ ထိုအခါ ပရိဋ္ဌတစ်ဦးသည် ဗာရာဏသီမြို့တွင်း၌ ဆွမ်းခံနေစဉ် နောက်သို့ဆုတ်၍ အားယူနေသော သိုးတစ်ကောင်ကို တွေ့ရ၏။ သိုးတို့၏ အလေ့အထကို မသိသော ထိုပရိဋ္ဌသည် သူ့အား ပူဇော်နေသည်ဟု ထင်မှတ်မိသဖြင့် သူကလည်း သိုးကို လက်အုပ်ချီ၍ တုံ့ပြန်ပူဇော်ရင်း ရှောင်တိမ်းခြင်း မပြုဘဲ နေရာတွင်ပင် ရပ်နေလိုက်၏။ ထိုအခြေအနေကို လှမ်းမြင်ရသော ဘုရားလောင်းကုန်သည်က 'သိုးသည် ခတ်ချင်၍ နောက်သို့ ဆုတ်သွားခြင်းဖြစ်၏။ သင့်ကို ပြင်းထန်စွာ ခတ်လိမ့်မည်'ဟု ပရိဋ္ဌကို လှမ်းပြော၏။ သူ့စကားမဆုံးမီမှာပင် သိုးသည် ပြေးခတ်လိုက်ရာ ပရိဋ္ဌသည် ပေါင်ကျိုး၍ လဲကျသွားလေသည်။

ဇာတ်ပေါင်းသော် ယခင် စမ္မသာဋကပရိဋ္ဌသည် ယခုစမ္မသာဋကပရိဋ္ဌ၊ သတိပေးသောကုန်သည်သည် ဗုဒ္ဓ ဖြစ်လာသည်။

သင်ခန်းစာ

ပညာမဲ့သူသည် ကျိုးကြောင်း မဆင်ခြင်တတ်၊ အခြေအနေမှန်ကို နားမလည်၊ မိမိကိုယ်ကို အထင်ကြီးတတ်ကြ၏။ ကိုယ့်ကိုယ်ကို အထင်ကြီးနေလျှင် ရန်ပြုဖို့လာသည်ကိုပင် အရှိအသေပေးသည်ဟု အထင်မှားတတ်၏။ ရန်သူကို မိမိအား ခိုးမြောက်သူဟု ထင်မှတ်လျှင် ဘေးသင့်တတ်သည်။ စသော သင်ခန်းစာများရရှိပါသည်။

၅-ဂေါဓရာဇဇာတ်အကျဉ်းချုပ်(၃၂၅)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် အံဖွယ်သရဲကို ပြုတတ်သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်း

http://www.dhammadownload.com

သည် ဖွတ်မင်း ဖြစ်လေ၏။ သီလမရှိသော ရသေ့စဉ်းလဲတစ်ပါးသည် ဖွတ်မင်း၏ နေရာအနီး၌ ကျောင်းဆောက်၍ နေလေရာ ဖွတ်မင်းသည် ရသေ့ကို သီလရှိသည်ထင်၍ ဆည်းကပ် ခစားနေမိသည်။

တစ်နေ့တွင် ရသေ့စဉ်းလဲသည် ရွာသားတစ်ဦး လျှုဒါန်းသော ဖွတ်သားဟင်းကို စားခဲ့မိရာမှ ဖွတ်သားဟင်း စားလိုစိတ် ဖြစ်ပေါ်လာလေ၏။ ထို့ကြောင့် ရသေ့သည် မိမိထံသို့ လာရောက်နေကျ ဖွတ်မင်းအား သတ်ဖြတ်စားသောက်ရန် ဆောက်ပုတ် (တင်းပုတ်)ကို သင်္ကန်းစွန်းဖြင့် ဖုံးကိုင်ကာ ကျောင်းတံခါးဝ၌ ထိုင်၍ ဖွတ်မင်းအလာကို စောင့်နေ၏။ ဖွတ်မင်းသည် အမူအရာပျက်နေသော ရသေ့ကို မြင်လျှင် ခါတိုင်းရက်များကဲ့သို့ ရသေ့အနီးသို့ ချည်းကပ်ခြင်း မပြုပေ။ ရသေ့၏ လေအောက်ဘက်မှရပ်၍ ကိုယ်နံ့ကို ခံကြည့်ရာ ဖွတ်သားနံ့များ ရလိုက်သဖြင့် ဖွတ်မင်းသည် ထိုနေရာမှ ဆုတ်ခွာ၍ ထွက်ခွာလာခဲ့သည်။

ထိုအခါ ရသေ့သည် သင်္ကန်းစွန်းဖြင့် ဖုံးထားသော ဆောက်ပုတ်ဖြင့် လှမ်း၍ပစ်လိုက်ရာ ဖွတ်မင်းကို မထိမှန်ချေ။ ဖွတ်မင်းက 'ရသေ့ သင်သည် ငါ့ကိုကား လွဲချော်၏။ သင်သည် အကယ်၍ ဤကျောင်း၌ ဆက်နေခဲ့လျှင် သင့်အကြောင်းကို ရွာသားများအား ပြော၍ သင့်ကို ဖမ်းဆီးခိုင်းရလိမ့်မည်'ဟု ဆိုခဲ့ပြီးလျှင် ဝေးရာသို့ ပြန်ထွက်သွားလေ၏။ ရသေ့စဉ်းလဲသည်လည်း ထိုကျောင်းမှ ပြောင်းရွှေ့သွားလေသည်။

ဇာတ်ပေါင်းသော် ရသေ့စဉ်းလဲသည် အံ့ဖွယ်သရဲကိုပြုတတ်သော ရဟန်း၊ ဖွတ်မင်းသည် ဗုဒ္ဓ ဖြစ်လာသည်။

သင်ခန်းစာ

သူယုတ်မာသည် သူတော်ကောင်း ယောင်ဆောင်၍ မကောင်းကြံတတ်၏၊ အံ့ဖွယ်သရဲကို ပြုတတ်၏၊ မိမိအလိုပြည့်ရန် အခြားသူများကို ဒုက္ခပေးတတ်၏။ သူယုတ်မာကို မမှီဝဲ မဆည်းကပ်သင့်။ အယောင်ဆောင် သူတော်ကောင်းကို ဝေးဝေးက ရှောင်သင့်သည် စသော သင်ခန်းစာများ ရရှိပါသည်။

http://www.dhammadownload.com

၆-ကက္ကာရဏတ်အကျဉ်းချုပ်(၃၂၆)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဘုရားရှင်ကို အတုယူ၍ ပြုမူသော ဒေဝဒတ်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် သာဝတ်သာနတ်ပြည်၌ နတ်သား ဖြစ်လေ၏။ ထိုအချိန်က ဗာရာဏသီမြို့၌ ပွဲသဘင်ကြီး ကျင်းပရာ နဂါး, ဂဠုန်နှင့် ဘုမ္မစိုးနတ်တို့လည်း ထိုပွဲကို လာရောက်ကြ၏။ တစ်နေ့၌ တာဝတိံသာမှ နတ်သားလေးယောက်တို့သည် 'ကက္ကာရု' နတ်ပန်းကုံးများကို ပန်ဆင်လာကြသဖြင့် တစ်မြို့လုံး မွှေးကြိုင်သင်းပျံ့သွား၏။ ထိုအခါ လူများသည် စုဝေးရောက်ရှိလာကာ နတ်ပန်းကုံးကို တောင်းကြသည်။

ထိုအခါ အကြီးအကဲ နတ်သားက 'ဤပန်းကုံးသည် သီလမဲ့သူတို့နှင့် မထိုက်၊ ဒါနမှု, သီလမှုတို့၌ မမေ့မလျော့သူများနှင့်သာ ထိုက်တန်သည်' ဟု ဆို၏။ ပုရောဟိတ်သည် မိမိ၌ ထိုဂုဏ်များ မရှိသော်လည်း လူများ အထင်ကြီးစေရန် 'ကျွန်ုပ်သည် ထိုဂုဏ်များနှင့် ပြည့်စုံပါသည်'ဟု ဆိုပြီးလျှင် ပန်းကုံးကို တောင်းယူ၏။ ဒုတိယနတ်သားက 'မိမိပန်းကုံးသည် တရားသောနည်းဖြင့် ဥစ္စာကို ရှာဖွေသူ၊ စဉ်းလဲခြင်း မရှိသူ၊ ဥစ္စာပစ္စည်းများ ရလာပြီးနောက် ဒါန, သီလတို့၌ မမေ့မလျော့သူနှင့်သာ ထိုက်တန်သည်'ဟု ပြောရာ ပုရောဟိတ်က ထိုဂုဏ်များလည်း မိမိ၌ရှိကြောင်းပြောဆို၍ တောင်းယူပြန်သည်။

တတိယနတ်သားက 'ကဲ, ကဲ၏ အကျိုးကို ခိုင်ခံ့စွာ ယုံကြည်သူ၊ ကောင်းသောဘောဇဉ်ကို တစ်ဦးတည်း မစားသူတို့သာ ကျွန်ုပ်၏ပန်းကုံးနှင့် ထိုက်တန်ပါသည်'ဟု ဆိုရာ ထိုဂုဏ်များသည် မိမိ၌ရှိကြောင်းပြောဆို၍ ယူထားလိုက်ပြန်၏။ စတုတ္ထနတ်သားကလည်း 'မျက်မှောက် မျက်ကွယ် နှစ်နေရာလုံး၌ သူတော်ကောင်းများကို ဆဲရေးပုတ်ခတ်ခြင်း မရှိသူ၊ ပြောသည့်အတိုင်း လုပ်ကိုင်သူသည်သာ ဤပန်းကုံးကို ပန်ဆင်ခွင့်ရှိပါသည်'ဟု ပြောဆိုပြန်ရာ ထိုပုရောဟိတ်က မိမိ

http://www.dhammadownload.com

သည် ထိုဂုဏ်တို့နှင့် ပြည့်စုံသူပင် ဖြစ်ကြောင်း ပြောဆို၍ ပန်းကုံးကို ယူထားလိုက်ပြန်သည်။

နတ်သားများ ထွက်ခွာသွားကြလျှင် ပုရောဟိတ်သည် ပန်းလေးကုံးကို ပန်ဆင်လိုက်၏။ ထိုခဏတွင်ပင် သူဦးခေါင်းထဲ၌ အလွန်နာကျင်သည့် ဝေဒနာတစ်ခုကို အလူးအလှိမ့် ခံစားရပြီး အသံပြင်းစွာ ဟစ်ကြွေးလေ၏။ 'ဤသို့ ဖြစ်ရခြင်းမှာ မိမိ၌ မရှိသောဂုဏ်တို့ကို ရှိ၏ဟု လိမ်လည်ပြောဆိုခြင်းကြောင့်'ဟု သိသဖြင့် ပန်းကုံးများကို ဖြုတ်ပယ်ခိုင်းရာ ဖြုတ်ပယ်၍ မရတော့ချေ။ ဤသို့ ခုနစ်ရက်တိုင် ထိုဝေဒနာကို အပြင်းအထန် ခံစားနေရသည်။

မင်းကြီးသည် နောက်တစ်ကြိမ် ပွဲသဘင်ကြီး ကျင်းပပေးရာ နတ်သားလေးယောက်တို့သည် ပွဲသို့ ရောက်လာကြ၏။ ထိုအခါ ပုရောဟိတ်ကြီးက မိမိ၏အမှားကို တောင်းပန်ဝန်ချသည်။ အသက်ရှင်ခွင့်ပြုရန် အသနားခံ၏။ နတ်သားများက ပန်းကုံးများကို ဖြုတ်ပယ်ပေးလိုက်ကြရာ မုသားသမားကြီးလည်း အသက်ရှင်ခွင့် ရရှိသွားလေသည်။

ဇာတ်ပေါင်းသော် ပုရောဟိတ်သည် ဒေဝဒတ်၊ နတ်သားသုံးဦးသည် အရှင်မဟာကဿပ၊ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်၊ အကြီးအကဲနတ်သားသည် ဗုဒ္ဓ ဖြစ်လာသည်။

သင်ခန်းစာ

တရားမရှိသော လူမိုက်သည် သူတစ်ပါးအထင်ကြီးစေရန် မိမိ၌မရှိသော ဂုဏ်ကို အရှိလုပ်ကာ လိမ်ညာပြောဆို၏။ ထိုက်တန်သော အရည်အချင်းမရှိဘဲ ဂုဏ်ထူးရာထူး အခွင့်ထူးကို မက်မော၏။ မိမိနှင့် မတန်မရာကို တပ်မက်လျှင် ဘေးသင့်တတ်သည်။ ရာထူးဂုဏ်ထူး ရလိုလျှင် ထိုက်တန်သော အရည်အချင်း ရှိအောင် ကြိုးစားသင့်၏။ စသော သင်ခန်းစာများ ရရှိပါသည်။

http://www.dhammadownload.com

၇-ကာကဝတီဇာတ်အကျဉ်းချုပ်(၃၂၇)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် သာသနာတော်၌ ငြိုငွေ့သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ဘုရားလောင်း မင်းပြုစဉ် ကာကဝတီ မည်သော မိဖုရားကြီးသည် နတ်မိမယ်တမျှ လှပလေ၏။ တစ်နေ့တွင် ဂဠုန်မင်းသည် လူ့အသွင်ဖြင့် လာရောက်၍ မင်းကြီးနှင့်အတူ ကြွေအန်ကစားရာမှ ကာကဝတီကို တပ်မက်မိသဖြင့် ဂဠုန်ပြည်သို့ ခိုးယူသွား၏။ ဤတွင် မင်းကြီးသည် ကာကဝတီအား ရှာဖွေရန် စောင်းသမား 'နဠကုဝေရ'ကို စေခိုင်းလိုက်သည်။

စောင်းသမားသည် ဂဠုန်မင်း၏ အတောင်ကြားတွင် ခိုဝင်၍ ဂဠုန်ပြည်သို့ လိုက်ပါသွားလျှင် ကာကဝတီ မိဖုရားကြီးနှင့် ဆုံတွေ့ကြရ၏။ ထိုမျှသာမက မိဖုရားကြီးနှင့် ကာမဂုဏ်ရောယှက်မိကြသည်အထိ ရင်းနှီးသွား၏။ အပြန်ခရီး၌လည်း ဂဠုန်မင်း၏ အတောင်ကြား၌ ခိုဝင်၍ပင် ပြန်လာ၏။ ဗာရာဏသီမင်းသည် ဂဠုန်မင်းနှင့် ကြွေအန်ကစားနေချိန်၌ စောင်းသမားသည် မင်းကြီးအနီးသို့ ရောက်လာပြီး ' မင်း၏ မယားသည် ဂဠုန်ပြည်၌ နေပါသည်။ နတ်နဲ့သာတူဖြင့် လိမ်းခြယ်ထားသော ကာကဝတီမိဖုရားကြီး၏ ကိုယ်နံ့သည် ယခုတိုင် မပြယ်နိုင်သေးပါ။ ငါသည် ကာကဝတီမိဖုရားနှင့် ယှဉ်တွဲနေရသည်ကို မွေ့လျော်ပါသည်။ ထိုမိဖုရားသည် ရေမြေခြားရာ ဂဠုန်ပြည်သို့ ရောက်နေခဲ့ပါသည်'ဟု အဓိပ္ပာယ်ရသော သီချင်းတစ်ပုဒ်ကို သီဆိုလိုက်သည်။

သူ့သီချင်း၏ အဓိပ္ပာယ်ကို ဂဠုန်မင်းက လက်မခံလိုသဖြင့် 'သင်သည် သမုဒ္ဒရာကို မည်သို့ ကူးခဲ့သနည်း၊ ကေပုကမြစ်ကို အဘယ်ပုံ ဖြတ်ခဲ့သနည်း၊ သီတာ ခုနစ်တန်ကို ဘယ်နည်းဖြင့် လွန်မြောက်ခဲ့သနည်း၊ လက်ပံပင်ကိုကော မည်သို့တက်နိုင်ခဲ့သနည်း'ဟု စောဒကပြုလိုက်၏။ ဤတွင် စောင်းသမားက 'ယင်းအတားအဆီး အားလုံးတို့ကို သင်၏ကိုယ်ပေါ်မှာစီး၍ ကျော်လွန်နိုင်ခဲ့သည်'ဟု ပြောပြလိုက်၏။ ထိုအခါ ဂဠုန်မင်းသည် 'ငါ့မယား၏ လင်ဖြစ်သူ စောင်းသမား

http://www.dhammadownload.com

ကို ငါသည် ဂဠုန်ပြည်သို့ ပို့ပေးခဲ့ပြီး လူပြည်သို့လည်း ပြန်ခေါ်လာခဲ့၏။ လေးသည်၊ ပေါ့သည်ကိုပင် မသိနိုင်လောက်အောင် ကြီးမားသော ငါကိုယ်ပါတကား' ဟု မိမိကိုယ်ကို ကဲ့ရဲ့ပြီးလျှင် ကာကဝတီမိဖုရားကို ဗာရာဏသီမင်းထံသို့ ပြန်ပို့ပေးလေသည်။

ဇာတ်ပေါင်းသော် နဋ္ဌကုဝေရသည် ငြိုးငွေ့သောရဟန်း၊ ဗာရာဏသီမင်းသည် ဗုဒ္ဓ ဖြစ်လာသည်။

သင်ခန်းစာ

ဤလောကဌ် ယောကျ်ားတို့သည် မိန်းမတို့ကို အခြားသော ယောကျ်ားတို့နှင် မဆက်ဆံ မဖောက်ပြန်အောင် မည်သို့ပင် စောင့်ရှောက်ထိန်းသိမ်းစေကာမူ မလုံနိုင်ချေ။ ကိုယ်ကျင့်တရားကို မထိန်းသိမ်းနိုင်သူ မိန်းမတို့သည် တွေကြုံရာ ယောကျ်ားတို့နှင် ဖောက်ပြန်မှားယွင်းတတ်ကြကုန်၏။ စသော သင်ခန်းစာစာများ ရရှိပါသည်။

၈-အနနုသောစိယဇာတ်အကျဉ်းချုပ်(၃၂၈)

ဘုရားရှင်သည် ဇေတဝန်ကျောင်းဌ သီတင်းသုံးတော်မူစဉ် မယား သေဆုံး၍ သောကဖိစီးခံနေရသော သူကြွယ်တစ်ဦး၏ သောတာပတ္တိဖိုလ် ရနိုင်စရာအကြောင်းကို မြင်တော်မူ၍ ဘုရားရှင်သည် ဆွမ်းခံရာမှ အပြန်တွင် ထိုသူကြွယ်အိမ်သို့ ဝင်တော်မူ၍ 'သီတင်းသည်၊ ပျက်စီးတတ်သော သဘောမည်သည် ပျက်စီးရမြဲပင်ဖြစ်၏။ ထိုသဘောတရားဌ စိုးရိမ်ပူဆွေးရန် မသင့်ချေ။ ရှေးပညာရှိတို့သည် မယား သေဆုံးရသော်လည်း စိုးရိမ်ပူပန်ခြင်း မရှိခဲ့ကြကုန်'ဟု မိန့်တော်မူကာ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်ဌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် ပုဏ္ဏားမျိုးဌ ဖြစ်၍ ကလေးအရွယ်ကပင် မြတ်သောအကျင့်ကို ကျင့်သည်။ အရွယ်ရောက်ချိန်တွင် မိဘများက အိမ်ထောင်ပြုရန် တိုက်တွန်းကြသောအခါဌ အတန်တန် ငြင်းပယ်၏။ မိဘများက လက်မလျှော့ကြဘဲ ဆက်လက်တိုက်တွန်း

http://www.dhammadownload.com

ကြလေရာ နောက်ဆုံး၌ ပုဏ္ဏားလူငယ်သည် ရွှေသား ယမင်းရုပ်တစ်ခု ထုလုပ်ပေး၍ 'ဤရုပ်တုနှင့် တူသူကိုရလျှင် အိမ်ရာထောင်မည်'ဟု ပြောလိုက်သည်။

မိဘများသည် ထိုရွှေယမင်းရုပ်ကို ယာဉ်ပေါင်းချုပ်၌တင်၍ ဒေသအနှံ့လှည့်လည်၍ ယမင်းရုပ်နှင့်တူသူကို ရှာဖွေကြရာ သူတို့သည် ကာသိတိုင်း နိဂုံးရွာတွင် ယမင်းရုပ်နှင့် ခွဲခြား၍မရအောင် တူသော အမျိုးသမီးတစ်ယောက်ကို တွေ့ကြ၏။ 'သမ္မိလ္လဟာသိနီ'မည်သော ထိုအမျိုးသမီးသည် ကုဋေရှစ်ဆယ်ကြွယ်ဝသော ပုဏ္ဏားသူဌေးကြီး၏ သမီးဖြစ်၏။ သူမသည်လည်း မြတ်သောအကျင့်ကို ကျင့်နေသူဖြစ်၍ အိမ်ထောင်ရေးကို ရှောင်ကွင်းလိုသည်။ သို့ရာတွင် မိဘများသည် ရွှေယမင်းရုပ်ကို လက်ခံယူထားပြီး သမ္မိလ္လဟာသိနီကို ပုဏ္ဏားလူငယ်နှင့် လက်ထပ်ထိမ်းမြားရန် ပို့ပေးလိုက်ကြသည်။ မိဘဩဇာကို လွန်ဆန်နိုင်ခြင်းမရှိကြသော သတို့သားနှင့် သတို့သမီးတို့သည် အလိုဆန္ဒမပါဘဲ လက်ထပ်ထိမ်းမြားလိုက်ကြရလေ၏။ ထို့ကြောင့်ပင် သူတို့နှစ်ဦးသည် အကြင်လင်မယား ဘဝသို့ရောက်ခဲ့ကြရသော်လည်း လင်မယားကဲ့သို့ မနေခဲ့ကြချေ။ မောင်နှမ သဖွယ်ပင် နေထိုင်ဆက်ဆံလာခဲ့ကြသည်။

ပုဏ္ဏားလူငယ်သည် မိဘနှစ်ပါး ကွယ်လွန်သွားချိန်၌ နှစ်ဘက်သော မိဘများ ချန်ထားရစ်ခဲ့သော ကုဋေတစ်ရာ့ခြောက်ဆယ်သော ဥစ္စာများကို ဇနီးဖြစ်သူအား လွှဲအပ်ကာ မိမိ ရသေ့ပြုတော့မည်ဟု ဆို၏။ ထိုအခါ ဇနီးက မိမိသည်လည်း အရှင့်သားကဲ့သို့ပင် ရသေ့မ ပြုပါမည်ဟု ဆိုပြီးလျှင် ဥစ္စာပစ္စည်းအားလုံးကို လှူဒါန်းစွန့်ကြဲပစ်ခဲ့၏။ နှစ်ယောက်အတူ ရသေ့ပြု၍ ဟိမဝန္တာ၌ နေထိုင်လာခဲ့ကြ၏။ တစ်နေ့တွင် ရသေ့မောင်နှံတို့သည် ချဉ်, ဆား မှီဝဲရန် ဟိမဝန္တာမှ ထွက်၍ ဗာရာဏသို့ လာခဲ့ကြ၏။ မင်းဥယျာဉ်တွင် စခန်းချနားနေချိန်၌ ရသေ့မသည် ဝမ်းသွေးသွန်သော ရောဂါဖြစ်ပေါ်လာ၍ မြို့တံခါးဝဇရပ်သို့ ပြောင်းရွှေ့ခဲ့ကြရာ ရသေ့မသည် ထိုရောဂါဖြင့် ဇရပ်ပေါ်၌ ကွယ်လွန်ခဲ့ရရှာလေသည်။

ရုပ်အဆင်း တင့်တယ်သော ရသေ့မ၏ အကြောင်းမလှပုံကို မြင်ကြရသော လူများသည် ဝမ်းနည်း ငိုကြွေးကြ၏။ သို့ရာတွင် ရသေ့ကမူ မငို၊ အဘယ့်

http://www.dhammadownload.com

ကြောင့် မငိုကြောင်းကို လူများက မေးကြရာ 'ဤရသေ့မသည် အသက်ရှင်စဉ် ကပင် ငါနှင့်တစ်စုံတစ်ရာ တော်စပ်ခြင်းမရှိ၊ ယခု တမလွန်ဘဝသို့ ရောက်သွား ချိန်မှာ အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။ သူသည် သေမင်းနိုင်ငံသို့ လိုက်သွားခဲ့ပြီ။ သည့်အတွက် ငါ ငိုစရာ မလို'ဟု တရားဟောလေ၏။ လူများသည် ရသေ့မကို သဂြိုဟ်လိုက်ကြ၏။ ဘုရားလောင်းက ဟိမဝန္တာသို့ ပြန်သွားလေသည်။

ဇာတ်ပေါင်းသော် သမ္မိလ္လဟာသိနီသည် ရာဟုလာမယ်တော်၊ ရသေ့သည် ဗုဒ္ဓ ဖြစ်လာသည်။

သင်ခန်းစာ

နိက္ခမဓာတ်ခံ ပါရမီရှင်များသည် မြတ်သောအကျင့်မှ မယုတ်လျော့ကြ၊ ဥစ္စာပစ္စည်းတို့အပေါ်၌ တပ်မက်ခြင်းလည်း မရှိကြ၊ ကာမဂုဏ်စည်းစိမ်ကို စက်ဆုပ်ကြ၏။ အဖြစ်ရှိလျှင် ပျက်ရမည်မှာ လောကသဘာဝပင်ဖြစ်၍ ပျက်စီးတတ်သော သဘောတရား၌ စိုးရိမ်ပူဆွေးရန် မသင့်။ သူတော်မြတ်တို့သည် ပုဂ္ဂိုလ်စွဲလန်းမှု ကင်းသောကြောင့် မစိုးရိမ်ကြပေ၊ စသော သင်ခန်းစာများ ရရှိပါသည်။

၉-ကာဠဟဟုဇာတ်အကျဉ်းချုပ်(၃၂၉)

ဘုရားရှင်သည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဒေဝဒတ်သည် မြတ်စွာဘုရားအား နာဠာဂီရိဆင်နှင့် တိုက်သည့်အချိန်မှစ၍ လာဘ်တိတ်သွားကာ ဆွမ်းဝတ်ပြုစုသူ မရှိတော့သဖြင့် အိမ်တကာ လှည့်လည်၍ ဆွမ်းတောင်းစားနေရသည်။ ထိုအကြောင်းနှင့်စပ်၍ မြတ်စွာဘုရားက 'ရဟန်းတို့၊ ဒေဝဒတ်သည် ရှေးအခါကလည်း မိမိ အမှုဖြင့် လာဘ်တိတ်ခဲ့ရဖူးပြီ' ဟု မိန့်တော်မူကာ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ဓနဥယမင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် ကျေးသားမျိုး၌ ဖြစ်၍ 'ရာဓ' အမည်ရှိ၏။ ညီငယ်မှာ 'ပေါဠဟဒ' မည်၏။ တစ်နေ့တွင် မုဆိုးတစ်ဦးသည် ကျေးသားညီနောင်ကို ဖမ်းယူ၍ မင်းအား ဆက်သလိုက်၏။ မင်းသည် ကျေးညီနောင်တို့ကို ရွှေချိုင့်တွင် နေစေပြီး ရွှေခွက်တွင်

http://www.dhammadownload.com

ထည့်သော ပျားရည်ပေါက်ပေါက်တို့ကို စားစေ၍ သကြားရည်ကို သောက်စေ၏။ များစွာသော လာဘ်သပ်ပကာတို့သည် သူတို့ထံတွင် စုဝေးနေကြလေသည်။

ရက်များမကြာမီ အခြားမုဆိုးတစ်ဦး လာဆက်သော 'ကာဠဟဟု'မည်သည့် မျောက်ညိုကြီးတစ်ကောင်သည် နန်းတွင်းသို့ ရောက်လာပြန်၏။ အသစ်အဆန်းကိုမှ ကြည့်မြင်လိုသော လူသဘာဝကြောင့် နောက်မှရောက်လာသော ထိုမျောက်ညိုကြီးသည် လာဘ်သပ်ပကာအရာတွင် ကျေးညီနောင်တို့ထက် သာလွန်သွား၏။ ဤသည်ကို အစ်ကိုရာဓက သည်းခံနိုင်သော်လည်း ညီပေါဠပါဒကမူ သည်းမခံနိုင်၍ တောထဲသို့ ပြန်ကြရန် အစ်ကိုအား ပြောကြား၏။ ထိုအခါ အစ်ကိုရာဓက လောကဓံတရားရှစ်ပါးကို ပြောပြရင်း ကာဠဟဟုမျောက်သည် မိမိ၏ အကျင့်စရိုက်ကြောင့်ပင် လာဘ်သပ်ပကာများနှင့် ဝေးသွားလိမ့်မည် ဖြစ်ကြောင်းကို ပြောကြားသည်။

သုံးရက်ခန့်တွင် ကာဠဟဟုသည် မင်းသားငယ်များကို ခြောက်လှန့်၏။ နား၊ နှာခေါင်း၊ မျက်လုံး စသည်များကို လှုပ်၍ ပြုံးပြ၏။ အထိတ်တလန့်ရှိကြသော မင်းသားငယ်များသည် ငိုကြွေးကြ၏။ ထို့ကြောင့်ပင် မင်းသည် ကာဠဟဟုအား ပြန်၍နှင်ထုတ်လိုက်ပြီး ကျေးညီနောင်တို့အား ယခင်က လာဘ်သပ်ပကာမျိုးဖြင့် ပြည့်ဖြိုးစေလေသည်။

ဇာတ်ပေါင်းသော် ကာဠဟဟုမျောက်သည် ဒေဝဒတ်၊ ပေါဠပါဒသည် အရှင်အာနန္ဒာ၊ ရာဓသည် ဗုဒ္ဓ ဖြစ်လာသည်။

သင်ခန်းစာ

မကောင်းသောစရိုက်ရှိသည့် လူမိုက်သည် ကြီးပွားချမ်းသာမှုနှင့် မထိုက်တန်ပေ။ လူမိုက်တို့သည် လာဘ်လာဘပေါများကာ ခိုးမြှင့်မြောက်စားခံရသော်လည်း မိမိတို့၏အကျင့်စရိုက်ဆိုးကြောင့်ပင် ကြာကြာမခံစားရဘဲ မကြာခင်မှာပျက်စီးရ၏။ လူမိုက်ကောင်းစားလျှင် တစ်ခဏမျှသာ ဖြစ်၏။ စသော သင်ခန်းစာများ ရရှိပါသည်။

http://www.dhammadownload.com

၁၀-သီလဝိမံသဇာတ်အကျဉ်းချုပ်(၃၃၀)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ကောသလမင်းကြီးက မိမိအား ခိုးမြှောက်ခြင်းမှာ အတတ်ပညာကြောင့်လော၊ သီလကြောင့်လောဟု သိရှိရန် စမ်းသပ်ကြည့်သော အမတ်တစ်ယောက်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် ပုဏ္ဏားမိုးဋ္ဌ ဖြစ်၍ ငယ်စဉ်ကတည်းက မြတ်သောအကျင့်ကို ကျင့်လာသူဖြစ်၏။ အရွယ်ရောက်ချိန်တွင် ထိုပုဏ္ဏားသည် ရဟန်းပြုရန် ထွက်လာခဲ့သည်။ ထိုအချိန်၌ စွန်တစ်ကောင်သည် အမဲစေ့းမှ သားတစ်တစ်ခုကို ခို၍ ကောင်းကင်သို့ ပျံတက်ပြေး၏။ သူ့ကို အခြားစွန်များက ဝိုင်း၍ထိုးဆိတ်ကြသဖြင့် သားတစ်ကို လွှတ်ချလိုက်၏။ သားတစ်ကို အခြားစွန်တစ်ကောင်က ထိုးသုတ်၍ ယူသွားပြန်ရာ ထိုစွန်ကိုလည်း ဝိုင်း၍ထိုးဆိတ်ကြသဖြင့် ပြန်လွှတ်ချလိုက်ရပြန်၏။ ထိုသို့ သားတစ်ကို ခိုတိုင်း ခိုတိုင်းသော စွန်သည် ဆင်းရဲဒုက္ခနှင့် ကြုံတွေ့ရသည်ကိုဎင်း၊ လွှတ်ချစွန့်ခွာပြီးသော စွန်သည် ချမ်းသာခွင့် ရသည်ကိုဎင်း၊ ဘုရားလောင်းပုဏ္ဏား မြင်လေသည်။

ထိုအခါ ကိလေသာကာမတို့မည်သည် သားတစ်နှင့် တူသည်။ ဤကာမတို့ကို ဆောင်ယူသူများသည်သာလျှင် ဆင်းရဲနှင့် တွေ့ကြရသည်။ စွန့်ခွာသူတို့ကား ချမ်းသာခွင့် ရကြသည်ဟု ဘုရားလောင်းက တွေးမိလိုက်သည်။

သူသည် ရွာတစ်ရွာသို့ ရောက်သောအခါ အိမ်တစ်အိမ်၌ တည်းခို၏။ ထိုအိမ်မှ 'ပိဂ်လာ' မည်သော ကျွန်မသည် ယောကျ်ားတစ်ယောက်နှင့် ချိန်းဆိုထားခြင်းကြောင့် အိမ်ရှင်များ အိပ်ပျော်နေချိန်၌ မအိပ်ဘဲ တံခါးခုံတွင် ထိုင်၍ စောင့်မျှော်နေခဲ့၏။ သန်းခေါင်ယံသာ လွန်သွားခဲ့သော်လည်း ချိန်းဆိုထားသော ယောကျ်ားကား မပေါ်လာ။ မိုးသောက်ယံသို့ အရောက်တွင်မူ မလာမှန်းသိ၍ အာသာပြတ်သွားပြီး နှစ်ခြိုက်စွာ အိပ်ပျော်သွားသည်။

ထိုမြင်ကွင်းကို မြင်ရသော ဘုရားလောင်းသည် ကိလေသာတို့၏ တောင့်

http://www.dhammadownload.com

တခြင်း အာသာမည်သည် ဆင်းရဲ၏။ အာသာကင်းခြင်းသာလျှင် ချမ်းသာ၏ဟု ဆင်ခြင်ပြီးနောက် နံနက်မိုးလင်းချိန်၌ ထိုရွာမှထွက်ခွာကာ တောသို့ဝင်၍ ရသေ့ပြုသွားလေသည်။

ဇာတ်ပေါင်းသော် ပုရောဟိတ်ပုဏ္ဏားသည် ဗုဒ္ဓ ဖြစ်လာသည်။

သင်ခန်းစာ

ကာမဂုဏ်ငါးပါး၌ ခုံမင်၍ ကိလေသာနောက် လိုက်သောသူတို့သည် ဘေးရန်များ၍ ပင်ပန်းဆင်းရဲမှု ကြီးစွာရတတ်၏။ ကိလေသာတို့၏ တောင့်တခြင်း အာသာမည်သည် ဆင်းရဲ၍ အာသာကင်းခြင်းသည်သာလျှင် ချမ်းသာ၏။ မြင်မြင်သမျှ မတွယ်တာသူသည် ဘာဆင်းရဲကိုမှ မတွေ့နိုင်၊ စသော သင်ခန်းများကို ရရှိပါသည်။

(၄) ကောကိလဝဂ်

၁-ကောကိလဇာတ်အကျဉ်းချုပ်(၃၃၁)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် အဂ္ဂသာဝက ကြီးနှစ်ပါးကို စွပ်စွဲ ပုတ်ခတ်မိ၍ အသေဆိုးနှင့် သေရသော ကောကာလိကကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် မင်း၏ပညာရှိအမတ် ဖြစ်လေ၏။ အမတ်ပညာရှိသည် ထိုမင်း၏လွန်စွာ စကားများခြင်းကို တားမြစ်ရန် ခိုင်လုံသော ဥပမာသာဓကတစ်ရပ်ကို ရှာဖွေနေခဲ့၏။ တစ်နေ့တွင် မင်းသည် ဥယျာဉ်တော်ထဲမှ မင်္ဂလာကျောက်ဖျာပေါ်၌ ထိုင်နေစဉ် ထိုကျောက်ဖျာအထက်ရှိ သရက်ပင်ပေါ်မှ ဥဩငှက်တစ်ကောင် မင်းကြီးရှေ့ ခြေရင်းသို့ ပက်လက်ကျလာသည်။

လွန်ခဲ့သော ရက်အတန်ကြာက ဥဩငှက်မတစ်ကောင်သည် ထိုသရက်ပင်ပေါ်ရှိ ကျီးသိုက်ထဲ၌ ဥချထားခဲ့ရာ ထိုဥပေါက်ချိန်၌ ကျီးမသည် ဥဩငှက်ကို

http://www.dhammadownload.com

'ငါသား'ဟူသောအစွဲဖြင့် အစာရှာဖွေ ကျွေးမွေးလာခဲ့၏။ ဥဩဂယ်သည် အခြိန်အခါလည်းမရောက်၊ အတောင်လည်း မပေါက်သေးပါဘဲလျက် ဥဩသံကို တွန်ကျူးမိခဲ့ရာ ကျီးမသည် သူသား မဟုတ်ကြောင်းကို သိသွားသဖြင့် နှုတ်သီးဖြင့် ထိုးသုတ်၍ အသိုက်ထဲမှ ချလိုက်သောကြောင့် ကျလာခဲ့ရခြင်း ဖြစ်သည်။

မင်းကြီးသည် ဥဩငှက်ငယ် ကျလာရခြင်း၏ အကြောင်းရင်းကို ပညာရှိအမတ်အား မေးရာ အခွင့်အရေးကို စောင့်နေသော အမတ်သည် ဥဩငှက်ငယ်၏ ကံကြမ္မာကို လျှောက်တင်ပြီးလျှင် 'မြတ်သော မင်းကြီး၊ အခါအခွင့်မသင့်ဘဲ စကားများသူသည် ဤသို့ပင် ဆင်းရဲဒုက္ခနှင့် တွေ့ကြုရပါသည်'ဟု လျှောက်ထား၏။ ဆက်လက်၍ 'လူသား ဖြစ်စေ၊ တိရစ္ဆာန် ဖြစ်စေ အခါအခွင့် မရောက်ဘဲ ပြောဆိုမိခဲ့လျှင် ဤသို့ပင် ပျက်စီးကြရပါသည်' ဟု လျှောက်လိုက်၏။ မင်းကြီးသည် ထိုအခါမှစ၍ စကားကို ဆင်ခြင်တိုင်းထွာ၍သာ ဆိုလေသည်။

ဇာတ်ပေါင်းသော် ဥဩငှက်ငယ်သည် ကောကာလိက၊ ပညာရှိအမတ်သည် ဗုဒ္ဓ ဖြစ်လာသည်။

သင်ခန်းစာ

'စကား စကား ပြောပါများ၊ စကားထဲက ဇာတိပြ၊ တရား တရား ဟောပါများ၊ တရားထဲက ပါဠိရ' ဆိုသော စကားအတိုင်း စကားတွင် တရားပါသဖြင့် စကားကို အရမ်းကာရော စိတ်ထင်တိုင်း မပြောဘဲ စဉ်းစားဆင်ခြင်၍ ပြောဆိုသင့်၏။ နှုတ်ထွက်စကားကြောင့် ဘဝတစ်ခု ပျက်စီးသွားနိုင်သည်အထိ ဆိုးကျိုးကို ပေးတတ်သဖြင့် အခြေအနေ အခါအခွင့်ကို လိုက်၍ ဆင်ခြင်ပြီးမှ ပြောဆိုရာ၏။ အခါအခွင့် သင့်သော်လည်း ပြောသင့်သော စကားကိုမှ ပြောဆိုရမည်စသော သင်ခန်းစာများ ရရှိပါသည်။

၂-ရထလင်္ဂဇာတ်အကျဉ်းချုပ်(၃၃၂)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ကောသလမင်း၏ ပုရောဟိတ်ပုဏ္ဏားတစ်ယောက်သည် မိမိအပိုင်စားရသော ရွာမှ ရထား

http://www.dhammadownload.com

စီး၍ ပြန်လာရာတွင် လမ်းကျဉ်းတစ်နေရာ၌ ရထားတစ်စီးနှင့် စီးချင်းဆုံနေရာ ထိုရထားမှူးက လမ်းမဖယ်ပေးချေ။ ထို့ကြောင့် ရထားမှူးကို နှင်တံနှင့် လှမ်းရိုက်သည်။ နှင်တံသည် ရထားမှူးကို မရိုက်မိဘဲ မိမိနဖူးကိုသာ ရိုက်မိသည်။ ဤသည်ကိုပင် ရထားမှူးက ရိုက်မိသည်ဟု မင်းကြီးထံတိုင်၍ တရားစွဲလေလျှင် သေသေချာချာ စစ်ဆေးသောအခါ သူသာ ရှုံးသွားသည်။ ထိုအကြောင်းနှင့် စပ်၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် ထိုမင်း၏တရားရေးအမတ် ဖြစ်လေ၏။ တစ်နေ့တွင် ဗြဟ္မဒတ်မင်းကြီး၏ ပုရောဟိတ်သည် ရထားဖြင့် မိမိ အပိုင်စားရသော ရွာသို့ ထွက်လာခဲ့ရာ လမ်းကျဉ်းတစ်နေရာ၌ ရထားတစ်စီးနှင့် စီးချင်းဆုံနေ၏။ ထိုရထားမှူးက လမ်းမဖယ်ပေးသဖြင့် ရထားမှူးကို နှင်တံနှင့် လှမ်းရိုက်လိုက်၏။ နှင်တံသည် ရထားမှူးကို မရိုက်မိဘဲ မိမိနဖူးကိုသာ ရိုက်မိသည်။ ဤသည်ကိုပင် ရထားမှူးက ရိုက်သည်ဟု မင်းကြီးထံတိုင်၍ တရားစွဲ၏။ မင်းသည် ပုရောဟိတ်၏ လျှောက်ထားချက်ကို မိမိကိုယ်တိုင် တရားဆုံးဖြတ်ပေး၏။ အမှုကို တစ်စုံတစ်ရာ ကြားနာစစ်ဆေးခြင်း မရှိဘဲ လှည်းသမားကို ပြစ်ဒဏ်ပေးကာ လှည်းသမား၏ ပစ္စည်းအားလုံးကို သိမ်းယူစေသည်။

ထိုအခါ ဘုရားလောင်းအမတ်က 'မြတ်သော မင်းကြီး၊ အမှုကိုစစ်ဆေးခြင်း မပြုဘဲ အဆုံးအဖြတ် ပေးခြင်းသည် မသင့်ပါ၊ အချို့သူတို့သည် မိမိ့ကိုယ်ကို မိမိ သတ်သောလည်း သူတစ်ပါး သတ်ပါသည်ဟု စွဲဆိုလာကြပါလိမ့်မည်။ ရှေးဦးစွာ ဆိုလာသည့်စကားကို မယုံကြည်ရသေးပါ၊ မင်းတို့မည်သည် ကြားနာစစ်ဆေးပြီးမှ ဆုံးဖြတ်သင့်ပါသည်'ဟု လျှောက်တင်သည်။ ထိုအခါမှစ၍ နှစ်ဦးနှစ်ဖက်ကို စစ်ဆေးရာ ပုရောဟိတ်သည်ပင် ရှုံးနိမ့်သွားလေသည်။

ဇာတ်ပေါင်းသော် ယခင်ပုရောဟိတ်သည် ယခုပုရောဟိတ်၊ တရားရေးအမတ်သည် ဗုဒ္ဓ ဖြစ်လာသည်။

http://www.dhammadownload.com

သင်ခန်းစာ

လူ့လောကတွင် လူအများစုသည် သူတစ်ပါးအပေါ်၌ မာနထောင်လွှားကာ တရားလက်လွတ် ပြုတတ်ကြ၏။ ဒေါသအမျက်ပွား၍ သူတစ်ပါးအပေါ်၌ ရန်လို ပြုမူလျှင် မိမိသာ ခံရတတ်၏။ ပြဿနာတစ်ခု ရှိလာလျှင် ပြဿနာ၏ အရင်းအမြစ်ကို သိအောင် လေ့လာရာ၏။ နှစ်ဖက်စလုံးကို မေးမြန်းစစ်ဆေးပြီးမှသာ အဆုံးအဖြတ် ပေးသင့်ပါသည်။ စသော သင်ခန်းစာများကို ရရှိပါသည်။

၃-ပက္ကဂေါဓဇာတ်အကျဉ်းချုပ်(၃၃၃)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် တောလမ်းခရီး၌ ရရှိသော ဖွတ်ကင်ကို ဇနီးသည်အား မျှဝေမပေးဘဲ တစ်ယောက်တည်း စားပစ်သော လင်ယောကျ်ားကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် မင်း၏ ပညာရှိအမတ် ဖြစ်လေ၏။ မင်းကြီးသည် သားတော်အိမ်ရှေ့စံကမိမိအား ပုန်ကန်ခြားနားမှု ပြုလိမ့်မည်ဟု ယုံမှားသံသယရှိသဖြင့် သူကွယ်လွန်ခါမှ မင်းပြုရမည်ဟု တိုင်းပြည်မှ နှင်ထုတ်ရာ မင်းသားသည် မိမိမယားကို ခေါ်ယူ၍ ကာ တောရပ်၌ သွား၍ နေရလေသည်။

ခမည်းတော် နတ်ရွာစံပြီးခါနှင့်၌ ဗာရာဏသီသို့ ပြန်လာခဲ့ကြရာ လမ်းတွင် မုဆိုးတစ်ယောက်နှင့် တွေ့ကြ၏။ မုဆိုးသည် သူတို့နှစ်ယောက်လုံး ပင်ပန်းနွမ်းနယ်လာကြသည်ကို သိ၍ နှစ်ယောက်အတူ ဝေမျှစားကြရန် ဖွတ်ကင်တစ်ခု ပေးလိုက်၏။ ရေကန်တစ်ခုအနီးသို့ ရောက်သည့်အခါ မင်းသမီးသည် ဖွတ်ကင်ကို ညောင်ပုဒ္ဓဟေ၏ အကိုင်းအခက်တစ်ခု၌ ချိတ်ဆွဲထားခဲ့ပြီး မင်းသား၏ စေခိုင်းချက်ကြောင့် ရေကန်မှ ရေကိုယူရန် ထွက်သွားခဲ့၏။ ထိုအချိန်၌ မင်းသားသည် ဖွတ်ကင်ကို သူတစ်ဦးတည်း စားပစ်ပြီး အမြီးဖျားပိုင်းကလေးတစ်ခုသာ ချန်ထားလိုက်သည်။

http://www.dhammadownload.com

မင်းသမီးပြန်ရောက်လာသော် သူက 'ရှင်မ၊ ဖွတ်ကင်သည် ညောင်ခက်မှ ဆင်း၍ တောင်ပို့ထဲသို့ ပြေးဝင်သွား၏။ ငါပြေး၍ မိရာကို ဖမ်းဆွဲရာ ကိုင်မိသော အမြီးဖျားသာ ပြတ်ကျန်ခဲ့သဖြင့် ဤအမြီးဖျားကိုသာ ရလိုက်သည်'ဟုဆို၏။ မင်းသမီးက တစ်စုံတစ်ရာ စောကြောခြင်းမပြုဘဲ 'ဖွတ်ကင် ပြေးသွားခဲ့လျှင် မည်သို့ တတ်နိုင်ပါမည်နည်း'ဟုသာ ဆို၏။ ထို့နောက် ရေကို အဝသောက်၍ ခရီးဆက်ခဲ့ကြလေ၏။ မင်းသားသည် ထီးနန်းကို သိမ်းပိုက်ပြီးချိန်၌ မင်းသမီးကို မိဖုရားကြီးအရာ၌ ထားသော်လည်း ခြံမြဲစွာ့ထောက်ပံ့မှုနှင့် ကြင်နာမြတ်နိုးမှုတို့ကား အလျင်းမရှိချေ။

ထိုအခါ ပညာရှိအမတ်သည် မင်းမိဖုရား နှစ်ပါးလုံး ညီလာခံနေရာသို့ ဝင်ပြီးလျှင် မိဖုရားကြီးအား မိမိအား ပေးကမ်းခြီးမြှင့်ရန် တောင်းဆို၍ စကားစ, ပေးလိုက်၏။ ဤတွင် မိဖုရားကြီးက အပြန်လမ်းခရီးတွင် ပြောခဲ့သောစကားများနှင့် တကွ လက်ရှိ အခြေအနေအားလုံးကို ပြန်ပြော၏။ သူမ၏ စကားဆုံးသည်နှင့် ပညာရှိအမတ်က 'မြတ်သောမင်းကြီး၊ လင် ဆင်းရဲသောကာလ၌ ဆင်းရဲ၍ လင် ချမ်းသာသောကာလ၌ ချမ်းသာသော မယားသည်သာ မယားမြတ်ဖြစ်ပါသည်။ ဥစ္စာရွှေငွေပေါများခြိန်၌ ရလာသော မယားကိုကား ခြီးမွမ်းဖွယ်ရာ မရှိပါ' ဟု လျှောက်လိုက်၏။ ထိုအခါ မင်းကြီးသည် မိဖုရားကြီး၏ဂုဏ်ကျေးဇူးကို အမှတ်ရမိလိုက်၍ မိဖုရားကြီးအား များစွာသောစည်းစိမ်ကို ပေးအပ်လေသည်။

ဇာတ်ပေါင်းသော် ဗာရာဏသီမင်းသည် ယခု သူကြွယ်၊ မိဖုရားသည် သူကြွယ်၏ဇနီး၊ ပညာရှိအမတ်သည် ဗုဒ္ဓ ဖြစ်လာသည်။

သင်ခန်းစာ

မိမိလင်ယောကျ်ားအပေါ်၌ ဆင်းရဲချမ်းသာ အတူမကွာ သစ္စာစောင့်သိသော မယားသည်သာ မယားမြတ် ဖြစ်၏။ လင်ယောကျ်ားသည် ဇနီးမယားအား ကြင်နာမြတ်နိုး၍ ပေးကမ်းခြီးမြှင့်မှု ရှိသင့်၏။ လင်မယားဟူသည် အေးအတူပူအမျှ ရှိသင့်သည်။ စသော သင်ခန်းစာများ ရရှိပါသည်။

http://www.dhammadownload.com

၄-ရာဇောဝါဒဇာတ်အကျဉ်းချုပ်(၃၃၄)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ကောသလ မင်းအား ဆုံးမခြင်းကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ပြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်း သည် ပုဏ္ဏားမျိုး၌ ဖြစ်၍ အရွယ်ရောက်ချိန်၌ ရသေ့ပြုပြီးလျှင် သစ်သီးကြီးငယ် များကို စားသုံးလျက် ဟိမဝန္တာ၌ နေ၏။ ထိုအချိန်တွင် မင်းသည် မိမိအား အပြစ် စကားပြောဆိုသူကို ပြည်အဝန်း၌ ရုပ်ဖျက်၍ ရှာဖွေစူးစမ်းရာ တစ်စုံတစ်ယောက် မျှ မတွေ့ရ၍ ဟိမဝန္တာ၌ ရှိလိုရှိငြား ဝင်ရောက်ရှာဖွေရာတွင် ဘုရားလောင်းရသေ့ နှင့် ဆုံတွေ့လေသည်။

ရသေ့ကြီးသည် ရောက်လာသော ဧည့်သည်အား ညောင်သီးမှည့်များ နှင့် သောက်ရေပေး၍ ဧည့်ဝတ်ပြု၏။ ညောင်သီးသည် လွန်စွာပင် ချိုမြိန်လှသ ဖြင့် မင်းကြီးက 'ဤညောင်သီးသည် အဘယ့်ကြောင့် သည်မျှ ချိုမြိန်ရပါသနည်း' ဟုမေးရာ ရသေ့ကြီးက 'မင်း တရားစောင့်၍ ဖြစ်ပါသည်။ မင်းတရားစောင့်လျှင် တစ်နိုင်ငံလုံးရှိ မြေဆီလွှာများ ဩဇာတက်၍ သစ်သီးဝလံများလည်း အရသာ ထက်ပါသည်။ မင်းတရားပျက်ချိန်၌မူ တစ်တိုင်းပြည်လုံး ယုတ်လျော့ ပျက်ပြယ် ကြရသည်'ဟု ပြောပြသည်။

မင်းကြီးသည် ဗာရာဏသီသို့ ပြန်ရောက်သောအခါ ရသေ့ကြီး စကား မှန်, မမှန်ကို လက်တွေ့စမ်းသပ်၏။ နိုင်ငံကို 'အဓမ္မ' နည်းဖြင့် ယာယီ အုပ်ချုပ် ကြည့်၏။ ထို့နောက် ရသေ့ကြီးထံသို့ ပြန်သွားသည့်တစ်ခါ ရသေ့ကြီး တည်ခင်း သော ညောင်သီးမှည့်သည် မချိဘဲ ခါးသက်နေ၏။ 'ထို့' ခနဲ ထွေးထုတ်ပစ်ပြီး 'အရှင်ဘုရား၊ ဤညောင်သီးကား ခါးပါသည်' ဟု ဆိုသောအခါ ရသေ့ကြီးက 'မင်း တရား မစောင့်၍ ဖြစ်ပါလိမ့်မည်' ဟု မိန့်ကြားလိုက်ရာ မိမိသည် မင်းဖြစ် ကြောင်းကို ရသေ့ကြီးအား လျှောက်ထားကာ 'အရှင်ဘုရား၊ ရှေးယခင်က ဤ ညောင်သီးမှည့်ကို ချိုစေခဲ့သည်မှာ မိမိသာဖြစ်၏။ ယခု ခါးစေသူမှာလည်း မိမိ ပင် ဖြစ်၏။ ယခု ပြန်၍ချိုလာအောင် ပြုပါမည်'ဟု လျှောက်ထားခဲ့ပြီးလျှင် ရသေ့

http://www.dhammadownload.com

ကြီးအား ရှိခိုး၍ ဟိမဝန္တာမှ ထွက်လာခဲ့လေသည်။

ဇာတ်ပေါင်းသော် မင်းသည် အရှင်အာနန္ဒာ၊ ရသေ့သည် ဗုဒ္ဓ ဖြစ်လာသည်။

သင်ခန်းစာ

မင်း တရားစောင့်လျှင် တိုင်းပြည်သာယာဝပြောကာ မိုး လေ, ရာသီဥတု မှန်ကန်၍ မြေဩကောင်းမွန်သဖြင့် သစ်သီးဝလံများ အရသာ ထက်ပါသည်။ မင်း တရားပျက်သောအခါ မကောင်းသော ကံကို အကြောင်းပြု၍ ရာသီဥတု ဖောက်ပြန်သဖြင့် သစ်သီးဝလံများ အရသာ ယုတ်လျော့တတ်ပါသည်။ မင်း တရားစောင့်မှသာလျှင် တိုင်းပြည်ခေါင်းဆောင်ကောင်းကိုမှီ၍ ပြည်သူများ ချမ်းသာခြင်း အကျိုးကို ခံစားနိုင်မည်။ စသော သင်ခန်းစာများ ရရှိပါသည်။

၅-ဇမ္ဗုကဇာတ်အကျဉ်းချုပ်(၃၃၅)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဘုရားရှင်ကို အတုယူ၍ ပြုမူသော ဒေဝဒတ်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် ဟိမဝန္တာဝယ် ခြင်္သေ့မျိုး၌ ဖြစ်လေ၏။ တစ်နေ့တွင် ကျွဲကို သတ်စားပြီး၍ ပြန်လာခဲ့သော ခြင်္သေ့ကြီးသည် လမ်းတွင် မြေခွေးတစ်ကောင်နှင့် ဆုံတွေ့ရာ ရှောင်ပြေးခြိန် မရလိုက်သော မြေခွေးသည် ခြင်္သေ့ကြီးရှေ့မှောက်တွင် ပြားပြားဝပ်နေလိုက်၏။ ခြင်္သေ့ကြီးက အကြောင်းကို မေးသည်တွင် 'အရှင့်ကို ခစားလို၍ ဖြစ်ပါသည်'ဟု ဆိုသောကြောင့် မြေခွေးကို မိမိ၏ လိုဏ်ဂူရှိရာသို့ ခေါ်လာကာ မိမိ၏စားကြွင်းစားကျန်များကို ကျွေးမွေးထား၏။ ကြာသော် မြေခွေးသည် ဆူဖြိုးလာပြီး မာနများ ဝင်လာ၏။ တစ်နေ့တွင် ခြင်္သေ့ထံ သွား၍ 'အရှင်သည် အကျွန်ုပ်ကို နေ့စဉ်မပြတ် ကျွေးမွေးလာခဲ့သည်မှာ ကြာပြီ၊ ယနေ့ အရှင်သည် အပြင်မထွက်ဘဲ သည်မှာပင် နေပါလော့၊ အကျွန်ုပ်သည် ဆင်တစ်စီးကို သတ်

http://www.dhammadownload.com

၍ အရှင့်အတွက် အသားများ ယူလာခဲ့ပါမည်'ဟု ဆိုသည်။

ထိုအခါ ခြင်္သေ့ကြီးက 'သင်သည် မိမိနှင့် မလျော်သော အမှုကို မလုပ်ချင်သင့်၊ သင်သည် ဆင်ကို နှိုင်နင်းသော မျိုးနွယ်ထဲက မဟုတ်။ သင်စားလိုလျှင် ငါကပင် သတ်ပေးမည်'ဟု ကျိုးကြောင်းပြ၍ တားမြစ်၏။ မြေခွေးက နားမဝင်ဘဲ ဂူထဲမှ အတင်းထွက်သွားကာ မြေခွေးသံဖြင့် သုံးကြိမ် ဟောင်သွား၏။ မြေခွေးသည် တောင်ထိပ်ပေါ်မှရပ်၍ ကြည့်လိုက်ရာ တောင်အောက်ခြေတွင် သွားနေသော ဆင်မည်းကြီး တစ်စီးကို မြင်လိုက်ရာ 'ဆင်ဦးကင်း ပေါ်သို့ ကျစေအံ့'ဟု လှမ်းခုန်ဆင်းလိုက်၏။ သို့သော် ဆင်ဦးကင်းပေါ် မကျဘဲ ဆင်ကြီး၏ခြေရင်းသို့ ကျသွားသဖြင့် ဆင်ကြီးသည် မြေခွေး၏ ဦးခေါင်းကို နင်းခွဲပစ်ခဲ့ပြီးနောက် ထိုနေရာမှ ထွက်ခွာသွားသည်။

ဇာတ်ပေါင်းသော် မြေခွေးသည် ဒေဝဒတ်၊ ခြင်္သေ့သည် ဗုဒ္ဓဖြစ်လာသည်။

သင်ခန်းစာ

အသိပညာမဲ့သော လူမိုက်တို့မှာ အမှီကောင်းရှိ၍ တိုးတက်ကြီးပွားလာလျှင် မာန်မာနတက်တတ်ကြ၏။ အင်အားကြီးသူကို မှီခိုရလျှင် မိမိ၌လည်း ထိုသို့သော စွမ်းအားမျိုးရှိသည်ဟု မိုက်မဲစွာ ယူဆပြီး ထင်ရာပြုမူတတ်ကြ၏။ မတန်မရာ တုပလျှင် ဘေးတွေ့ရတတ်သဖြင့် ပညာရှိတို့၏ ဆုံးမမှုကို လိုက်နာသင့်ပါသည်။ စသော သင်ခန်းစာများ ရရှိပါသည်။

၆-ဗြဟာဆတ္တဇာတ်အကျဉ်းချုပ်(၃၃၆)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် လူအထင်ကြီးအောင် ကျင့်ကြံတတ်သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် ထိုမင်း၏ ပညာရှိအမတ် ဖြစ်လေ၏။ တစ်နေ့တွင် ဗာရာဏသီမင်းသည် ကောသလမင်း၏ သာဝတ္ထိပြည်ကို တိုက်ခိုက်သိမ်းပိုက်ရာ မင်းနှင့်ပြည်ကို ဖမ်း

http://www.dhammadownload.com

ဆီးရမိခဲ့၏။ သားတော် 'ဆတ္တ'သည် တိမ်းရှောင် ထွက်ပြေးသွားပြီး တက္ကသိုလ် ပြည်၌ အတတ်ပညာအလုံးစုံကို သင်ယူတတ်မြောက်ခဲ့၏။ ထိုမှထွက်လာခဲ့ရာ ရသေ့ငါးရာနှင့် ဆုံတွေ့သဖြင့် ရသေ့ပြုလိုက်၏။ ဆတ္တရသေ့သည် ဘက်စုံပညာ တတ်ကျွမ်းသူဖြစ်၍ မကြာမီ ထိုရသေ့အဖွဲ့၏ ဂိုဏ်းဆရာ ဖြစ်သွားလေသည်။

တစ်နေ့၌ ဆတ္တရသေ့ ခေါင်းဆောင်သော ရသေ့များသည် ဗာရာဏသီသို့ ခရီးထွက်ခဲ့ကြပြီး မင်းဥယျာဉ်တွင် တည်းခိုကြ၏။ ထိုအချိန်၌ ဗာရာဏသီမင်းသည် သာဝတ္ထိပြည်ကို အမှုထမ်းများနှင့် အုပ်ချုပ်စေပြီး ဗာရာဏသီသို့ ပြန်လာကာ သာဝတ္ထိပြည်မှ သိမ်းယူလာခဲ့သော ရတနာပစ္စည်းများကို ကြေးအိုးကြီး ဖြင့်ထည့်၍ ဥယျာဉ်မြေထဲ၌ မြှုပ်နှံထား၏။ နောက်နေ့နံနက်၌ ရသေ့များသည် မြို့တွင်းသို့ ဆွမ်းခံဝင်ကြရာ ဗာရာဏသီမင်းက ကြည်ညိုသဖြင့် နန်းဆောင်ပေါ်သို့ပင့်၍ ဆွမ်းကျွေးလှူဒါန်းကာ သိလိုသည့် ပြဿနာများကို မေးလျှောက်၏။ အမေးပုစ္ဆာများကို ဆတ္တရသေ့ကချည်း ဖြေဆိုသဖြင့် ပို၍ကြည်ညိုလာပြီး ဥယျာဉ်၌ သီတင်းသုံးနေထိုင်ကြရန် ရသေ့များအား လျှောက်ထားသည်။

ဆတ္တရသေ့ကား မြေမြှုပ်ဥစ္စာများကို ဖော်ထုတ်နိုင်သော မန္တရားကို တတ်မြောက်သဖြင့် မိမိခမည်းတော်၏ ဥစ္စာများ မြှုပ်နှံထားသည့်နေရာကို မန္တရားဖြင့် မန်း၍ကြည့်ရာ ဥစ္စာမြှုပ်ရာအရပ်ကို မြင်၏။ ထိုဥစ္စာများကို ပြန်ယူကာ ငါ၏ပြည်ကို ပြန်သိမ်းမည်'ဟု ကြံစည်ပြီးလျှင် ရသေ့များအား စည်းရုံးကာ ညပိုင်း၌ ဥယျာဉ်မြေထဲမှ ကြေးအိုးကြီးများကို ဖော်ထုတ်ကြပြီး အထဲမှ ရတနာများကို မိမိတို့၏ သားရေအိတ်ကြီးများထဲသို့ ပြောင်းထည့်ကြ၏။ အိုးထဲတွင် မြက်များဖြင့်ပြန်၍ ဖြည့်သိပ်ထားကြ၏။ ထို့နောက် သာဝတ္ထိပြည်သို့ ပြေးလာခဲ့ကြပြီး ဗာရာဏသီမှ မင်းမှုထမ်းများကို ဖမ်းယူ ဖယ်ရှားကြကာ သာဝတ္ထိပြည်ကို သိမ်းယူ၍ မင်းပြုလေ၏။ ထိုအချိန်၌ ဗာရာဏသီမင်းကြီးသည် ဥယျာဉ်ထဲရှိ ကြေးအိုးများကိုဖွင့်ကြည့်ကာ 'မြက်တွေချည်းပါကလား၊ မြက်တွေချည်းပါကလား' ဟု ညည်းတွားနေရာ ပညာရှိအမတ်က ကျိုးကြောင်းပြ၍ လျှောက်ထားသည်တွင် သောကစိတ်ပြေ၍ နှုတ်သဲလည်း ဆိတ်သွားလေသည်။

http://www.dhammadownload.com

ဇာတ်ပေါင်းသော် ဆတ္တသည် အံဖွယ်သရဲကို ဖြစ်စေတတ်သောရဟန်း၊ ပညာရှိအမတ်သည် ဗုဒ္ဓ ဖြစ်လာသည်။

သင်ခန်းစာ

ဇွဲရှိခြင်းသည် အောင်မြင်ခြင်း၏ အကြောင်းဖြစ်၏။ ဉာဏ်ပညာ, အကျင့်သီလ, သည်းခံခြင်းနှင့်ယှဉ်သော ဝီရိယသည် အကျိုးစီးပွားအလုံးစုံကို ပြီးမြောက်စေနိုင်၏။ ကြီးမြင့်တိုးတက်လိုသော အကြံရှိလျှင် ပညာဉာဏ်ကို ရှေ့ထားကာ ဥပါယ်တမျဉ်၊ ပရိယာယ်ကိုသုံး၍ မပေါ့မလျော့ဘဲ ကြီးစွာသော လုံ့လဝီရိယတို့ဖြင့် ဆောင်ရွက်ပါက အောင်မြင်ပြီးမြောက်နိုင်၏။ စသော သင်ခန်းစာများ ရရှိပါသည်။

၇-ပီဌဇာတ်အကျဉ်းချုပ်(၃၃၇)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ကျေးလက်တောရွာမှ အာဂန္တုရဟန်းတို့အား ဂရုစိုက်သည်ဟု ကြားရသဖြင့် ထိုအိမ်များသို့ ဆွမ်းခံဝင်ရာ အခွံန်စောလွန်းသဖြင့် ယာဂု မရပေ။ တစ်ဖန် ဆွမ်းခံဝင်ပြန်သော်လည်း အခွံန်လွန်သွားသဖြင့် မရပြန်ပေ။ ဤတွင် ထိုရဟန်းသည် အနာထပိဏ်သူဌေးနှင့် ဝိသာခါတို့ သဒ္ဓါတရားမရှိဟု ကဲ့ရဲ့စကားဆိုခြင်းကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ငြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ ဖြစ်၍ အရွယ်ရောက်သော် ရသေ့ပြုကာ ဟိမဝန္တာတွင် နေ၏။ တစ်နေ့တွင် ချဉ်, ဆား မှီဝဲရန် ဗာရာဏသီသို့ လာခဲ့ရာ မင်းဥယျာဉ်၌ တည်းခိုပြီးလျှင် သဒ္ဓါတရား ကြီးမားသည်ဟု သတင်းကြီးလွန်းသော ဗာရာဏသီသူဌေးအိမ်ရှေ့၌ သွားရောက်၍ ဆွမ်းရပ်၏။ ထိုအခွံန်၌ သူဌေးကြီးသည် မင်းကြီးထံ အခစားဝင်နေ၍ အိမ်တွင်မရှိ။ အိမ်ထဲမှ လူများသည်လည်း ရသေ့ကြီးကို မမြင်မိကြ။ ရသေ့ကြီးသည် ထိုအိမ်ရှေ့မှ ထွက်လာရာ အိမ်သို့ပြန်လာခဲ့သော သူဌေးကြီးက လှမ်းမြင်လိုက်သဖြင့် ရသေ့ကြီးနောက်သို့ ပျာပျာသလဲလိုက်လာပြီး ရှိခိုး

http://www.dhammadownload.com

သည်။ သပိတ်ကို လှမ်းယူ၍ အိမ်ထဲသို့ကြွပါရန် ပင့်ဆောင်သည်။

ဆွမ်းကပ်ပြီးချိန်၌ သူဌေးကြီးက 'အရှင်ဘုရား၊ အကျွန်ုပ်၏ အိမ်ရှေ့သို့ ရောက်လာသော သူတောင်းစားဖြစ်စေ၊ ရဟန်းပုဏ္ဏားများဖြစ်စေ ပူဇော်သက္ကာရ မရဘဲ ပြန်ထွက်သွားရသည့် အဖြစ် မရှိစဖူးပါ၊ ယနေ့ အကျွန်ုပ်၏ ကလေးငယ်များသည် အရှင်ဘုရားကို မမြင်မိခဲ့ကြသောကြောင့် နေရာပေးခြင်း၊ သောက်ရေပေးခြင်း စသောဝတ်များ ပျက်ကွက်ကြရပါသည်။ ဤသည်မှာ အကျွန်ုပ်တို့၏ အပြစ်သာဖြစ်ပါသည်။ ဤအပြစ်များကို သည်းခံခွင့်လွှတ်တော်မူပါ'ဟု လျှောက်ထားရာ ရသေ့ကြီးက 'ဤကိစ္စနှင့် ပတ်သက်၍ ငါသည် အမျက်လည်း မထွက်၊ မုန်းခြင်းလည်း မဖြစ်၊ စိတ်၌လည်း တစ်စုံတစ်ရာ အမှတ်တေးထားခြင်း မရှိပါ' ဟု ပြန်ကြားလိုက်သည်။

ဇာတ်ပေါင်းသော် ဗာရာဏသီသူဌေးသည် အရှင်အာနန္ဒာ၊ ရသေ့သည် ဗုဒ္ဓ ဖြစ်လာသည်။

သင်ခန်းစာ

စေတနာ သဒ္ဓါတရားရှိသူသည် မိမိအိမ်သို့ ရောက်လာသော အလှူခံပုဂ္ဂိုလ်တို့အား အယုတ်, အမြတ်မရွေး တတ်အားသမျှ ပေးကမ်းလှူဒါန်းကြ၏။ သူတော်ကောင်းသည် သဒ္ဓါတရားမရှိသူ၊ အခါအခွင့်မသင့်၍ မပေးလှူကြသူတို့အပေါ်၌ ကဲ့ရဲ့စကားဆိုခြင်း၊ အမျက်ထွက်ခြင်း၊ မုန်းတီးခြင်း မရှိ၊ စိတ်ထားမှန်ကန်ကြ၏။ စိတ်ထားမှန်ခြင်းသည်သာ သူတော်ကောင်းတို့၏ ဥစ္စာဖြစ်၍ အကျင့်မြတ်ကို ကျင့်ကြသော ရသေ့ရဟန်းတို့သည်လည်း စိတ်ထားကို မှန်မှန်ကန်ကန်ထားသင့်ကြ၏။ စသော သင်ခန်းစာများ ရရှိပါသည်။

၈-ထုသဇာတ်အကျဉ်းချုပ် (၃၃၀)

ဘုရားရှင်သည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဗိမ္ဗိသာရမင်းကြီးသည် ဘုရားရှင်နှင့် သံယာတော်များအား ဆွမ်းကျွေးပြီးနောက် တရားနာယူနေစဉ် အဇာတသတ်မင်းသားငယ်ကို ပေါင်ပေါ်တွင်တင်လျက် ကလူကျီစယ်နေ

http://www.dhammadownload.com

၏။ တရားတော်၌ပင် အာရုံသက်ဝင်ခြင်း မရှိ။ ထိုအခါ ဘုရားရှင်က 'မင်းကြီး၊ ရှေးမင်းတို့သည် သားသို့ ရွံရှာကုန်လတ်သော် ရေမြေခြားအရပ်မှာ ထား၍ ငါသေလွန်မှ ခေါ်ယူ၍ မင်းအဖြစ်ကို ပေးကြကုန်'ဟု မှာထားကြသည်ဟု မိန့်တော်မူကာ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် တက္ကသိုလ်ပြည်၌ ဒိသာပါမောက္ခဆရာကြီး ဖြစ်၍ သူထံ၌ ဗာရာဏသီမင်း၏သားတော် ပညာသင်ယူနေ၏။ ပညာစုံ၍တိုင်းပြည်ပြန်တော့မည့် မင်းသားကို အင်္ဂါဝိဇ္ဇာပညာဖြင့်ကြည့်ရာ နောင်တစ်ချိန်၌ သားကြောင့် အန္တရာယ်ရောက်နိုင်ကြောင်းကို တွေ့ရှိ၍ အန္တရာယ်ကင်းဂါထာလေးပုဒ် သင်ပေးလိုက်၏။မင်း ဖြစ်၍ သားတော်ထွန်းကားပြီး တစ်ဆယ့်ခြောက်နှစ်ပြည့်ချိန်မှစ၍ ပထမဂါထာကို ထမင်းစားစဉ်၊ ဒုတိယဂါထာကို ညီလာခံကျင်းပစဉ်၊ တတိယဂါထာကို ပြာသာဒ်စောင်းတန်းဦး၌ ရပ်လျက်၊ နောက်ဆုံးဂါထာကို အိပ်ရာတိုက်ခန်းအဝင် တံခါးခုံ၌ရပ်လျက် ရွတ်ဆိုရန် မှာကြားလိုက်သည်။

ထိုမင်းသား ဘုရင်ဖြစ်၍ သားတော် တစ်ဆယ့်ခြောက်နှစ်အရွယ်၌ သားတော်သည် ပို့ရွယ်စဉ်ကပင် မင်းအဖြစ်ကို ရယူလို၏။ ထို့ကြောင့် ခမည်းတော်ကို ညစာပွဲတော်၌ အဆိပ်ခတ်၍ သတ်မည်ဟု ရည်ရွယ်၍ အဆိပ်ဆေးကို ကိုင်၍နေစဉ် မင်းကြီးသည် ထမင်းခွက်ကို လက်နှင့် မထိသေးဘဲ 'ကြွက်များသည် အမှောင်ထဲ၌လည်း ဖွဲနှင့် ဆန်ကို ခွဲခြားသိကြ၏။ ဖွဲကို ဖယ်ရှား၍ ဆန်ကိုသာ ရွေးစားကြသည်'ဟု အဓိပ္ပာယ်ရသော ပထမဂါထာကို ရွတ်ဆိုလိုက်ရာ မင်းသားသည် သူ့စိတ်အကြံကို ခမည်းတော်သိပြီထင်၍ အဆိပ်မထည့်ဝံ့တော့ဘဲ ထွက်ပြေးလာခဲ့သည်။

ရက်များမကြာမီ မင်းသားသည် ညီလာခံသို့ သန်လျက်ကို ဝှက်၍ ဝင်လာပြီး ခမည်းတော်ကို လုပ်ကြံရန် စောင့်နေစဉ် မင်းကြီးသည် 'ငါ့ကို သတ်ရန်ကြံစည်၍ စောင့်နေခြင်းကို ငါသိသည်' ဟု အဓိပ္ပာယ်ရသော ဒုတိယဂါထာကို ရွတ်ဆိုလိုက်ရာ မင်းသား ထွက်ပြေးပြန်၏။ တစ်ပတ်ခန့်အကြာတွင် ခမည်းတော်

http://www.dhammadownload.com

ကို လုပ်ကြံရန် စောင်းတန်းဦးမှ စောင့်နေပြန်၏။ ပြာသာဒ်ပေါ် သို့ တက်လာသော မင်းကြီးသည် စောင်းတန်းဦး၌ရပ်၍ 'ဖခင်မျောက်ကြီးသည် သားမျောက်ငယ်၏ မိုးစေ့ကို သွားဖြင့် ကိုက်ဖြတ်ပြီး ဖိုသဘာဝကို ဖျက်ဆီးပစ်ခဲ့သည်'ဟု အဓိပ္ပာယ်ရသော တတိယဂါထာကို ရွတ်ဆိုရာ မင်းသား ထွက်ပြေးခဲ့ရပြန်သည်။

ထို့နောက် မင်းသားသည် ခမည်းတော်အား လုပ်ကြံရန် အိပ်ရာတိုက်ခန်း ပလ္လင်အောက်၌ ဝင်ပုန်း၍ စောင့်နေ၏။ မင်းကြီးသည် အိပ်ရာတိုက်ခန်းအဝင် တံခါးခုံ၌ ရပ်လျက် 'သင်ဟာ မုန်ညင်းခင်းထဲ ဝင်တဲ့ဆိတ်လို လှုပ်ရှားနေတယ်။ ပလ္လင်အောက်မှာ ရောက်နေတာ ငါသိတယ်'ဟု ရွတ်ရာ မင်းသားထွက်လာပြီး ခွင့်လွှတ်ပါရန် တောင်းပန်၏။ ထိုအခါ မင်းကြီးသည် အဖြစ်စုံကို သိပြီး မင်းသားကို အကျဉ်းချထားကာ မင်းကြီး နတ်ရွာစံမှ ထီးနန်းကို အပ်နှံစေလေသည်။

ဇာတ်ပေါင်းသော် ဒီသာပါမောက္ခသည် ဗုဒ္ဓ ဖြစ်လာသည်။

သင်ခန်းစာ

အာစရိယဂုဏ်နှင့် ပြည့်စုံသော ဆရာတို့သည် တပည့်ဖြစ်သူ၏ ကောင်းကျိုးကိုသာ လိုလားကြ၏။ ဘေးရန်ကင်းရှင်းစေရန် မေတ္တာရှေ့ရှု၍ စောင့်ရှောက်တတ်၏။ မြော်မြင်ပညာရှိ၍ နည်းလမ်းညွှန်ပြတတ်သော ဆရာ၏စကားကို မြေဝယ်မကျ နားထောင်လိုက်နာလျှင် အန္တရာယ် ကင်းရှင်း၏။ စသော သင်ခန်းစာများ ရရှိပါသည်။

၉-ဗာဝေရုဇာတ်အကျဉ်းချုပ်(၃၃၉)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ယခင် လာဘ်ပေါများနေခဲ့သော နာဋပုတ္တနှင့် တိတ္တိများ ဗုဒ္ဓမြတ်စွာ ပေါ်ထွန်းလာသောအခါ လာဘ်တိတ်ကုန်ခြင်းကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် ဥဒေါင်းငှက်မိုးဒ်၌ ဖြစ်လေ၏။ ထိုအခါ ဗာရာဏသီမှ ကုန်သည်အချို့သည် 'ဗာဝေရု'တိုင်းသို့ လှေဖြင့်သွား၍ ကုန်ရောင်းကြ၏။ တစ်နေ့တွင် ငှက်ကို မမြင်

http://www.dhammadownload.com

ဖူးသော ထိုတိုင်းသားများအား ပြရန် ဒိသကာက ကျီးတစ်ကောင်ကို ယူသွားခဲ့ကြရာ ဘဝေရုတိုင်းသားများသည် ထိုကျီးကို ခြီးမွမ်းအံ့သြကြလျက် ငွေအသပြာတစ်ရာပေး၍ ဝယ်ယူထားလိုက်ကြ၏။ ထို့နောက် ရွှေခြုံငှက်တွင်ထည့်၍ ငါး, အမဲ, သစ်သီးတို့ဖြင့် ကျွေးမွေးပြုစုထား၏။ အခြားငှက်များ မရှိသည့်အရပ်တွင် ကျီးသည် အလျှံပယ်ပေါများသော လာဘ်လာဘများနှင့် ကြီးပွားနေလေသည်။

ထိုကုန်သည်များသည် နောက်တစ်ခေါက် သွားကြသောအခါ ဥဒေါင်းတစ်ကောင်ကို ဖမ်းယူ၍ လက်ဖျစ်တီးသံဖြင့် တွန်ကျူးတတ်အောင်၊ လက်ခုပ်တီးသံဖြင့် ကတတ်အောင် သင်ပြ၍ ယူသွားကြ၏။ ဘဝေရုတိုင်းသားများသည် ဥဒေါင်းကို မြင်ကြရသောအခါ ဝမ်းသာအားရ ဖြစ်ကုန်ကြပြီး အသပြာငွေတစ်ထောင်ပေးပြီး ဝယ်ယူထားလိုက်ကြပြန်၏။ ထိုဥဒေါင်းမင်းကို ရတနာခုနစ်ပါးတို့ဖြင့် စီခြယ်ထားသော လှောင်ခြုံငဲ့၌ ထည့်၍မွေးကြ၏။ အခြိန်အခါမရွေး စားသောက်နိုင်စေရန် သစ်သီးစုံ၊ ပျား၊ ပေါက်ပေါက်၊ သကြားနှင့် အဖျော် စသည်တို့ကိုလည်း ပေးထားကြသည်။

ဥဒေါင်းမင်း ရောက်လာခြိန်မှစ၍ ကျီးကို ဂရုစိုက်သူများ မရှိတော့။ ကျီးသည်လာဘ်သပ်ပကာများ ဆုတ်ယုတ်သွားပြီး နောက်ဆုံးတွင် အစာရေစာ ပေးကမ်းသူ မရှိတော့သဖြင့် မစင်စွန့်ရာမြေပြင်၌ ရှာဖွေစားသောက်ရင်း မိမိအသက်ကို ထိန်းကျောင်းသွားရသည်။

ဇာတ်ပေါင်းသော် ကျီးသည် နိဂဏ္ဌနာဋပုတ္တ၊ ဥဒေါင်းမင်းသည် ဗုဒ္ဓ ဖြစ်လာသည်။

သင်ခန်းစာ

ဒေါင်းမရှိသောအရပ်၌ ကျီးက လူကဲလူစွာ လုပ်သကဲ့သို့ ပညာမဲ့သော သူမိုက်သည် ပညာရှိများ မရှိသောအရပ်၌ ငါသာ ပညာရှိဟု မိုးမမြင် လေမမြင် ထောင်လွှားတတ်၏။ ခြီးမြှင့်မြောက်စားခံရလျှင် မာန်မာန တက်တတ်ကြ၏။ ပညာရှိရောက်လာလျှင် လူမိုက်များ မတွင်ကျယ်ကြတော့ပေ။ စသော သင်ခန်းစာများ ရရှိပါသည်။

http://www.dhammadownload.com

၁၀-ဝိသယှဇာတ်အကျဉ်းချုပ်(၃၄၀)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် အနာထပိဏ်သူဌေး၏ မတုန်လှုပ်သော သဒ္ဓါတရားကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် ကုဋေရှစ်ဆယ်ကြွယ်ဝသော ဝိသယှသူဌေးကြီး ဖြစ်၍ ပဥ္စသီလနှင့်ပြည့်စုံကာ အလှူဒါနပေးမှုတို့၌ အလေ့ထုံ၏။ သူ၏အာနုဘော်ကြောင့် သိကြားမင်း ဘုံဝိမာန်သည် တုန်လှုပ်၍ ပဏ္ဏာကမွှလာသည်လည်း ပူပြင်းလာရ၏။ ထိုအခါ သိကြားမင်းသည် အဘယ်သူသည် ငါ့ကို သိကြားမင်းနေရာမှ ရွှေ့လျောစေလိုဘိသနည်း' ဟု ဆင်ခြင်ကြည့်ရာ အလှူဒါနမှုတို့၌ အားကြီးလွန်းသော ဝိသယှသူဌေးကြီးကို မြင်တွေ့သွားလေသည်။

သိကြားမင်းသည် မိမိ ရာထူးစည်းစိမ်မှ ရွှေ့လျောမည်ကို စိုးရိမ်သဖြင့် သူဌေးကြီး အလှူ မလှူနိုင်အောင် သူဌေးကြီး၏ စည်းစိမ်ဥစ္စာများနှင့် ကျေးကျွန်အခြံအရံများကို တန်ခိုးဖြင့် ကွယ်ပျောက်စေ၏။ သို့သော် သူဌေးကြီးသည် ဒါနနှင့် ကင်းပြတ်၍ မနေနိုင်သဖြင့် လှူစရာပစ္စည်း တစ်စုံတစ်ရာ ရလိုရငြား ဇနီးဖြစ်သူအား ရှာဖွေခိုင်း၏။ ဇနီးက အိမ်အနှံ့ရှာဖွေရာ တံစဉ်, ထမ်းပိုးနှင့် မြက်စည်းသောကြိုးကိုသာ တွေ့ရ၍ မြက်ခင်းသို့ သွား၍ မြက်ရိတ်၏။ ရလာသည့် မြက်စည်းကို အသပြာတစ်ပဲဖြင့် ရောင်း၏။ ရောင်းရငွေကို ဆန်ဝယ်၍ ထမင်းချက်ပြုတ်ပြီးလျှင် တစ်ဝက်ကို မိမိတို့စားရန်ထား၍ ကျန်တစ်ဝက်ကို သူတောင်းစားများအား ပေးလှူ၏။ အလှူခံ၊ သူတောင်းစားတို့ များပြားလှသဖြင့် ကျန်သောထမင်းကိုလည်း ပေးလှူပြန်၏။ ထို့ကြောင့် သူတို့ ဇနီးမောင်နှံသည် ခြောက်ရက်တိုင် အစာအာဟာရ ပြတ်ကုန်ကြသည်။

ခုနစ်ရက်မြောက်နေ့၌ မြက်ထမ်း၍ ပြန်လာသော သူဌေးကြီးသည် မူး၍လဲကျသွား၏။ ထိုအခါ သိကြားမင်းသည် ကောင်းကင်ပေါ်၌ ရပ်၍ ' သူဌေး၊ သင်သည် ရှေးအခါက အလှူဒါနများ ပေးလှူခဲ့၍ ဥစ္စာပစ္စည်း ကုန်ခန်းခဲ့ရ၏။

http://www.dhammadownload.com

ဤအချိန်မှစ၍ နောက်ပိုင်းတွင် ဒါနမပြုဘဲနေလျှင် သင့်စည်းစိမ်ဥစ္စာများသည် တိုးပွားလာလိမ့်မည်'ဟု ဆို၏။ ဤတွင် သူဌေးကြီးက 'သိကြားမင်း၊ သင်သည် ကိုယ်တိုင်လည်း အလှူပေး၊ သီလလည်း ဆောက်တည်၊ ဥပုသ်လည်း စောင့်သုံးခဲ့ရုံမက ခုနစ်ပါးသော ကျင့်ဝတ်ကိုပါ ဖြည့်ကျင့်ခဲ့၍ သိကြားမင်းအဖြစ်ကို ရရှိခဲ့သူဖြစ်၏။ သို့ပါလျက် အလှူပေးခြင်းကို တားမြစ်နေသော သင်သည် ယုတ်မာလှချေ၏တကား'ဟု တုံ့ပြန်လိုက်သည်။

သိကြားမင်းသည် သူဌေးကြီးအား အလှူဒါနမပြုရန် တားမြစ်၍ မရနိုင်သဖြင့် အလှူဒါနပြုရခြင်း၏ အဓိကရည်ရွယ်ချက်ကို မေးမြန်း၏။ ထိုအခါ သူဌေးကြီးက မိမိသည် သိကြားမင်း၊ ဗြဟ္မာမင်းတို့၏ ဘဝကို တောင့်တ၍ အလှူဒါနပြုလုပ်ခြင်း မဟုတ်၊ သဗ္ဗညုတဉာဏ်တော်ကို ရလို၍သာ ဖြစ်သည်ဟု ပြန်ကြားလိုက်၏။ သိကြားမင်းသည် စိုးရိမ်စိတ်များ ပြေပျောက်ပြီး ကွယ်ဝှက်ထားခဲ့သော ကျေးကျွန်များနှင့်တကွ စည်းစိမ်များကိုပါ ပြန်လည်ပေးအပ်လိုက်သည်။

ဇာတ်ပေါင်းသော် သူဌေးကတော်သည် ရာဟုလာမယ်တော်၊ ဝိသယှသူဌေးသည် ဗုဒ္ဓ ဖြစ်လာသည်။

သင်ခန်းစာ

သူတော်ကောင်းတို့သည် အလှူဒါနနှင့် ကင်းပြတ်၍ မနေနိုင်ကြ၊ အလှူမပြုနိုင်ရန် သိကြားမင်းကပင် တားဆီး၍ မရ၊ တတ်အားသမျှ ပေးလှူကြ၏။ စည်းစိမ်အားလုံးထက် အလှူဒါနက မွန်မြတ်၏။ ပေးကမ်းစွန့်ကြဲခြင်းဟူသော ဒါနရှိမှသာလျှင် လူ, နတ်, နိဗ္ဗာန် ချမ်းသာကို ရနိုင်၏။ နောင်သံသရာအဖို့ကောင်းကျိုး လိုလားပါလျှင် အယုတ်အမြတ်မရွေး ပုဂ္ဂိုလ်တို့အား သဒ္ဓါစေတနာအပြည့်ဖြင့် လှူဒါန်းပေးကမ်း သင့်ပါသည်။ စသောသင်ခန်းစာများ ရရှိပါသည်။

❖ ❖ ❖ ❖ ❖

http://www.dhammadownload.com